ကြေးမုံ
The Mirror Daily
Established in 1957

### ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ တနင်္လာနေ့။ Monday, 26 October 2020 ၁၀၁၇၇

# ကြိုတင်ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာခြင်း

၁။ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပြီး မဲပေးခြင်းလုပ်ငန်းစဉ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များနှင့်အညီဖြစ်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သတ်မှတ်ရက်များတွင် ကြိုတင်ဆန္ဒမဲပေးရန် အကျုံးဝင်သည့် မဲဆန္ဒရှင်ပြည်သူများ၊ Quarantine Center များတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရသည့် မဲဆန္ဒရှင်ပြည်သူများ၊ အသက် ၆၀ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ဆန္ဒမဲပေးနိုင်မည့် အခွင့်အရေးမဆုံးရှုံးစေရန်အလို့ငှာ ကြိုတင်ဆန္ဒမဲပေးခြင်းကို ၂၉.၁၀.၂၀၂၀ ရက်နေ့မှစတင်၍ သတ်မှတ်နေရာများအလိုက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးနှင့် နေအိမ်များတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြိုတင်ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဖြစ်စေရေးအတွက် ဆန္ဒမဲပေးရာတွင် ပါးစပ်၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်လာရန်၊ Social Distancing နှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်ရန်နှင့် ကိုယ်အပူချိန်တိုင်းတာခြင်းလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင်လည်း ပါးစပ်၊ နှာခေါင်းစည်း (Mask)၊ Face Shield များ၊ ရေမလိုလက်သန့်ဆေးရည်များကိုလည်း စနစ်တကျသုံးစွဲနိုင်ရန် ထားရှိပေးမည်ဖြစ်ပါသည်။

၄။ နေအိမ်များတွင် ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်ပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျန်းမာရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးပစ္စည်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဆန္ဒမဲကောက်ယူသည့်နေရာအလိုက် စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ထပ်မံရောက်ရှိ




ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

ရန်ကုန် အောက်တိုဘာ ၂၅

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်များဖြင့် ယနေ့ ဆက်လက်ရောက်ရှိကြသည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ❐

ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ အပတ်စဉ် တင်ပြဆွေးနွေးပွဲ ကျင်းပ
စာမျက်နှာ » ၃

အမှတ်တရဖြစ်နေရသော ဆရာကြီး ဆရာမကြီးများ
စာမျက်နှာ » ၆

စီးဆင်းနေသော သမဝါယမမြစ်တစ်စင်း
စာမျက်နှာ » ၁၀

နျူကလီးယားလက်နက်များ တားမြစ်ရေး သဘောတူစာချုပ် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် စတင်အာဏာသက်ဝင်မည်
စာမျက်နှာ » ၁၂



ကြေးမုံ

## အသိတရား သတိထား၍ စည်းရုံးလှုပ်ရှား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမည့် မြို့နယ်အားလုံးတွင် ရွေးကောက်ပွဲများ တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် မဲဆန္ဒရှင်ပြည်သူအားလုံး သက်ဆိုင်ရာက ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်အညီ ဆန္ဒမဲပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးရန် လိုအပ်ပါကြောင်း အောက်တိုဘာလ ၂၄ ရက်နေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဓိကရည်ရွယ်ချက်မှာ ယခုအခါ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရန် ရက်သတ္တ တစ်ပတ်ကျော်သာလိုတော့သည့် အချိန်တွင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီအသီးသီး အထူးသဖြင့် အဓိကကျသည့်ပါတီများ၏ မြို့နယ်အလိုက် ပါတီအဖွဲ့အစည်းဝင်များ၊ ထောက်ခံဝန်းရံကြသူများသည် မိမိတို့ပါတီ၏ မဲဆွယ်စည်းရုံးမှုများကို ပိုမိုလှုပ်ရှားလှုံ့ဆော်လာကြရာ၌ အချို့အရပ်ဒေသများတွင် ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများနှင့်မညီညွတ်ဘဲ လှုပ်ရှားလုပ်ကိုင်နေကြသည်ကို မြင်တွေ့နေရပါသည်။

ထို့ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ညွှန်ကြားချက်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးစံလုပ်ငန်း လမ်းညွှန်များ၊ သက်ဆိုင်ရာက အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာအမိန့်များ၊ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံရေးပါတီများအနေဖြင့် လိုက်နာဆောင်ရွက်နိုင်ရန် ကြေညာချက် ထုတ်ပြန်အသိပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲအတွက် ပါတီများအနေဖြင့် မဲဆွယ်စည်းရုံးခြင်းကို စက်တင်ဘာလ ၈ ရက်နေ့ နံနက် ၆ နာရီမှ နိုဝင်ဘာလ ၆ ရက်နေ့ ည ၁၂ နာရီအထိ ရက်ပေါင်း ၆၀ ခွင့်ပြုကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာအသိပေးခဲ့သည်။ ထို့အပြင် မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့်အချက်များကို ပါတီများအား အသိပေးထားသည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလတွင် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းတို့ကို ပြုလုပ်ရာတွင် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်နှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းပေါ်မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ထက်မပိုစေဘဲ တစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ခြောက်ပေစီကွာလျက် နေရာချထားရန်၊ လေဝင်၊ လေထွက်ကောင်းသော နေရာတွင်ပြုလုပ်ရန် စသည့်အချက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်အသိပေးထားသည်။

သို့ရာတွင် အချို့မြို့နယ်ဒေသများ၌ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေးပြုလုပ်ရာတွင် သတ်မှတ်လူဦးရေထက်ကျော်လွန်ခြင်း၊ ထုတ်ပြန်ထားသည့် ကျန်းမာရေးစံများနှင့်မညီညွတ်ခြင်းတို့ကို တွေ့နေရသည်။ ရာနှင့်ချီသော လူစုလူဝေးများ စုပြုံပြီး စည်းရုံးလှည့်လည်နေကြသည်မှာ အန္တရာယ်ကို ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်စေသည်။ မဲဆွယ်စည်းရုံးလှုပ်ရှားကြသူများအနေဖြင့် မိမိတို့၏ စည်းကမ်းနှင့်မညီသည့် စည်းရုံးလှုပ်ရှားမှုများသည် ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်များကို အလေးမထားပြုလုပ်ရာရောက်သည့်အပြင် ယနေ့အချိန်အခါ၌ နိုင်ငံတစ်ဝန်းဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါကြောင့် ရောဂါကူးစက်ခံရသည့်ဝေဒနာရှင်များအား ကိုယ်ကျိုးစွန့်အနစ်နာခံကာ အစွမ်းကုန်ကုသပေးနေကြသော ကျန်းမာရေးဝန်ထမ်းများ၏ မွန်မြတ်သော စေတနာကိုလည်း နှောင့်ယှက်ရာရောက်ပါသည်။

ယခုအခါ ရွေးကောက်ပွဲကျင်းပရန် ရက်အနည်းငယ်သာလိုတော့ပြီး မဲဆွယ်စည်းရုံးခွင့်ကာလပြီးဆုံးရန် အချိန်ကာလအနည်းငယ်သာလိုပါတော့သည်။ ကျန်ရှိသောကာလတွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိတို့ပါတီဝင်များ၊ ပါဝင်ဝန်းရံအားပေးကြသည့် ပြည်သူများအား ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ အလေးထား လိုက်နာကြကာ ရွေးကောက်ပွဲတွင် မိမိတို့အောင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားမှုများကို အကောင်းဆုံးပြုလုပ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများအား နိုင်ငံတစ်ဝန်းတွင် တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေး၊ လုံခြုံစိတ်ချစွာ ဆန္ဒမဲပေးနိုင်ရေး၊ ရွေးကောက်ပွဲကို အောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် ပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ဝန်ရံအားပေးကြသည့် ပြည်သူများသည် ရွေးကောက်ပွဲမတိုင်မီ ကျန်းမာရေးဆိုင်ရာထုတ်ပြန်ချက်များနှင့်အညီ မိမိတို့၏စည်းရုံးလှုံ့ဆော်လိုသည့် ဆန္ဒများအား အသိတရားသတိထား၍ အလေးထားဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ကိုဗစ်ကာလ ဆွမ်းခက်ခဲသော ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ငွေကျပ် သိန်း ၅၀၀ ကျော်ဖိုး စုပေါင်းလှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် မြို့နယ် ၂၂ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၃၆၀ သို့ အခြေခံစားသောက်ကုန် ကိုးမျိုးနှင့် တိုင်းရင်းဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ရန်ကုန်တိုင်းဒေသကြီး သံဃနာယကရုံးအတွင်းရှိ မေတ္တာပြည့်ဝ သာသနာပြုအသင်းရုံး၌ ဆောင်ရွက်သည်။

စန္ဒီဘယဆေးမိသားစုမှ ဦးဆောင်ပြီး တိုင်းရင်းဆေးမိသားစုများ၊ မေတ္တာပြည့်ဝ သာသနာပြုအသင်း၊ နှစ်ဦးခမ္မသဘင် အလှူရှင်မိသားစုများနှင့် တိုင်းကြက်ခြေနီအသင်းတို့က စုပေါင်းပြီး ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင် မြို့နယ် ၂၂ မြို့နယ်အတွင်းရှိ ဆွမ်းခက်ခဲသော ဘုန်းတော်ကြီး ကျောင်းများနှင့် သီလရှင်ကျောင်းများ စုစုပေါင်း ကျောင်း ၃၆၀ သို့ တစ်ကျောင်းလျှင် အခြေခံစားသောက်ကုန်များဖြစ်ကြသော ဆွမ်းဆန်တော် တစ်အိတ်၊ ဆီ ၁၀ ပိဿာ၊ ဆား တစ်အိတ်၊ ဆေးမျိုးစုံ၊ လက်သန့်ဆေး၊ နှာခေါင်းစည်းတစ်အိတ်၊ ကုလားပဲ ၁၅ ပိဿာ၊ အာလူး ၁၅ ပိဿာ၊ ခေါက်ဆွဲခြောက် သုံးဖာ၊ ကော်ဖီမစ် သုံးပါကင်၊ ကြက်သွန်နီ ၁၅ ပိဿာနှင့် တိုင်းရင်းဆေးဝါးမျိုးစုံ စုစုပေါင်း တန်ဖိုး ငွေကျပ် သိန်း ၅၀၀ ကျော်အား ပေးအပ်လှူဒါန်းခြင်းဖြစ်သည်။

အလှူဖြစ်မြောက်ရေးအတွက် ဦးဆောင်ကြိုးပမ်းမှုနှင့် ပတ်သက်၍ ထွန်းရွှေဝါတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ ဦးထွန်းရွှေက "စန္ဒီဘယဆေးတိုက်မှ ဦးတင်မောင်က ဦးဆောင်ပြီး ကိုဗစ်ကာလမှာ အရုဏ်ဆွမ်း၊ နေ့ဆွမ်း ခက်ခဲနေတဲ့ ဆရာတော်တွေ၊ သီလရှင်ဆရာလေးတွေကို လှူဒါန်းဖို့ဆောင်ရွက်တာပါ။ တိုင်းရင်းဆေးအဖွဲ့တွေရော၊ မေတ္တာပြည့်ဝ သာသနာပြုအသင်း၊ နှစ်ဦးခမ္မသဘင် အလှူရှင်မိသားစုတွေရော စုပေါင်းလှူဒါန်းကြတာပါ။ ကြက်ခြေနီတပ်ဖွဲ့ဝင်များက လုပ်အားကူညီပံ့ပိုးပေးကြပါတယ်။ ထပ်မံပြီး ကျန်တဲ့ခရိုင်တွေကို လှူဖို့စီစဉ်နေပါတယ်" ဟု ပြောသည်။

နံနက်ပိုင်းတွင် သက်ဆိုင်ရာမြို့နယ်များမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြို့နယ်အလိုက် ပေးပို့လှူဒါန်းရမည့် လှူဖွယ်ပစ္စည်းများအား လာရောက်ထုတ်ယူကြရာ အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။

ရန်ကုန်တိုင်းကြက်ခြေနီသူနာပြုတပ်ဖွဲ့ တိုင်းဦးစီးမှူး (ဒုတိယတန်း) အုပ်ချုပ်ရေး ဦးတင်ကိုကိုက "ကြက်ခြေနီတပ်ဖွဲ့အနေနဲ့ လုပ်အားအလှူအဖြစ် စာရင်းကောက်ယူတာတွေ၊ ပို့ဆောင်လှူဒါန်းတာတွေကို တာဝန်ယူ လုပ်ဆောင်ပေးတာပါ။ သံဃနာယကအဖွဲ့တွေ၊ ရပ်ကွက်ကြက်ခြေနီတွေနဲ့ စာရင်းပြုစုခဲ့ပါတယ်။ အခုလည်း မြို့နယ်အလိုက် ကြက်ခြေနီတပ်ဖွဲ့ဝင်များက တာဝန်ယူပြီး ကျောင်းအရောက်ပေးပို့လှူဒါန်းပေးကြမှာဖြစ်ပါတယ်" ဟု ပြောသည်။

မွန်းလွဲ ၁၂နာရီခွဲတွင် မေတ္တာပြည့်ဝ သာသနာပြုအသင်းရုံး၌ ရေစက်ချလှူဒါန်းပွဲကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်များ ကြွရောက်ချီးမြှင့်ကြသည်။ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်နှင့် အလှူရှင်များ တက်ရောက်ကာ သက်န်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယနေ့ လှူဒါန်းသော ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အနောက်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင် ကျောင်း ၃၆၀ သို့ လှူဒါန်းမှုအစုစုမှာ ငွေကျပ်သိန်း ၅၀၀ ကျော်တန်ဖိုးရှိပြီး ရန်ကုန်တောင်ပိုင်းခရိုင်နှင့် မြောက်ပိုင်းခရိုင်ရှိ မြို့နယ် ၁၇ မြို့နယ်မှ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့လည်း လှူဒါန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉-၆၉၉၃၈၉၁၀၀၊ ၀၉-၇၉၉၈၉၄၈၂၇၊ ၀၁-၈၃၉၁၈၈၀၊ ၀၁-၈၃၉၁၈၈၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

နိုင်ငွေးအောင်



## ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၅**

ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ စုရုံသီမွတ်ဆလင်သာရေး၊ နာရေးလူမှုကူညီရေးအသင်း (ရန်ကုန်)ဒုဥက္ကဋ္ဌ ဦးကျော်ကျော်၊ အတွင်းရေးမှူး ဦးအောင်သိန်းနှင့် ပြန်ကြားရေးမှူးဦးနေဝင်းတို့က အောက်တိုဘာ ၁၉ ရက်တွင် ငွေကျပ် ၁၄ သိန်းတန်ဖိုးရှိ ကိုဗစ် -၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ၊ Surgical Gown၊ KN95 နှာခေါင်းစည်းများ၊ N95 နှာခေါင်းစည်းများ၊ Nurse Cup နှင့် နှာခေါင်းစည်းများပေးအပ်လှူဒါန်းရာ ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်မေသွင်က လက်ခံရယူပေးခဲ့ကြောင်း သိရသည်။

မြင့်မောင်

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့**

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❖ ရှေ့ဖုံးမှ

၅။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပြီး ကြိုတင်ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်တွင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အသီးသီးမှ လိုက်ပါဆောင်ရွက်ကြမည့်သူများအနေဖြင့်လည်း ရောဂါကာကွယ်ရေးဆိုင်ရာ အစီအမံများ နှင့်အညီဖြစ်စေရေး စီစဉ်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့်အညီ ဘေးကင်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေး စီစဉ် ဆောင်ရွက်ထားပြီး ဖြစ်ပါသောကြောင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ပူးပေါင်းပါဝင်ဆန္ဒမဲပေးကြရန်နှင့် ကြိုတင်ဆန္ဒမဲ ပေးရန် စီစဉ်ထားသည့်နေရာအဆောက်အဦသို့ လာရောက်သည့်အချိန်တွင်လည်း နိုင်ငံရေးပါတီတံဆိပ်ပါ အဝတ် အစားများ၊ အသုံးအဆောင်များ ဝတ်ဆင်သုံးစွဲ၍ လာရောက်ခြင်းမပြုပါရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ အပတ်စဉ်တင်ပြဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**

ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ အပတ်စဉ် တင်ပြဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မိမိတို့ နိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူများ၏ ၉၀ ရာခိုင်နှုန်း သည် ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်၊ နှလုံးနှင့် သွေးကြော ဆိုင်ရာရောဂါစသည့် နာတာရှည်အခံရောဂါရှိနေသူများ ဖြစ်သည့်အပြင် သေဆုံးသူအများစုသည် အသက်အရွယ် ကြီးသူအမျိုးသားများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထိုသို့ နာတာရှည်ရောဂါ အခံရှိသူများနှင့် အသက်အရွယ် ကြီးသူများအနေဖြင့် မိမိအိမ်တွင်သာ နေထိုင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အပြင်ထွက်ရသည့် တစ်အိမ် တည်းနေသူများထံမှတစ်ဆင့် ရောဂါကူးစက်ခံနေရမှုများကို တွေ့ရှိရပါကြောင်း။



### စောင့်ကြပ်ကြည့်ရှု

ထိုသို့ နာတာရှည်ရောဂါရှိသူများနှင့် သက်ကြီးရွယ်အို များအနေဖြင့် တစ်အိမ်တည်းနေထိုင်သူများနှင့် ခပ်ခွာခွာ နေထိုင်ခြင်း၊ သီးခြားစားသောက်ခြင်း၊ အချိန်ခြား၍ စားသောက်ခြင်းနှင့် ဖြစ်နိုင်ပါက သီးခြားအိပ်စက်ခြင်းတို့ကို အထူးသတိပြု လိုက်နာဆောင်ရွက်ကြရန် မြို့နယ်၊ ရပ်ကွက်များတွင် လက်ကိုင်အသံချဲ့စက်များ အသုံးပြုကာ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ကြစေလိုပါကြောင်း၊ အသိပေးနှိုးဆော်မှုများအပြင် အသွားအလာကန့်သတ်ရာ နေရာ (quarantine site)များ၊ လတ်တလော အနံ့ပျောက် လက္ခဏာရှိသူများထားရှိရာ စင်တာများ၊ ဆေးရုံများနှင့် ကိုဗစ်-၁၉ ကုသမှုဌာနများတွင် ရောက်ရှိနေသည့် မကူးစက် တတ်သော ရောဂါအခံရှိသူများတွင် သောက်လက်စဆေးဝါး များ မပြတ်လပ်စေရေးအတွက် မိမိတို့ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၎င်းတို့အားလည်း အခြားရောဂါအခံမရှိသူများ နှင့် ကွဲပြားရန်နှင့် မြင်သာစေရန် တစ်နည်းနည်းဖြင့် အမှတ် အသားပြုလုပ်ကာ ၎င်းတို့၏ ရောဂါအခြေအနေကို အထူး စောင့်ကြပ်ကြည့်ရှုရမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနမှ မကူးစက်တတ်သော ရောဂါကာကွယ် နှိမ်နင်းရေးဌာနခွဲမှ အဆိုပါစင်တာများနှင့် ဆေးရုံများသို့ ဆေးဝါးများ ဖြန့်ဝေထားသည်ဆိုသော်လည်း ရောက်ရှိမှု ရှိ၊ မရှိနှင့် ရောက်ရှိပါကလည်း ၎င်းလူနာများ သောက်သုံးမှု ရှိ၊ မရှိ အခြေအနေကို ဆန်းစစ်သုံးသပ်ကာ လိုအပ်သလို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊ အခြားနိုင်ငံများတွင် ကိုဗစ်-၁၉ နှင့် နာတာရှည်ရောဂါအခံတို့ ဆက်စပ်သေဆုံး မှု အခြေအနေများကိုလည်းကောင်း၊ ကုသမှုကုထုံးများကို လည်းကောင်း လေ့လာဆန်းစစ် သုံးသပ်စေလိုပါကြောင်း။

ယခုအချိန်၌ အသွားအလာကန့်သတ်ထားရာနေရာ၊ လတ်တလော အနံ့ပျောက်လက္ခဏာရှိသူများထားရှိရာ စင်တာများနှင့် ဆေးရုံသို့ ရောက်ရှိလာသူများ နည်းပါးလာ စေရေးနှင့် ကူးစက်ပျံ့နှံ့မှုကျဆင်းစေရန်အတွက် အဓိက လုပ်ဆောင်ရမည်မှာ ပြည်သူ့ကျန်းမာရေးနည်းဗျူဟာများ အနက် ကျန်းမာရေး အသိပညာပေးနှိုးဆော်မှုများပင် ဖြစ်သဖြင့် ဤကိစ္စအား ပိုမိုအားဖြည့် ဆောင်ရွက်စေလိုပါ ကြောင်း၊ အသွားအလာ ကန့်သတ်ထားရာနေရာ၊ လတ်တလောအနံ့ပျောက်လက္ခဏာရှိသူများ ထားရှိရာ စင်တာများ၊ ဆေးရုံများနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများ၌ လူနာများအား ခုတင်နေရာချကာ စနစ်တကျထားရှိနိုင်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် နေ့စဉ်ဆွေးနွေးလုပ်ဆောင် နေသည့် အဖွဲ့များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါနေရာများ၌ လူနာများဆိုင်ရာ သတင်းအချက် အလက်များကို ပြုစုရာတွင်လည်း လွယ်ကူလျင်မြန် ရိုးရှင်း သည့် ပုံစံများဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊ ယင်းမှ ထွက်ပေါ်လာသည့် သတင်းအချက်အလက်များကိုလည်း ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ နေ့စဉ်သုံးသပ် လျက်ရှိပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ပုဂ္ဂလိက ဓာတ်ခွဲခန်းများတွင် ကိုဗစ်-၁၉ ဓာတ်ခွဲ စစ်ဆေးမှုဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိကဆေးရုံများတွင် ကိုဗစ်-၁၉ လူနာများ လက်ခံကုသမှုပေးခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ညှိနှိုင်းထားရှိမှုများကို သဘောတူပါ သဖြင့် ဆက်လက်၍ အသေးစိတ်ဆောင်ရွက်မည်ဖြစ် ကြောင်း၊ ယခုတင်ပြဆွေးနွေးရာတွင် လက်ရှိအခြေအနေ အရပ်ရပ်အား ခြုံငုံသုံးသပ်မှုများနှင့် လိုအပ်ချက်များအား ရှင်းလင်းစွာဖြင့် တင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာသီတာလှက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်-၁၉ လူနာများ ကုသမှုပေးနေသည့် ဆေးရုံနှင့် ကိုဗစ်-၁၉ ကုသရေးဌာနများအလိုက် စောင့်ကြည့်လူနာ ခုတင်များ၊ ကိုဗစ်-၁၉ လူနာခုတင်၊ အောက်ဆီဂျင်ပေး ကုသမှုဆောင်ရွက်နိုင်သည့် လူနာခုတင်များ၊ အထူး ကြပ်မတ်ကုသဆောင်များအရေအတွက်၊ လက်ရှိတက်ရောက် ကုသမှုခံယူနေသည့် အရေအတွက်နှင့် လူနာများကုသရေး ဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ကူးစက်) ဒေါက်တာတိုးသီရိအောင်က ဓာတ်ခွဲစစ်ဆေးမှုနှင့် ဓာတ်ခွဲအတည်ပြု လူနာတွေ့ရှိမှု အခြေအနေများ၊ အသွား အလာကန့်သတ်ထားရှိမှု အခြေအနေများနှင့် ပြည်သူ့ ကျန်းမာရေးနှင့် ကပ်ရောဂါဗေဒ ခြုံငုံသုံးသပ်မှုများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကူးစက်) ဒေါက်တာထွန်းတင်က ရောဂါကာကွယ်ထိန်းချုပ်ရေး ဆိုင်ရာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုချက်များကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ကျန်းမာရေး အသိပညာမြှင့်တင်ရေး) ဒေါက်တာသန်းနိုင်စိုး က ရပ်ကွက်များနှင့် ဈေးများ၌ ရပ်ကွက်တွင် နေထိုင်သူများ ကလည်းကောင်း၊ ဈေးများတွင် ဈေးရောင်းချသူနှင့် ဈေးဝယ်သူများကလည်းကောင်း အသံချဲ့စက်ငယ်များဖြင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများတွင် ကိုယ်တိုင် ပါဝင်ဆောင်ရွက်စေခြင်း၊ အချင်းချင်း အသိပညာပေး နှိုးဆော်ခြင်း(peer education)ပုံစံဖြင့် ဆောင်ရွက်သွားရန် အကြံပြုချက်နှင့် ထိုသို့ အသိပညာပေးရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအသိပညာအချက် အလက်များကို လွယ်ကူရိုးရှင်းစေရေး မွမ်းမံပြင်ဆင်ထားရှိ မှုများကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်က အကျဉ်းထောင် နှင့် အချုပ်ထောင်အချို့တွင် ကိုဗစ်-၁၉ ဖြစ်ပွားတွေ့ရှိမှု အခြေအနေနှင့် အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက် နေမှု အခြေအနေများကိုလည်းကောင်း တင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဈေးများတွင် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်း အပါအဝင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် သက်ဆိုင် ရာ စည်ပင်သာယာရေးဌာနများရှိ ကျန်းမာရေးဌာနများ ပါဝင်ဆောင်ရွက်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်သွားရေး ကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ပုဂ္ဂလိက ဓာတ်ခွဲခန်းများတွင် ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးမှု ဆောင်ရွက်ခြင်းနှင့် ဆေးရုံ များတွင် ကိုဗစ်-၁၉ လူနာများ လက်ခံကုသမှုပေးခြင်း ဆိုင်ရာ ကိစ္စရပ်များအတွက် ညှိနှိုင်းထားရှိမှုများကိုလည်း ကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေးအဖွဲ့မှ လုပ်ငန်းဆောင်ရွက်နေမှုများကို လည်း ကောင်း တင်ပြကြသည်။

### ပံ့ပိုးသွားမည်

ယင်းနောက် ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဆုံးဖြတ်ဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယခုအချိန်၌ ကိုဗစ်-၁၉ ကူးစက်မှု ကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် အဓိကဆောင်ရွက်ရမည့်အချက်မှာ မိမိတို့ဆောင်ရွက်နေသည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်း နည်းဗျူဟာများကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ များ၏ ပံ့ပိုးပါဝင်မှုများဖြင့် အထူးအားဖြည့် ဆောင်ရွက် ရမည့် အချက်ဖြစ်ပါကြောင်း၊ လက်ကိုင်အသံချဲ့စက်များ အသုံးပြု၍ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများ၌ ရပ်ကွက်သူ/ သားများ၊ ဈေးရောင်းသူများ၊ ဈေးဝယ်သူများ၊ စက်ရုံ/အလုပ်ရုံအလုပ်သမားများက ကိုယ်တိုင်ပါဝင် ဆောင်ရွက်စေခြင်းဖြင့် လည်းကောင်း၊ မိမိနေအိမ်နှင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများက အချင်းချင်း ကျန်းမာ ရေးအသိပညာများ မျှဝေခြင်းဖြင့်လည်းကောင်း ဆောင်ရွက် ပါက ပိုမိုထိရောက်အောင်မြင်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှု မများပြားသေးသည့် တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့်လည်း မိမိတိုင်းဒေသကြီး/ ပြည်နယ် များ၌ ဖြစ်တော့မည်ဟူသောပုံစံဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ နီးနွယ်ဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ ပရဟိတစေတနာရှင်များနှင့် ပူးပေါင်း ကာ ကြိုတင်ပြင်ဆင်မှုများကို အလေးထားဆောင်ရွက်စေလို ပါကြောင်း၊ လိုအပ်သည်များကို ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံး ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၅**

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက် အတွင်း သုံးပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ရန်ကုန်မြို့အဝင်ဂိတ်များ၌ ကိုဗစ် – ၁၉ စစ်ဆေးခြင်းကို အလေးထားဆောင်ရွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၅**
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် ယနေ့မွန်းလွဲပိုင်းတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နှင့် ရန်ကုန်–မန္တလေးအမြန်လမ်းမကြီး (၁)မိုင်တို့ရှိ ကျန်းမာရေး စစ်ဆေးရေးဂိတ်များသို့ သွားရောက်ကာ ကိုဗစ် –၁၉ ကျန်းမာရေးစစ်ဆေးသည့် အခြေအနေများနှင့်ပတ်သက်၍ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကိုဗစ် – ၁၉ အတည်ပြုလူနာတွေ့ရှိပါက သက်ဆိုင်ရာ ကိုဗစ် –၁၉ ရောဂါကုသရေးဌာနသို့ မပို့ဆောင်မီ ယာယီ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် အခြေအနေများ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများကို နှုတ်ဆက်အားပေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် Max Highway Co., Ltd. နှင့် ဧရာဝတီဖောင်ဒေးရှင်းတို့မှ ဆောက်လုပ်လှူဒါန်းသည့် လှည်းကူးမြို့နယ် မင်းလွင်ကုန်းကျေးရွာရှိ ရန်ကုန်တိုင်းဒေသကြီး အဝင်/အထွက် လုံခြုံရေးနှင့် ကိုဗစ် –၁၉ ကျန်းမာရေးစစ်ဆေးရေးစခန်း တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရက အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြို့ဝင် / မြို့ထွက် စစ်ဆေးရေးဂိတ်များတွင် ကိုဗစ်–၁၉ ရောဂါ ပိုးရှိ၊ မရှိ စစ်ဆေးခြင်းကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်မောင်**



# မြန်မာစီးပွားရေးကောင်စစ်ဝန်ရုံးများ၌ ယွန်းထည်ပစ္စည်းများ ထားရှိပြသပြီး ပြည်ပဈေးကွက်ရှာဖွေနိုင်ရေးကြိုးပမ်း

**နေပြည်တော် အောက်တိုဘာ ၂၅**
မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သို့ ယွန်းထည်ပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ရက် နံနက်ပိုင်းက နေပြည်တော် ရုံးအမှတ်(၁၆)၌ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။




လွှဲပြောင်းပေးအပ်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခွန်အေးနိုင်က ငွေကျပ် ၁၆ ဒသမ ၉၈ သန်း တန်ဖိုးရှိ ယွန်းထည်ပစ္စည်းမျိုးစုံ ၃၅၄ မျိုးနှင့်အတူ ယွန်း Catalogue အုပ်ရေ ၃၀၀ ကို လွှဲပြောင်းပေးအပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားသည်။

မြန်မာ့ယွန်းလက်မှု အနုပညာများ တိမ်ကောပပျောက်မှု မရှိစေရန်၊ ပြည်ပယွန်းဈေးကွက် ပြန်လည်ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန်တို့ကို ရည်ရွယ်၍ ပြည်ပနိုင်ငံများရှိ စီးပွားရေးကောင်စစ်ဝန်ရုံးများ၌ မြန်မာ့ယွန်းထည်များ ပြသထားရှိကာ ယွန်းထည်ဈေးကွက် ပြန်လည်ရရှိရေးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယနေ့အခမ်းအနား၌ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့သို့ ယွန်းထည်ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်မှုအနုပညာလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရက်ကန်းလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရေးတို့အတွက် လိုအပ်သော အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ၁၃ ကျောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ ညောင်ဦးမြို့နယ်ရှိ ပုဂံဒေသ၌ ယွန်းပညာကောလိပ်တို့ကို တည်ထောင်ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ယွန်းပညာကောလိပ်တွင် ယွန်းအတတ်ပညာဒီပလိုမာ နှစ်နှစ်သင်တန်း၊ ယွန်းအတတ်ပညာဒီပလိုမာ တစ်နှစ် အထူးသင်တန်း၊ အထက်တန်းယွန်းပညာ နှစ်နှစ်သင်တန်း၊ ယွန်းထည်အလုပ်ရုံများရှိ ယွန်းလုပ်သားများအတွက် ကာလတိုသင်တန်းများဖြစ်သော ထန်းသားအချောထည်ထုတ်လုပ်မှု နည်းပညာသင်တန်း၊ ဝါးလက်မှုအနုထည်သင်တန်း၊ ဝါးတာရှည်ခံသင်တန်း၊ သားရိုးပန်းကြွယွန်းပညာသင်တန်း၊ ရွှေဇဝါယွန်းပညာသင်တန်း၊ ကညစ်ယွန်းပညာသင်တန်း၊ ဂျပန်ယွန်းထည်နည်းပညာ ဆင့်ပွားသင်တန်း၊ ယွန်းထည်ဒီဇိုင်းနှင့် ထုတ်ကုန်ဖွံ့ဖြိုးမှုသင်တန်းများ ဖွင့်လှစ်ပြီး နည်းပညာဖွံ့ဖြိုးရေးကို ကြိုးပမ်းလျက်ရှိကြောင်း၊ အခြားတစ်ဖက်တွင်လည်း အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် လက်မှုအနုပညာအခြေခံသော ထွက်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**




**❒ ပါတီစုံဒီမိုကရေစီမှ**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ်များသည် နံနက် ၃ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ နံနက် ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ နံနက် ၈ နာရီ၅ မိနစ်တွင် လည်းကောင်း၊ နံနက် ၉ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ ည ၁၀ နာရီ၅ မိနစ်တွင် လည်းကောင်း ရောက်ရှိကြသည်။

အထောက်အကူပစ္စည်းများမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့သို့ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃ ရက်အတွင်း အထူးလေယာဉ်များဖြင့် ဆက်လက် ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

# ဇီးကုန်းမြို့နယ်သမဝါယမအသင်းစုမှ မိုးစပါးများ ဝယ်ယူလျက်ရှိ



**ဇီးကုန်း အောက်တိုဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သမဝါယမအသင်းစုသည် တောင်သူလယ်သမားများ လတ်တလော ကြုံတွေ့နေရသည့်အခက်အခဲများကိုကူညီဖြေရှင်းသောအားဖြင့် အသင်းပိုင်ငွေကြေးဖြင့် စပါးတင်း ၂၀၀၀၀ ဝယ်ယူရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် သမဝါယမအသင်းပိုင် စပါး အခြောက်ခံစက်များ အသုံးပြု၍ စပါး တစ်တင်းလျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့်အခြောက်ခံပေးခြင်း၊ ယာယီသိုလှောင်ရုံအတွင်း ခေတ္တသိုလှောင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နေ သတင်းစာဆရာ ဦးကျော်လှနှင့် သမာဓိမိသားစုက ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလှူငွေကျပ် ၁၀ သိန်းကို အောက်တိုဘာ ၂၅ ရက်က ပေးအပ်လှူဒါန်းရာ မြို့နယကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီအတွင်းရေးမှူး ဒေါက်တာ အိအိမင်းနောင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။
ကျော်လှ(တောင်ငူ)



# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ် ၁၃၆/၂၀၂၀ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

အမိန့်အမှတ် ၁၃၆/၂၀၂၀
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၁၂-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/၂၀၂၀ အရ လူ ၃၀ ဦး ဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့် ကိစ္စရပ်များတွင် "ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်းသည့် ကျန်းမာရေး စံလုပ်ငန်းလမ်းညွှန်(SOP)နှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းအပေါ်မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက်မပိုသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်း" ကိစ္စရပ်ကို ထပ်မံဖြည့်စွက်သည့် အမိန့်အား ၆-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၁/၂၀၂၀ နှင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ယင်းအမိန့်အမှတ် ၁၀၁/၂၀၂၀ တွင် ဖော်ပြထားသည့် **ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်း ကိစ္စရပ်များအတွက် စုဝေးခြင်းပြုနိုင်သည့် လူအရေအတွက်၊ နေရာနှင့် စပ်လျဉ်း၍** သတ်မှတ်ခွင့်ပြုချက်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၆-၉-၂၀၂၀ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့် ကြေညာချက်အမှတ် ၁၇၃/၂၀၂၀ ပါ စည်းကမ်းချက်နှင့်ကိုက်ညီစေရန် ၆-၁၁-၂၀၂၀ ရက်နေ့၊ ည ၁၂ နာရီအချိန်ထိသာ အကျုံးဝင်ကြောင်း ကြေညာလိုက်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ် ၁၃၇/၂၀၂၀ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

အမိန့်အမှတ် ၁၃၇/၂၀၂၀
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019- COVID-19) ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ၁၂-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/၂၀၂၀ ဖြင့် လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းမပြုရန် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန် မဲရုံများအတွက် ရွေးကောက်ပွဲကော်မရှင်နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ညှိနှိုင်းထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်ကိုက်ညီစွာ ဆောင်ရွက်နိုင်ရန် လူ ၃၀ ဦးထက်ပို၍ စုဝေးခြင်းကို ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

# ကမ္ဘာ့ငါးများ ရွှေ့ပြောင်းသွားလာသောနေ့ အထိမ်းအမှတ်နေ့အခမ်းအနား ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝသစ်ပင်ပန်းမန်များ ထိန်းသိမ်းရေးအဖွဲ့ (Fauna and Flora International -FFI) တို့၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့ငါးများရွှေ့ပြောင်းသွားလာသောနေ့ (2020 World Fish Migration Day) အထိမ်းအမှတ်နေ့အခမ်းအနားနှင့် ဆွေးနွေးပွဲကို ယမန်နေ့က Zoon webiner စနစ်ဖြင့် ကျင်းပသည်။

**အခက်အခဲများဖြင့် ရှင်သန်ရပ်တည်**

ရှေးဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်နှင့် World Fish Migration Foundation Founder ဖြစ်သူ Mr. Herman Wanningen တို့က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ကမ္ဘာ့ငါးများရွှေ့ပြောင်းသွားလာသောနေ့ အထိမ်းအမှတ်အခမ်းအနားသည် မြန်မာ့ငါးများ စဉ်ဆက်မပြတ် ပေါ်များစေရေး၊ မြန်မာ့ကျေးလက်ဒေသနေ ပြည်သူတို့၏ အခြေခံလိုအပ်သည့် အသားဓာတ်ကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေး၊ ကျေးလက်ဒေသနေပြည်သူများ၏ အပိုဝင်ငွေရစေသည့် သဘာဝသယံဇာတ စဉ်ဆက်မပြတ် ပေါ်များစေရေး၊ ရေချိုငါးလုပ်ငန်းကဏ္ဍ၏ အရေးပါမှုကို လုပ်သားပြည်သူများ ဂရုပြုမိစေရေး အထောက်အပံ့ကောင်းပေးနိုင်ရန် ရည်ရွယ်ပြီး World Fish, World Wide Fund- WWF နှင့် Fauna and Flora International-FFI စသည့် မိတ်ဖက်အဖွဲ့အစည်းတို့က ပူးပေါင်းဆောင်ရွက်သည့် အစီအစဉ်ဖြစ်ပါကြောင်း၊ တစ်ကမ္ဘာလုံးရှိ ငါးများ၏ ရွှေ့ပြောင်းသွားလာသောနေ့ကို သတိပြုမိကြပြီး လူသားတို့အနေဖြင့် လွတ်လပ်စွာ စီးဆင်းနေသော မြစ်ကြီးများ၊ ရွှေ့ပြောင်းသွားလာနေသော ငါးများ၏ တန်ဖိုးနှင့် အရေးပါပုံကို သိရှိစေလိုသောကြောင့် ယခုနှစ်အတွက်ဆောင်ပုဒ်ဖြစ်သည့် "CONNE-CTING FISH, RIVERS AND PEOPLE". "ငါးများ၊ မြစ်ကြီးများနှင့် လူသားတို့ ချိတ်ဆက်လျက်ရှိခြင်း" ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ရွှေ့ပြောင်းသွားလာနေသော ငါးများသည် ကမ္ဘာအနှံ့ အမျိုးမျိုးသော အခက်အခဲများစွာဖြင့် ရင်ဆိုင်ရင်း ရှင်သန်ရပ်တည်နေကြရကြောင်း၊ အဓိကအကြောင်းရင်းမှာ သဘာဝ မြစ်ရေစီးဆင်းမှုများသည် လူတို့ ပယောဂကြောင့် ပြောင်းလဲရပ်တန့်မှုများစွာ ဖြစ်ပေါ်ခြင်းဖြင့် ရွှေ့ပြောင်းသွားလာသော ငါးများတွင် အတားအဆီးအမျိုးမျိုး ဖြစ်ပေါ်နေရကြောင်း၊ ၎င်းတို့၏ ဘဝစက်ဝန်း၊ အစာရှာဖွေစားသောက်မှု၊ မျိုးပွား/ရှင်သန်ကြီးထွားမှုတို့သည် သဘာဝအခြေအနေပေါ်တွင် မူတည်နေကြောင်း၊ အချို့သော ရွှေ့ပြောင်းငါးမျိုးများဖြစ်သည့် ဥပမာ-ငါးသလောက်နှင့် ငါးလင်ဗန်း ကဲ့သို့သောငါးများသည် ရေငန်တွင် ဥချသားပေါက်၍ ရေချိုမြစ်ကြီးများသို့ ဆန်တက် ပြောင်းရွှေ့ကျက်စားတတ်ကြပြီး ၎င်းတို့၏ ဥချသားပေါက်ချိန် ရောက်ပါက ၎င်းတို့ပေါက်ပွားသားပေါက်ရာ ပင်လယ်ပြင်သို့ ခရီးရှည်သွားတတ်ကြသည့် ငါးများ ရွှေ့ပြောင်းသွားလာ ကျက်စားမှုဆိုင်ရာ ဗဟုသုတရှိရန်မှာလည်း အထူးအရေးကြီးပါကြောင်း၊ မြန်မာ့မြစ်ကြီးများသည် ကမ္ဘာပေါ်တွင် ငါးသယံဇာတ ပေါကြွယ်ဝသော ရေချိုငါးအရင်းအမြစ်များထဲတွင် ပါဝင်သဖြင့် ဤမြစ်ကြီးများ ဆက်လက်ရှင်သန်ရေး၊ လွတ်လပ်စွာ စီးဆင်းနေစေရေးသည် ရွှေ့ပြောင်းသွားလာသော ငါးများနှင့် လူသားများအတွက် လွန်စွာ အရေးကြီးပါသောကြောင့် တန်ဖိုးရှိသည့် အခမ်းအနားဖြစ်ပြီး ထိရောက်သော ဆွေးနွေးအကြံပြုချက်များစွာရရှိမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူး၊ ပြည်နယ်/တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ World Fish, World Wide Fund- WWF၊ Fauna and Flora International-FFI စသည့် မိတ်ဖက်အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ငါးတက်ငါးဆင်းလမ်းကြောင်းစီမံကိန်း (Fish passage project) ဆောင်ရွက်လျက်ရှိသည့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပူးပေါင်းဖြေရှင်း**

ယင်းနောက် FFI မှ စီမံကိန်းမန်နေဂျာ ဦးဇော်လွှမ်းနှင့် Charles Sturt တက္ကသိုလ်မှ Mr. John Canallin တို့က သုတေသနစာတမ်းများ ဖတ်ကြားခဲ့ကြပြီး တာဝန်ရှိသူများက ရွှေ့ပြောင်းသွားလာသော ငါးများရင်ဆိုင်နေရသည့်အခက်အခဲ၊ အတားအဆီးများအား လက်ရှိတွင် ပူးပေါင်းဖြေရှင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ဆွေးနွေးပွဲစကားဝိုင်းပြုလုပ်၍ ဆွေးနွေးညှိနှိုင်း အကြံပြုမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■



# ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မတ္တရာ အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် သပြေပင်ကုန်းကျေးရွာ၌ မန္တလေးတိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအား ယမန်နေ့နံနက် ၁၀ နာရီတွင် စစ်ဆေးရေးအဖွဲ့က အဆိုပါကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**တက်ရောက်**

မန္တလေးတိုင်းဒေသကြီးရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသည့် အဆိုပါ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို စွမ်းဆောင်ရည်မြှင့်တင်ရေးကဏ္ဍ၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ဝင်ငွေတိုးတက်ရေးကဏ္ဍဟူ၍ ကဏ္ဍသုံးရပ်ဖြင့် သတ်မှတ်ရာခိုင်နှုန်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါ အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ရမည်းသင်းခရိုင် ဦးစီးမှူးနှင့် စစ်ဆေးရေးအဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မတ္တရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်သီတာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးကျော်သူထွေး(ပြန်/ဆက်)**

# အမှတ်တရဖြစ်နေရသော ဆရာကြီး ဆရာမကြီးများ

ကုမုဒ

ရန်ကုန်တက္ကသိုလ်ရာပြည့်ကာလတွင် ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝမှာ ဘာသာရပ်အသီးသီး သင်ကြားပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးတွေကို အထူး အမှတ်ရနေမိပါ တယ်။ ဆရာကြီး ဆရာမကြီး တွေအကြောင်း မရေးသားခင်မှာ မျက်မှောက်ခေတ် မျိုးဆက်သစ် လူငယ်တွေ ဗဟုသုတဖြစ်စေဖို့ ကျွန်တော် တို့ငယ်ဘဝ ပညာသင်ကြားခဲ့ရပုံကို အနည်းငယ်တင်ပြ လိုပါတယ်။

### ငယ်ဘဝပညာရေးခရီးလမ်း

ကျွန်တော့်အသက် ငါးနှစ်ပြည့်တဲ့ ၁၉၅၃ ခုနှစ်မှာ ဆရာမကြီး ဒေါ်ခင်ခင်အေး တည်ထောင်တဲ့ ကမာရွတ်မြို့နယ်က PBRS (Private Boundary Road School) မှာ စတက်ခဲ့ပါတယ်။ မြန်မာစာကလွဲပြီး ကျန်တဲ့ဘာသာတွေအားလုံးကို အင်္ဂလိပ်ဘာသာနဲ့ သင်တဲ့ကျောင်းပါ။ စတက်တက်ချင်း Infant C တန်းကနေစတက်ရပြီး နောက် Infant B၊ Infant A စသဖြင့် သူငယ်တန်း သုံးနှစ်ဆက်တိုက် တက်ရပါတယ်။ ပြီးရင် ပထမတန်းမှ စတုတ္ထတန်းအထိ မူလတန်းလေးနှစ်ဆက်တိုက်၊ ပဥ္စမတန်းကနေ အဋ္ဌမတန်းအထိ အလယ်တန်း လေးနှစ်ဆက်တိုက်တက်ပြီးရင် နဝမတန်းမှာ အစိုးရစစ်တန်းမြင့်ကျောင်းထွက်စာမေးပွဲ (High School Final Exam – HSF) ကို ဖြေဆိုရပါတယ်။ ဒသမတန်းကိုလည်း အစိုးရစစ် ဖြေဆိုရပြီး Matriculation Exam လို့ ခေါ်ကြသလို မြန်မာလိုလည်း တက္ကသိုလ်ဝင်တန်းစာမေးပွဲလို့ ခေါ်ဆိုပါတယ်။ အောင်မြင်ပြီးရင် တက္ကသိုလ်မြေ စတင်ခြေချ၊ ကိုယ်ကြိုက်တဲ့ဘာသာတွဲယူပြီး ဥပစာ (က)တန်း (Inter A) ကို စတက်ရပါတယ်။ ဒါကြောင့် အခြေခံပညာအဆင့်မှာ စုစုပေါင်း ပညာသင်နှစ် ၁၃ နှစ်တက်ပြီးမှ တက္ကသိုလ်မြေကို စတင်ခြေချရပါတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ကျောင်းစတက်ချိန်ကစပြီး မူလတန်းအဆင့်မှာ ပထမတန်းမှ စတုတ္ထတန်းအထိ နှစ်စဉ်အတန်းတိုင်းကို ပထမ၊ ဒုတိယတစ်ခုခုနဲ့ အမြဲအောင်မြင်ခဲ့တာကြောင့် စတုတ္ထတန်းအောင်ချိန်မှာ ပဥ္စမတန်းနဲ့ ဆဋ္ဌမတန်း နှစ်တန်းကို မတက်ရတော့ဘဲ Triple Promotion နဲ့ သတ္တမတန်းကို ကျော်တက်ခွင့်ရတာကြောင့် ၁၉၆၄ ခုနှစ်မှာ ဒသမတန်းအောင်၍ ပုံမှန်ထက် နှစ်နှစ်စောပြီး တက္ကသိုလ်မြေ ခြေချခွင့်ရခဲ့ပါတယ်။

### ပညာရေးစနစ်သစ်

ကျွန်တော်တက္ကသိုလ်ကို စတင်ဝင်ရောက်ရတဲ့ ၁၉၆၄–၁၉၆၅ ပညာသင်နှစ်ကစ၍ တော်လှန်ရေးကောင်စီအစိုးရက ပညာရေးစနစ်သစ် အကောင်အထည်ဖော်မယ်ဆိုပြီး ရန်ကုန်တက္ကသိုလ်ကို ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်–ရန်ကုန် (Rangoon Arts And Science University) လို့ အမည်ပြောင်းကာ အတိုကောက် RASU ကို မြန်မာသံဖလှယ်ရာ 'ရာဇူး' လို့ခေါ်တွင်ရာကနေ 'ရာဇူး' အသုံးအနှုန်းက တွင်ကျယ်ခဲ့ပါတယ်။



ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။

၁၉၆၃–၁၉၆၄ ပညာသင်နှစ်အထိ တက္ကသိုလ်စတက်တက်ချင်း ဥပစာတန်း (က) (Inter A) မှာ ကြိုက်တဲ့ဘာသာတွဲယူနိုင်တယ်။ ဥပစာတန်း (ခ) (Inter B) မှာ Inter A က ယူခဲ့တဲ့ ဘာသာတွဲတွေနဲ့ အနီးစပ်ဆုံး ဘာသာတွဲယူရတယ်။ တတိယမြောက် ပညာသင်နှစ်ကစပြီး Inter B တန်းကရခဲ့တဲ့ အောင်မှတ်အပေါ်မူတည်ပြီး သင့်လျော်တဲ့ အတန်းဆက်တက်ကာ ဘွဲ့တစ်ခုရအောင် ကြိုးစားရပါတယ်။ ဥပမာ Inter A နဲ့ B မှာ ရူပ၊ ဓာတု၊ ဇီဝဘာသာတွဲယူလာပြီး အမှတ်ကောင်းကောင်းနဲ့ အောင်ရင် ဆေးပညာမဟာဌာန (ဆေးတက္ကသိုလ်ဟု မခေါ်သေး) မှာ ငါးနှစ်ဆက်တက်ကာ MBBS ဘွဲ့ရသလို Inter A နဲ့ B မှာ သင်္ချာ၊ ရူပ၊ ဓာတုဘာသာတွဲ ယူလာပြီး အမှတ်ကောင်းကောင်းနဲ့အောင်ရင် အင်ဂျင်နီယာသိပ္ပံပညာ မဟာဌာန (စက်မှုတက္ကသိုလ်ဟုမခေါ် သေး) မှာ လေးနှစ်ဆက်တက်ကာ B.Sc (Engineering) ဘွဲ့ ရရှိမှာဖြစ်ပါတယ်။



ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (၃၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား။

ကျွန်တော် ၁၀ တန်းအောင်တဲ့နှစ်ကစလို့ ၁၀ တန်းရမှတ်နဲ့သုံးပြီး တက္ကသိုလ်တက်ရတဲ့စနစ် စတင်ကျင့်သုံးပါတယ်။ ဒါပေမဲ့ ရိုးရိုးအမှတ်ပေါင်းနဲ့တွက်ရင် အမှတ်များများမရနိုင်တဲ့ ဝိဇ္ဇာဘာသာတွဲတွေယူထားတဲ့ ကျောင်းသားတွေ နစ်နာမှာမို့ ILA (Intelligence Level Aggregate) ဉာဏ်ရည်အဆင့်ပြအမှတ်စုစုပေါင်း)နဲ့ အမှတ်ထပ်တွက်ပြီး ဝင်ခွင့်လက်ခံပါတယ်။ ဒါကြောင့် ကျွန်တော်နဲ့ အမှတ်ပေါင်းတူတဲ့ ဝိဇ္ဇာတွဲတွေ ယူထားပြီး အောင်တဲ့သူငယ်ချင်းဟာ ပထမဦးစားပေးလျှောက်တဲ့ ဆေးတက္ကသိုလ် ဝင်ခွင့်ရပါတယ်။ ကျွန်တော်ကတော့ ပထမဦးစားပေး ဆေးတက္ကသိုလ်ကို ဝင်ခွင့်မရဘဲ ဒုတိယဦးစားပေး သင်္ချာအဓိကရပြီး ရာဇူးမှာ ပထမနှစ်သိပ္ပံတန်းကို ၁၉၆၄ ခုနှစ် နိုဝင်ဘာလ ၂ ရက် တနင်္လာနေ့ကစပြီး ကျောင်းတက်ရပါတယ်။

### ဆရာကြီး ဆရာမကြီးများ

ကျွန်တော် ပထမနှစ်သိပ္ပံတန်းစတက်တော့ မြန်မာစာကို ဆရာကြီး ဦးဖိုးကျော်မြင့် (ကွယ်လွန်)၊ ဆရာကြီး ဦးမျိုးဆွေ (ကွယ်လွန်)၊ ဆရာမကြီး ဒေါ်ပို၊ ဆရာမကြီး ဒေါ်သီသီထွန်း၊ ဆရာမကြီး ဒေါ်ခင်မေနွဲ့၊ အင်္ဂလိပ်စာကို ဆရာကြီး ဦးအုန်းခင် (ကွယ်လွန်)၊ ရူပဗေဒကို ဆရာကြီး ဒေါက်တာမောင်မောင်ခ (ကွယ်လွန်)၊ ဆရာကြီး ဦးကောင်းညွန့် (ကွယ်လွန်)နဲ့ ဆရာကြီး ဒေါက်တာစိုးရင်၊ ဘူမိဗေဒကိုတော့ ဆရာကြီး ဒေါက်တာညီညီ၊ ဆရာကြီး ဦးဘီပီဒေး (ကွယ်လွန်)၊ ဆရာကြီး ဒေါက်တာမောင်သင်း၊ ဆရာကြီး ဒေါက်တာဉာဏ်သင်း၊ ဆရာမကြီး ဒေါ်ဝင်းယုစိန်တို့က သင်ကြားပေးခဲ့ပါတယ်။ ဒုတိယနှစ်မှာတော့ ရူပဗေဒကို ဆရာကြီး ဦးလွှမ်းမိုး (ကွယ်လွန်)၊ ဒသနိကဗေဒကိုတော့ ဆရာကြီး ဦးသိန်းလွင် (ကွယ်လွန်)နဲ့ ဆရာမကြီး ဒေါ်တင်စောမူတို့က သင်ကြားပေးခဲ့ပါတယ်။

သင်္ချာဘာသာကိုတော့ ပထမနှစ်ကနေ စတုတ္ထနှစ်အထိ ဆရာကြီး ၁၇ ဦးနဲ့ ဆရာမကြီးတစ်ဦးတို့ သင်ကြားပေးခဲ့ရာ ဆရာကြီး ဦးအောင်လှ၊ ဆရာကြီး ဦးကြည်ရှိန်၊ ဆရာကြီး ဒေါက်တာချစ်ဆွေ၊ ဆရာကြီး ဦးခင်ဇော်၊ ဆရာကြီး ဒေါက်တာစိန်မင်း၊ ဆရာကြီး ဦးတင်မောင်၊ ဆရာကြီးဦးတင်လှိုင်၊ ဆရာကြီး ဦးမောင်မောင်တင်၊ ဆရာကြီး ဦးသိန်းထွန်း၊ ဆရာကြီး ဒေါက်တာသိမ်းမြင့်နဲ့ ဆရာကြီး ဦးအောင်စိန်တို့ ၁၁ ဦးက ကွယ်လွန်ကြပြီး ဖြစ်ပါတယ်။ ဆရာမကြီး ဒေါ်ခိုင်ဉာဏ်၊ ဆရာကြီး ဦးစိုးနိုင်၊ ဆရာကြီး ဦးစိုးမင်း၊ ဆရာကြီး ဦးစွန်တီ၊ ဆရာကြီး ဒေါက်တာကျော်သိန်းနဲ့ ဆရာကြီး ဒေါက်တာပိုက်တင်တို့ ခြောက်ဦး သက်ရှိထင်ရှား ရှိကြပါသေးတယ်။ Tutorial ကိုင်ခဲ့တဲ့ ဆရာကြီးရှစ်ဦးနဲ့ ဆရာမကြီး ခုနစ်ဦး သက်ရှိထင်ရှားရှိနေသော်လည်း ဆရာကြီး သုံးဦးနဲ့ ဆရာမကြီး နှစ်ဦးတို့ ကွယ်လွန်သွားကြပါပြီ။ M.Sc တန်းမှာ သင်ပေးတဲ့ ဆရာမကြီး ဒေါက်တာလှလှစိန်၊ ဆရာကြီး ဒေါက်တာစောတင်၊ ဆရာကြီး Dr. Townsend (USA) တို့ သုံးဦးစလုံးလည်း ကွယ်လွန်ကြပါပြီ။

ဒါကြောင့် တက္ကသိုလ်စတက်တဲ့ ၁၉၆၄ ခုနှစ်က စတွက်ရင် ယနေ့အထိ နှစ်ပေါင်း ၅၆ နှစ်အတွင်း ပညာသင်ပေးခဲ့တဲ့ ဆရာကြီး ဆရာမကြီး ၃၅ ဦးမှာ ၂၁ဦးက ကွယ်လွန်ကြပြီးဖြစ်သလို Tutorial ကိုင်ခဲ့တဲ့ ဆရာကြီး ဆရာမကြီး ၂၀ မှာ ငါးဦးက ကွယ်လွန်ကြပြီးဖြစ်တာကို သံဝေဂဉာဏ်ပွားရပါတယ်။ ဒီထဲမှာ Minor ဘာသာများက Tutorial နဲ့ Practical သင်ပေးတဲ့ ဆရာကြီး ဆရာမကြီးတွေစာရင်း မပါဝင်သေးပါဘူး။

ဒီဆောင်းပါးမှာတော့ ကွယ်လွန်သူဆရာကြီး ဆရာမကြီးတွေထဲက မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်မှာ ဂုဏ်ပြုဖော်ပြခံရတဲ့ ဆရာကြီး သုံးဦးအကြောင်းကို အကျဉ်းမျှတင်ပြလိုက်ပါတယ်။

### ဆရာကြီးဦးအောင်လှ (၁၈၉၆–၁၉၈၃)

ဆရာကြီးကို ၁၈၉၆ ခုနှစ် ဧပြီလမှာ ဖခင် အမိန့်တော်ရ ရှေ့နေကြီး ဦးဖိုးစစ်၊ မိခင် ဒေါ်ငွေနှုံးတို့က သာယာဝတီမြို့မှာ မွေးဖွားပါတယ်။ ငယ်စဉ်က ရန်ကုန်မြို့ St. Paul ကျောင်းမှာ ပညာသင်ကြားခဲ့ပြီး ကိုးလ်ကတ္တားကစစ်တဲ့ ၁၀ တန်းစာမေးပွဲကို ၁၉၁၄ ခုနှစ်မှာ အောင်မြင်ခဲ့ပါတယ်။ ရန်ကုန်ကောလိပ်ကို စတက်ရာ ၁၉၁၈ ခုနှစ်မှာ သင်္ချာဂုဏ်ထူးတန်းကို ပထမရပြီး အောင်မြင်ပါတယ်။ ဘွဲ့ရပြီးစမှာ ရန်ကုန်ကောလိပ်သင်္ချာဌာနမှာ လက်ထောက်ကထိကအဖြစ် ဆောင်ရွက်ပြီး ၁၉၂၀ ပြည့်နှစ်တွင် ဗြိတိန်နိုင်ငံ ကိန်းဘရစ်ချ် တက္ကသိုလ်မှာ မိမိအစီအစဉ်နဲ့ သွားရောက်ပညာဆည်းပူးရာ Master ဘွဲ့ကို သင်္ချာဘာသာနဲ့ ထူးချွန်စွာအောင်မြင်ပြီး တစ်ပြိုင်တည်း Bar-at Law ဘွဲ့ကိုပါ ရရှိခဲ့ပါတယ်။ ဆက်ပြီး ဂျာမနီနဲ့ ပြင်သစ်နိုင်ငံတို့ရှိ Sorbonne တက္ကသိုလ်အပါအဝင် နာမည်ကြီးတက္ကသိုလ်တွေမှာ ပညာဆက်လက်ဆည်းပူးခဲ့ပါတယ်။ မြန်မာပြည်က စထွက်ပြီး ကိုးနှစ်အကြာ ၁၉၂၉ ခုနှစ်မှာ ဥရောပက ပြန်လာခဲ့ပြီး ၁၉၃၀ ပြည့်နှစ်မှာ မန္တလေး ဥပစာကောလိပ်တွင် သင်္ချာကထိကအဖြစ် စတင်ဆောင်ရွက်ပါတယ်။ ၁၉၃၁ ခုနှစ်မှာ ရန်ကုန်ပြန်လာပြီး မြို့မအမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၃၄ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် မော်ကွန်းထိန်းတာဝန်ယူပြီး ၁၉၃၉ ခုနှစ်မှာ တက္ကသိုလ်ဆရာဘဝကထွက်ကာ Census Bureau မှာ ညွှန်ကြားရေးဝန် (ယခုအခေါ် ညွှန်ချုပ်) အဖြစ် တာဝန်ယူခဲ့ပါတယ်။ ၁၉၄၁ ခုနှစ်မှာတော့ ရန်ကုန်တက္ကသိုလ် သင်္ချာဌာနပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံရပြီး မြန်မာနိုင်ငံရဲ့ပညာရေးသမိုင်းမှာ ပထမဆုံးမြန်မာလူမျိုးသင်္ချာပါမောက္ခအဖြစ် မှတ်တမ်းဝင်သွားပါတော့တယ်။ ဆရာကြီးဟာ ၁၉၅၈ ခုနှစ်မှာ သက်ပြည့်အငြိမ်းစားယူပြီးနောက် ဆက်လက်ပြီး ၁၉၇၄ ခုနှစ်အထိ သင်္ချာဌာန ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် စာပေပို့ချခဲ့ပါတယ်။

စာမျက်နှာ ၇ သို့ ❐

**ဆရာကြီး ဦးအောင်လှဟာ ၁၉၃၁ ခုနှစ်မှာ ရန်ကုန်ပြန်လာပြီး မြို့မအမျိုးသားအထက်တန်းကျောင်း ကျောင်းအုပ်တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၃၄ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်မော်ကွန်းထိန်း တာဝန်ယူပြီး ၁၉၃၉ ခုနှစ်မှာ တက္ကသိုလ်ဆရာဘဝကထွက်ကာ Census Bureau မှာ ညွှန်ကြားရေးဝန် (ယခုအခေါ် ညွှန်ချုပ်) အဖြစ် တာဝန်ယူခဲ့ပါတယ်။ ၁၉၄၁ ခုနှစ်မှာတော့ ရန်ကုန်တက္ကသိုလ် သင်္ချာဌာန ပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံရပြီး မြန်မာနိုင်ငံရဲ့ ပညာရေးသမိုင်းမှာ ပထမဆုံး မြန်မာလူမျိုး သင်္ချာပါမောက္ခအဖြစ် မှတ်တမ်းဝင်သွားပါတော့တယ်။**

❐ စာမျက်နှာ ၆ မှ

ဆရာကြီးဟာ ၁၉၅၀ ပြည့်နှစ်မှာ ဗြိတိန်နဲ့ အမေရိကန်တို့က တက္ကသိုလ်တချို့ရဲ့ ဖိတ်ခေါ်မှုကြောင့် Astronomy (နက္ခတ္တဗေဒ) နဲ့ အဆင့်မြင့်သင်္ချာပညာကို လေ့လာဖို့ သွားရောက်ခဲ့ပြီး အပြန်မှာ FRAS (London) နဲ့ FBIS (London) ဘွဲ့တွေ ချီးမြှင့်ခံရပါတယ်။ မြန်မာနိုင်ငံ တံဆိပ်ခေါင်းစု ဝါသနာရှင် (Philatelist) အသင်းရဲ့ ဥက္ကဋ္ဌအဖြစ် ၁၉၃၃ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိ ၂၉နှစ် ကြာဆောင်ရွက်ခဲ့ပြီး ဒီဆောင်ရွက်ချက်ကြောင့် ၁၉၆၃ ခုနှစ်မှာ FRPS (London) ဘွဲ့ အပ်နှင်းခြင်းခံရပါတယ်။

ဆရာကြီးရန်ကုန်ကောလိပ်မှာ တက်ရောက်နေစဉ် ၁၉၁၆ ခုနှစ် ကြည့်မြင်တိုင်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံး တည်ထောင်တဲ့ "ကျောင်းသားများသမဂ္ဂ" အသင်းမှာ ဒုဥက္ကဋ္ဌအဖြစ် လေးနှစ်ဆက်တိုက် (ပြည်ပမထွက်ခွာခင် အထိ) ဆောင်ရွက်ခဲ့ပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ All Burma Peace Committe မှာ ဆရာကြီး ဒဂုန်တာရာ၊ ဆရာမကြီး ဂျာနယ်ကျော်မမလေးတို့နဲ့အတူ ဒုတိယဥက္ကဋ္ဌအဖြစ် ပူးတွဲဆောင်ရွက်ရင်း ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဦးဆောင်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးညီလာခံတွေ သွားတက်ရင်းလည်း အဖွဲ့ဝင်အဖြစ် လိုက်ပါသွားရပါတယ်။ ၁၉၅၂ ခုနှစ်မှာတော့ ဂီတ၊ သဘင်၊ ရုပ်ရှင်၊ ပန်းချီ၊ ပန်းပုနဲ့ စာပေပညာရှင်တွေပါဝင်တဲ့ ယဉ်ကျေးမှုကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်အနေနဲ့ ရုရှားနိုင်ငံကို ချစ်ကြည်ရေး သွားရောက်ခဲ့ပါတယ်။ မြန်မာနဲ့ ဆိုဗီယက် ယဉ်ကျေးမှုနှင့် မိတ်ဆွေဖြစ်အသင်းဥက္ကဋ္ဌအဖြစ် ကွယ်လွန်သည်အထိ ဆောင်ရွက်ခဲ့ပါတယ်။

ဆရာကြီးဟာ စောင်းကောက်ကို အထူးကျွမ်းကျင်စွာတီးတတ်ပြီး ဇနီးသည် ရုပ်ရှင်မင်းသမီးကြီး A1 ဒေါ်မေသန်း တည်ထောင်ထားတဲ့ သီချင်းကြီးဝိုင်း မြန်မာ့အသံကလွှင့်တိုင်းလည်း ပတ္တလားနဲ့ စန္ဒရား ဝင်တီးပေးပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ ပန်တျာကျောင်းနဲ့ ယဉ်ကျေးမှုဌာနတို့အတွက် မြန်မာသီချင်းကြီးများ မူမှန်ဖြစ်ရေးကူညီဆောင်ရွက်ပေးခဲ့တဲ့အပြင် မြန်မာနိုင်ငံ "မဟာဂီတဝါဂီနစ်အဖွဲ့ချုပ်" ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့ပါတယ်။ သင်္ချာဘာသာတွဲ တစ်ခုဖြစ်တဲ့ Vector Analysis က Symbols တွေကို သုံးပြီး သီချင်းကြီး အပုဒ် ၂၅၀ ခန့်ကို ဂီတသင်္ကေတထွင်ပေးခဲ့ပါတယ်။

ထူးထူးခြားခြား လယ်တီဆရာတော်ကြီးရဲ့ တရားတော်တွေကို အင်္ဂလိပ်ဘာသာပြန်ပေးတဲ့ ပထမကျော် ဆရာတော်ဦးဉာဏရဲ့ တိုက်တွန်းချက်ကြောင့် လယ်တီဆရာတော်ကြီး ပြုစုခဲ့တဲ့ ပဋ္ဌာန်းဒီပနီ ကျမ်းကြီးကို ပါဠိဘာသာကနေ အင်္ဂလိပ်ဘာသာသို့ ဆရာကြီးက ၁၉၃၀ ပြည့်နှစ်ခန့်မှာ ပြန်ဆိုရေးသားကုသိုလ်ပြုခဲ့ပါတယ်။ ၁၃-၁၂-၁၉၈၃ ခုနှစ် အင်္ဂါနေ့တွင် အသက် ၈၇ နှစ်အရွယ်၌ ဆရာကြီး ကွယ်လွန်ပါတယ်။

**ဒေါက်တာ မောင်မောင်ခ(၁၉၁၇-၂၀၀၅)**

ဆရာခကို ၂-၁၁-၁၉၁၇ ရက် (သောကြာနေ့)မှာ ဖခင် ဦးရွှေလွင်၊ မိခင် ဒေါ်စိန်တို့က မော်လမြိုင်မြို့၌ မွေးဖွားခဲ့ပြီး ၁၉၂၄ ခုနှစ်ကစပြီး ၁၉၃၁ ခုနှစ်အထိ မော်လမြိုင်က St.Augustines(SPG) ကျောင်း၊ ၁၉၃၂ ခုနှစ်မှ ၁၉၃၄ ခုနှစ်ထိ ရန်ကုန်မြို့မ အမျိုးသားအထက်တန်းကျောင်းတို့မှာ ပညာသင်ကြားခဲ့ပြီး ၁၉၃၄-၁၉၃၅ ပညာသင်နှစ်ကစပြီး ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ကြားခဲ့ရာ ၁၉၃၉ ခုနှစ်မှာ B.Sc(Hons) ဘွဲ့ကို ရူပဗေဒဘာသာရပ်နဲ့ ပထမဆင့်နဲ့ အောင်မြင်ဆွတ်ခူးခဲ့ပါတယ်။ အဲဒီ ၁၉၃၉ ခုနှစ်မှာပဲ အင်္ဂလန်နိုင်ငံကို ပညာတော်သင်အဖြစ် စေလွှတ်ခံရပြီး MSc,DIC နဲ့ Ph.D ဘွဲ့ သုံးခုရရှိခဲ့ပါတယ်။ ၁၉၄၄ ခုနှစ်မှာ မြန်မာပြည်ပြန်လာရာမှာတော့ ကမ္ဘာစစ်ကြောင့် အိန္ဒိယနိုင်ငံမှာ ရှစ်လခန့်သောင်တင်နေပြီး ၁၉၄၅ ခုနှစ်မှာ မြန်မာပြည်ပြန်ရောက်ရာ ပြန်ရောက်ရောက်ချင်းပဲ မိုးလေဝသဌာနမှာ လက်ထောက် ညွှန်ကြားရေးဝန်အဖြစ် အမှုထမ်းခဲ့ပါတယ်။ ၁၉၄၆ ခုနှစ် မှာတော့ ရန်ကုန်တက္ကသိုလ် ရူပဗေဒဌာနကထိကအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး ဆရာခ အသက် ၃၀ ပြည့်ခါနီး ၁၉၄၇ ခုနှစ်မှာတော့ ပါမောက္ခရာထူး တိုးမြှင့်ပေးခဲ့ပါတယ်။ မြန်မာနိုင်ငံပညာရေးသမိုင်းမှာ ပထမဦးဆုံး မြန်မာလူမျိုး ရူပဗေဒပါမောက္ခအဖြစ် မှတ်တမ်းဝင်သွားပါတယ်။ ရူပဗေဒပါမောက္ခအဖြစ် ၁၆ နှစ်ကြာ ဆောင်ရွက်ခဲ့ပြီးတဲ့နောက် ၁၉၆၃ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ရဲ့ ပါမောက္ခချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရပါတယ်။ ၁၉၆၄ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကို ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရန်ကုန်လို့ အမည်ပြောင်းပြီး ဘာသာရပ်အလိုက် ထူးချွန်သူတွေပေါ်ထွက်ဖို့ Majoring System နဲ့ ပညာရေးစနစ်သစ် အကောင်အထည်ဖော်ရာမှာ ဆရာခလည်း ရှေ့တန်းကဦးဆောင်ပံ့ပိုးပေးခဲ့ရာ RASU ကနေ ဘွဲ့ရသူတွေထဲက ကမ္ဘာ့အဆင့်မြင့်တက္ကသိုလ်တွေသို့ သွားရောက်ပညာသင်ကြားပြီး ပါရဂူဘွဲ့ရသူပေါင်းများစွာ ပေါ်ထွက်ခဲ့ပါတယ်။ ဆရာခဟာ အနုပညာချစ်သူတစ်ဦးပီပီ ၁၉၅၁ ခုနှစ်မှာ တက္ကသိုလ်အနုပညာအသင်းကြီးကို စတင်တည်ထောင်ဖွဲ့စည်းပေးခဲ့သလို မြန်မာပတ္တလားကို သုတေသနပြုပြီး သုတေသနပြုချက်တွေကို မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် (J.B.R.S) မှာပုံနှိပ်ဖော်ပြခဲ့ကာ "ပတ္တလားကို အနောက်တိုင်းဂီတလွှမ်းမိုးမှုမရှိသော မြန်မာ့တူရိယာ" ဖြစ်ကြောင်း နိုင်ငံတကာကို သိစေခဲ့ပါတယ်။


ဆရာကြီးဦးအောင်လှ (၁၈၉၆-၁၉၈၃)

အထက်တန်းကျောင်းတွေနဲ့ တက္ကသိုလ်တွေအတွက် သင်ထောက်ကူသိပ္ပံပစ္စည်းတွေ ထုတ်လုပ်ရာ သိပ္ပံပစ္စည်းအလုပ်ရုံ (Science Workshop) ကို ရူပဗေဒပါမောက္ခ ဦးစံသာအောင်၊ ဓာတုဗေဒပါမောက္ခ ဦးအောင်ခင်တို့နဲ့အတူ ၁၉၆၄-၆၅ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပါတယ်။ ၁၉၇၅ ခုနှစ်ကစပြီး စာပေးစာယူသင်တန်း (နောင်အဝေးသင်တက္ကသိုလ်) ဖြစ်မြောက်အောင် ဆရာခက စတင်မြေတောင်မြှောက်ပေးခဲ့ပါတယ်။ ပါမောက္ခချုပ်တာဝန်နဲ့ ၁၄ နှစ်ကြာ ထမ်းဆောင်ပြီး ၂၀-၉-၁၉၇၇ ခုနှစ်မှာ သက်ပြည့်ပင်စင်ယူပါတယ်။ ၁၅-၂-၂၀၀၅ (အင်္ဂါနေ့) အသက် ၈၈ နှစ်မှာ ဆရာခ ကွယ်လွန်ပါတယ်။

**ဒေါက်တာချစ်ဆွေ (၁၉၃၁-၂၀၁၉)**

ဆရာချစ်ကို ဖခင် ဦးဟန်တင်၊ မိခင် ဒေါ်သန်းတို့က ၂၅-၅-၁၉၃၁ ရက် (တနင်္လာနေ့)မှာ လယ်ဝေးမြို့နယ် အေလာမြို့မှာ မွေးဖွားပါတယ်။ ၁၉၄၆-၁၉၄၇ ပညာသင်နှစ်မှာ ၁၀ တန်းအောင်မြင်ပြီး မန္တလေးယူနီဗာစီတီကောလိပ်နဲ့ ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ကြားခဲ့ပါတယ်။ ၁၉၅၁ ခုနှစ်မှာ သိပ္ပံဘွဲ့ရရှိကာ ၁၉၅၁-၁၉၅၂ ခုနှစ်အထိ မန္တလေးယူနီဗာစီတီကောလိပ် သင်္ချာဌာနနည်းပြအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၅၂ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ လန်ဒန်မြို့ Imperial College၊ Royal College of Science တွင် ပညာသင်ကြားခဲ့ပြီး အထူးပြု သိပ္ပံတွဲဖြင့် ARCS ဘွဲ့ကို ရရှိခဲ့ပါတယ်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ မန္တလေးယူနီဗာစီတီမှာ သင်္ချာလက်ထောက်ကထိက၊ ၁၉၅၇ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ သင်္ချာကထိကအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုတာဝန်ထမ်းနေစဉ် ဗြိတိသျှ အစိုးရစရိတ်နဲ့ ဗြိတိန်နိုင်ငံ Liverpool University ကို တက်ရောက်ပြီး Mathematical Statistics (Decision Theory) ဘာသာတွဲနဲ့ ပါရဂူဘွဲ့ ရခဲ့ပါတယ်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ စီးပွားရေးတက္ကသိုလ် သင်္ချာဌာန ဌာနမှူးအဖြစ် ဆောင်ရွက်ပြီး ၁၉၆၇ ခုနှစ်က စ၍ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် သင်္ချာပါမောက္ခအဖြစ် စတင်ဆောင်ရွက်ပါတယ်။ RASU မှာ သင်္ချာပါမောက္ခအဖြစ်ဆောင်ရွက်နေစဉ်မှာပဲ မြန်မာပြည်မှာ ကွန်ပျူတာပညာရပ် ဖွံ့ဖြိုးတွင်ကျယ်ရေး စတင်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၉၇၀ ပြည့်နှစ်မှာ စတင်အကောင်အထည်ဖော်နိုင်ပြီး ဆရာချစ်လည်း ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၆ ခုနှစ်အထိ တက္ကသိုလ်များ ကွန်ပျူတာဌာန ညွှန်ကြားရေးမှူးတာဝန်ကို ပူးတွဲထမ်းဆောင်ရပါတယ်။

၁၉၆၇ ခုနှစ်မှာ နှစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အနေနဲ့ ရုရှားနိုင်ငံကို သွားရောက်ခဲ့ပါတယ်။ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၆ ခုနှစ်အတွင်း UNDP နဲ့ UNESCO အစီအစဉ်တွေနဲ့ ဗြိတိန်၊ ပြင်သစ်၊ ချက်ကိုစလိုဗက်ကီးယားနဲ့ အမေရိကကို ကွန်ပျူတာတက္ကသိုလ်ထူထောင်ရေး၊ ကွန်ပျူတာပညာရပ် လေ့လာရေးခရီးစဉ်အဖြစ် သွားရောက်ခဲ့ပါတယ်။ ၁၉၈၄ ခုနှစ်တွင် ဩစတြေးလျနိုင်ငံမှာကျင်းပတဲ့ သင်္ချာကွန်ဂရက်ကို တက်ရောက်ခဲ့ပါတယ်။ ဆရာချစ်ဟာ တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး တက္ကသိုလ်ဓမ္မာရုံကြီး အကြီးစားပြုပြင် မွမ်းမံရေးကြိုးစားဆောင်ရွက်ခဲ့သလို မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဒုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ တက္ကသိုလ်များ အရန်တပ်ရင်းရဲ့ တပ်ရင်းမှူးအဖြစ် ဆောင်ရွက်ခဲ့သလို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ဆရာဖြစ်သင်တန်းက သင်တန်းသားသံဃာတော်တွေနဲ့ လူပုဂ္ဂိုလ်တွေကို မရမ်းကုန်းမြို့နယ်ရှိ ကျောင်းထိုင်ဘုန်းတော်ကြီး သင်တန်းကျောင်းမှာ ၁၉၈၅ ခုနှစ်ကစပြီး Management ဘာသာသင်ကြားပေးခဲ့ပါတယ်။

၁၉၈၆ ခုနှစ်မှာ ဆရာချစ်ဟာ ရန်ကုန်တက္ကသိုလ်ရဲ့ ပါမောက္ခချုပ်အဖြစ် ခန့်အပ်ခံရပြီး ပါမောက္ခချုပ်ရာထူးနဲ့ အငြိမ်းစားယူပါတယ်။ အသက်အရွယ်ရလာတဲ့အခါမှာတော့ ဇနီး၊ သားသမီးတွေနဲ့အတူ အေးချမ်းပျော်ရွှင်စွာ ဩစတြေးလျနိုင်ငံမှာနေထိုင်ပြီး တရားဓမ္မနဲ့ ပျော်မွေ့နေပါတယ်။ မြန်မာပြည်ပြန်လာတိုင်းလည်း တွေ့သမျှတပည့်တွေကို တရားအားထုတ်ဖို့ အမြဲတိုက်တွန်းပါတယ်။ ၂၅-၁၁-၂၀၁၉ ရက် (တနင်္လာနေ့) အသက် ၈၉ နှစ်အရွယ်တွင် ဆရာချစ် ဩစတြေးလျနိုင်ငံမှာ ကွယ်လွန်ပါတယ်။ တက္ကသိုလ်ရာပြည့်မှာ ဒီဆောင်းပါးနဲ့ ကျေးဇူးရှင် ဆရာကြီး ဆရာမကြီးများကို ပူဇော်ကန်တော့ ရေးသားလိုက်ရပါတယ်။ ။

**ကျမ်းကိုး - မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၄၊ ၂၀၀၆၊ ၂၀၂၀။**



# တီးတိန်ပိုးချည်စက်ရုံ၏ ခေတ်မီပိုးချည်စက်သစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၅**
ချင်းပြည်နယ် တီးတိန်မြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၏ ခေတ်မီ ပိုးချည်စက်သစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် တီးတိန်မြို့ ပိုးချည်စက်ရုံနှင့် ပိုးစာသုတေသနခြံ၌ ပြုလုပ်သည်။

ရှေးဦးစွာ ချင်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပူဂင့်ကမ်းလျန်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ပူထန်ဒိတ်ခုပ်နှင့် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးအောင်မျိုးဦး တို့က စက်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ဦးမန်ဟင်းဒါလ်းက အမှာစကားပြောကြားပြီး ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးဆလိုင်းဒယ်နီရယ်ထွန်းတင်က ခေတ်မီ ပိုးချည်စက်သစ်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဝန်ကြီးနှင့်တာဝန်ရှိသူများက စက်သစ်အား ကြည့်ရှုစစ်ဆေးသည်။

**အထောက်အကူပြုနိုင်မည်**

အဆိုပါ စက်သစ်သည် ခေတ်ကာလနှင့်လျော်ညီသည့် အရည်အသွေးမြင့် ပိုးချည်ထုတ်လုပ်၍ နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့နိုင်ရေးအတွက် ရစ်တိုင် ၄၀ ပါ ခေတ်မီ ပိုးချည်စက်ဖြစ်ပြီး တစ်နှစ်လျှင်ပိုးချည်ပေါင် နှစ်တန် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ခြင်းဖြင့် ပိုးစာပင်စိုက်ပျိုး၊ မွေးမြူတောင်သူများ လူနေမှုဘဝမြင့်မားကာ ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**လျန်ပီး(သတင်းစဉ်)**



## စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်ရေးနှင့် သောက်သုံးရေလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၅**
စိုက်ပျိုးရေဖူလုံစွာပေးဝေနိုင်ရေးနှင့် သောက်သုံးရေလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက Virtual Meeting စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် လက်ရှိမိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးရေပေးဝေထားသည့် အခြေအနေနှင့် လာမည့်နွေစပါးနှင့်အခြားသီးနှံများအတွက် ရေပေးဝေမည့်အခြေအနေများ ၊ နွေစပါးရေပေးရာသီမတိုင်မီ ရေပေးဝေရန် ခက်ခဲသည့်တူးမြောင်းများနှင့် အဆောက်အအုံများ အချိန်မီ ပြင်ဆင်ရေးအတွက် ဆောင်ရွက်ထားရှိမှု၊ လက်ရှိရေအသုံးချသူများအဖွဲ့ ( Water User Groups) များဖွဲ့စည်းနိုင်မှုအခြေအနေနှင့် ရေအသုံးချသူများအသင်း (Water User Associations)အဖြစ် တိုးတက်ဖွဲ့စည်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရန်ပုံငွေဖြင့် စီမံဆောင်ရွက်မည့်လုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ကြုံတွေ့ရသည့်လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က လိုအပ်သည်များ ဖြည့်ဆည်းဆွေးနွေးပေးခဲ့ကြကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

## အင်းစိန်မြို့နယ် ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၅**
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အတွက် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် အင်းစိန်ဂျီတီအိုင်ရှိ စားရိပ်သာခန်းမဆောင်၌ ကျင်းပသည်။

**ဆွေးနွေး**

အစည်းအဝေးတွင် မြို့နယ်ရွေးကောက်ပွဲ ဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်လင်းက ရွေးကောက်ပွဲ ဆိုင်ရာ လုံခြုံရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ မြို့နယ်ရွေးကောက်ပွဲ ဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီအတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်မိုးက လုံခြုံရေးစီမံချက်အား တင်ပြဆွေးနွေးသည်။ တက်ရောက်လာကြသူ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များက အင်းစိန် မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံချက် အား ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က နိဂုံးချုပ်အမှာ စကားပြောကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



## ဒိုက်ဦးမြို့နယ်၌ Cash for Work လုပ်ငန်းဆောင်ရွက်မှု စစ်ဆေး

**ဒိုက်ဦး အောက်တိုဘာ ၂၅**
ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ Cash for Work စီမံကိန်းဆောင်ရွက်သော သဲအင်းကျေးရွာ ဂဝံလမ်းခင်းခြင်း၊ မြေသားလမ်းဖို့ခြင်း၊ တုတ်ရိုက်ခြင်း၊ ရေထုတ်ပြွန်ပြုလုပ်ခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၃ ရက်က ခရိုင်ဦးစီးမှူး ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

■

## စားသောက်ကုန်များ ထောက်ပံ့လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၂၅**
ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ အလုပ်အကိုင် အခက်အခဲဖြစ်နေကြသော ပြည်သူ ၆၀၀ အား စားသောက်ကုန်များနှင့် နှာခေါင်းစည်းများကို မြို့နယ် ကိုဗစ်ကော်မတီက အောက်တိုဘာ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် လှည့်လည်ထောက်ပံ့ပေးဝေခဲ့ကြောင်း သိရသည်။

ကျောက်တံတားမြို့နယ် ကိုဗစ်ကော်မတီ၏ စီမံဆောင်ရွက်မှုဖြင့် ယမန်နေ့က အမှတ်(၉) ရပ်ကွက်အတွင်းရှိ ၃၈ လမ်း(အလယ်)နှင့် ၃၉ လမ်း(အလယ်)တို့မှပြည်သူ၃၀၀ အားလည်းကောင်း၊ အောက်တိုဘာ ၂၅ ရက်က ထောက်ပံ့လှူဒါန်းခဲ့ရာတွင်လည်း အမှတ်(၉)ရပ်ကွက်အတွင်းရှိလမ်း(၄၀) (အပေါ်)၊ (အလယ်)၊ (အောက်)တို့မှ ပြည်သူ ၃၀၀ အားလည်းကောင်း တစ်ဦးလျှင် ဆန်တစ်ပြည်နှင့် ခေါက်ဆွဲခြောက် ငါးထုပ်အပါအဝင် နှာခေါင်းစည်း တစ်ကတ်နှင့် လက်သန့်ဆေးရည် တစ်ဘူးတို့ကို လက်ဝယ်အရောက် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း - ပွင့်သစ္စာ**
**ဓာတ်ပုံ - စိုးမြင့်အောင်**



# မွန်ပြည်နယ်တစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား ရရှိပြီဖြစ်

**မော်လမြိုင် အောက်တိုဘာ ၂၅**

မွန်ပြည်နယ်ရှိ ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေး၊ ဗို့အားပြည့်ဝတည်ငြိမ်စွာ သုံးစွဲနိုင်စေရေးအတွက် မွန်ပြည်နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိရာ ပြည်နယ်တစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းမှာ လျှပ်စစ်ဓာတ်အားရရှိနေပြီဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

"မုဒုံ၊ သံဖြူဇရပ်၊ ကျိုက်ထိုနဲ့ ပေါင်မြို့နယ်တို့မှာ လျှပ်စစ်မီး ရရှိနေပြီဖြစ်ပါတယ်။ လျှပ်စစ်မီးရတာ မွန်ပြည်နယ် တစ်ပြည်နယ်လုံးမှာ ရေးမြို့နယ်ကလွဲပြီး ၆၅ ရာခိုင်နှုန်း မိသားစုတွေ လျှပ်စစ်မီး သုံးစွဲနိုင်ပြီဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ လျှပ်စစ်မီး ၅၀ ရာခိုင်နှုန်းကျော် ရရှိနေပြီဖြစ်သော်လည်း မွန်ပြည်နယ်ကတော့ ၇၀ ရာခိုင်နှုန်း လျှပ်စစ်မီး ရရှိနေပြီ ဖြစ်ပါတယ်" ဟု မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောသည်။

ထို့ပြင် ၂၀၁၅ - ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးဝန်အား ၅၁ မဂ္ဂါဝပ် သုံးစွဲနိုင်ခဲ့ရာမှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ၁၃၄ မဂ္ဂါဝပ်သို့ တိုးတက်သုံးစွဲလာနိုင်ခဲ့ပြီဖြစ်ကြောင်း မွန်ပြည်နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

"မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ အမြင့်ဆုံးသုံးစွဲမှုဝန်အား မဂ္ဂါဝပ် ၁၅၀ အထိ သုံးစွဲလာနိုင်မယ်လို့ ခန့်မှန်းထားပြီး အပြည့်အဝ ဓာတ်အားပေးနိုင်ဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်" ဟု မွန်ပြည်နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းဘိုက ပြောသည်။

ထိုသို့ မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လေးနှစ်တာကာလအတွင်း အများပြည်သူနှင့် ပုဂ္ဂလိကအခန်းကဏ္ဍအနေဖြင့် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၉ မိုင်၊ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ နှစ်ရုံ (၄၁အမ်ဗွီအေ)၊ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၀ ဒသမ ၂၉ မိုင်၊ ၃၃ကေဗွီ ဓာတ်အားခွဲရုံ ၁၉ ရုံ (၅၆ အမ်ဗွီအေ)၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၂၇၉ ဒသမ ၅၉၉ မိုင်၊ ၁၁/ သုည ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံ ၇၆၇ ရုံ ၁၂၇ ဒသမ ၈၀၉ အမ်ဗွီအေ၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂၆၂ ဒသမ ၇ မိုင် တိုးချဲ့တည်ဆောက် ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီး အစားထိုးလဲလှယ်မှုများအနေဖြင့် ဓာတ်အားလိုင်းတိုင် အစားထိုးလဲလှယ်ပြီးစီးမှု ၃၇၂၈၆ တိုင်၊ ၁၁ ကေဗွီဓာတ်အားလိုင်းကြိုးအသေးများအား SAC ကြိုးများဖြင့် လဲလှယ်ပြီးစီးမှု ၂၂၉ ဒသမ ၁၁ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ကြိုးအသေးများအား Insulated Cable ဖြင့် လဲလှယ်ပြီးစီးမှု ၂၈၈ မိုင် အစားထိုးလဲလှယ် ဆောင်ရွက်ခဲ့ပြီး လမ်းမီးတပ်ဆင်ပေးမှုအနေဖြင့် လေးနှစ်တာကာလအတွင်း လမ်းမီး ၂၀၀၂ လုံး တပ်ဆင်ခဲ့ကာ ပြည်နယ်အတွင်း မီတာတပ်ဆင်မှုအနေဖြင့် အလုံး ၉၂၃၉၀ တပ်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း နတ်ကြီးချောင်မှ အုန်းတပင်ကျေးရွာအထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၅ မိုင် တည်ဆောက်ခြင်း၊ အုန်းတစ်ပင်(ဆင်ရွာ) ကျေးရွာတွင် ၃၃/၁၁ ကေဗွီအေ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ Control Building (45' x 30' x 18')၊ Switch Yard ပိုင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်ခြင်း၊ မုဒုံဓာတ်အားခွဲရုံမှ ကဒါကျေးရွာအထိ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၀ ဒသမ ၅ မိုင် တည်ဆောက်ခြင်း၊ ကဒါကျေးရွာတွင် ၃၃ /၁၁ ကေဗွီ(၅) အမ်ဗွီအေ ဓာတ်အားခွဲရုံ Control Building (43' x 30' x 18')၊ Switch Yard ပိုင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ တည်ဆောက်ခြင်း၊ မုဒုံ ဓာတ်အားခွဲရုံတွင် 33KV Outgoing Switch Bay 1 Set မြို့ပြပိုင်းနှင့် လျှပ်စစ်ပိုင်းတည်ဆောက်ခြင်း (ကျိုက်မရော မြို့) လုပ်ငန်းတို့ကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့်အပြင် ဂျပန်နိုင်ငံ(JICA- ODA) ချေးငွေဖြင့် စစ်တောင်းခွဲရုံမှ ဆောင်နိုင်ကြီးကျေးရွာအထိ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၀ ဒသမ ၅ မိုင် တည်ဆောက်ခြင်း၊ ဆောင်နိုင်ကြီးကျေးရွာတွင် ၃၃/ ၁၁ ကေဗွီ (၅) အမ်ဗွီအေခွဲရုံ တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်း ၉၉ ဒသမ ၉၈၁ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၃၉ ဒသမ ၀၉ မိုင်၊ ၁၁/သုည ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံ ၁၅၄ ရုံ တိုးချဲ့တည်ဆောက်ခြင်းနှင့် ၃၃ ကေဗွီဓာတ်အားလိုင်း ၅ ဒသမ ၈၉ မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၆ ဒသမ ၃၁ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၄၆ ဒသမ ၄၈ မိုင် အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိရာ အဆိုပါ လုပ်ငန်းများအားလုံးပြီးစီးပါက အိမ်ထောင်စုပေါင်း ၃၂၀၁၈၅ တို့အား လျှပ်စစ်ဓာတ်အား ရရှိမည်ဖြစ်ပြီး ပြည်နယ်တစ်ခုလုံး၏ အိမ်ထောင်စု ၇၅ ဒသမ ၇၆ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

"ပြည်နယ်အတွင်းမှာရှိတဲ့ မြို့နယ် ၁၀ မြို့နယ်နဲ့ မြို့က ၁၇ မြို့ရှိတယ်။ သထုံခရိုင်အတွင်းမှာရှိတဲ့ မြို့တွေကတော့ ဓာတ်အားစနစ်နဲ့ ဓာတ်အားရပြီးပါပြီ။ မော်လမြိုင်ခရိုင်ထဲမှာရှိတဲ့ ရေးမြို့၊ ခေါစ၊ လမိုင်းစတဲ့ သုံးမြို့ကတော့ သီးခြားမီးလင်းရေးအစီအစဉ် ဖြစ်ပါတယ်။ မကြာခင် ရေးမြို့ကိုလည်း လျှပ်စစ်မီးပေးနိုင်ဖို့ ကြိုးစားနေပါတယ်။ မွန်ပြည်နယ်အတွင်း လျှပ်စစ်မီးပေးတဲ့ အနေအထားက လက်ရှိမှာ အိမ်ထောင်စု ၇၃ ဒသမ ၅၇ ရာခိုင်နှုန်းလောက် လျှပ်စစ်မီးပေးနိုင်ပါပြီ။ လာမယ့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်ပြီးရင် ၇၉ ဒသမ ၁၁ ရာခိုင်နှုန်းအထိ တိုးတက်လာမယ်လို့ ခန့်မှန်းပါတယ်'' ဟု ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းဘိုက ပြောသည်။

ထို့ပြင် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃၆၀ ဒသမ ၅၀၈ သန်း သုံးစွဲကာ လမိုင်းမြို့တွင် ၆၆ / ၁၁ ကေဗွီ(၁၀) အမ်ဗွီအေဓာတ်အားခွဲရုံ တစ်ရုံနှင့် လေးခန်းတွဲ တစ်ထပ် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ တည်ဆောက်ခြင်း၊ ပြည်နယ်ရန်ပုံငွေ ၁၄၃၉၁ ဒသမ ၆၃၉ သန်းဖြင့် ၃၃ ကေဗွီလိုင်း (တိုးချဲ့) ၁ ဒသမ ၇ မိုင်၊ ၁၁ ကေဗွီလိုင်း(တိုးချဲ့) ၉၈ ဒသမ ၉၆ မိုင်၊ ၄၀၀ ဗို့လိုင်း(တိုးချဲ့) ၇၃ ဒသမ ၂၁ မိုင်၊ ၁၁/သုည ဒသမ ၄ ကေဗွီခွဲရုံ(တိုးချဲ့) ၁၀၃ ရုံ တည်ဆောက်ခြင်း၊ ၃၃ ကေဗွီလိုင်း (အစားထိုး) ၈ ဒသမ ၇၆ မိုင်၊ ၁၁ ကေဗွီလိုင်း (အစားထိုး) ၄၁ ဒသမ ၈ မိုင်၊ ၄၀၀ ဗို့အားလိုင်း(အစားထိုး) ၆၄ ဒသမ ၆၅ မိုင်၊ ၁၁ /သုည ဒသမ ၄ ကေဗွီခွဲရုံ (အစားထိုး) ၁၂ ရုံ ဆောင်ရွက်ခြင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိသည်။

မွန်ပြည်နယ်အတွင်း နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုင်း ရောက်ရှိမှုမရှိသေးသည့် ဒေသများတွင်လည်း မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ဆောင်ရွက်မှုတို့ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-နေလင်း**



## မိုင်းယန်းမြို့နယ်ရှိ ဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေး

**နေပြည်တော် အောက်တိုဘာ ၂၅**

ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း (ပြည်ထောင်စု)နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၆၀၇ ဒသမ ၃၇၆ သန်းဖြင့် မိုင်းယန်းမြို့နယ် ယန်းကောင်ကျေးရွာအုပ်စု ရေပူစမ်းမှ ဟိုပုန်း(ဟုတ်ပုံ)ကျေးရွာအထိ ကျောက်လမ်း သုံးမိုင်ခင်းပြီး ယင်းလမ်းပေါ်တွင် ငါးပေ Box Culvert ၁၄ စင်းနှင့် ပေ ၂၀ တစ်လွှာတစ်ထပ် သံပေါင်ဘေလီတံတားတစ်စင်းတို့အား တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းပြီးစီးခဲ့ခြင်းကြောင့် မိုင်းလွေကျေးရွာအုပ်စုနှင့် ယန်းကောင်ကျေးရွာ အုပ်စုအတွင်းရှိကျေးရွာ ၂၁ ရွာ၊ အိမ်ခြေ ၈၅၄ အိမ်၊ လူဦးရေ ၅၇၃၃ ဦးတို့အား များစွာအထောက်အကူပြုလျက်ရှိပြီး ဒေသခံတိုင်းရင်းသားများဖြစ်ကြသော ရှမ်း၊ လားဟူ၊ အာခါ၊ လွယ်တိုင်းရင်းသားများသည် မိုင်းယန်းမြို့နှင့် မိုင်းခက်မြို့များသို့ အချိန်တိုအတွင်း လျင်မြန်စွာ ကူးလူးသွားလာနိုင်ပြီဖြစ်ခြင်းကြောင့် ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်မှုလွယ်ကူကာ ဒေသတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုဘဝမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

## ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင်ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ကာတွန်းပြိုင်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါ ကာတွန်းပြိုင်ပွဲကို **"ရာပြည့်တက္ကသိုလ် မြကျွန်းညို"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ကြီး၏ သာယာလှပမှုများ၊ အေးချမ်းပျော်ရွှင်မှုများ၊ ကြည်နူးဝမ်းမြောက်ဖွယ်ရာများ၊ နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများ၊ သမိုင်းအစဉ်အလာကြီးမားခဲ့မှုများနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်ပုံများ စသည်တို့ကို ဖော်ညွှန်းရေးဆွဲယှဉ်ပြိုင်ရမည်ဖြစ်သည်။

**တစ်ပုံသာ ယှဉ်ပြိုင်ရမည်**

ကာတွန်းပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့် ကာတွန်းတစ်ပုံသာ ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်ကာတွန်းများကို လက်ဖြင့်ဖြစ်စေ၊ ကွန်ပျူတာဖြင့်ဖြစ်စေ ရေးဆွဲယှဉ်ပြိုင်နိုင်ပြီး A3 အရွယ် စာရွက်ဖြင့် ရေးဆွဲပေးပို့ယှဉ်ပြိုင်ရပါမည်။ ပြိုင်ပွဲဝင်သည့် ကာတွန်းကို ဆေးရောင်စုံခြယ်၍ ယှဉ်ပြိုင်နိုင်သော်လည်း ရောင်စုံခဲတံ၊ ရောင်စုံဖယောင်းနှင့် အဏုမြူဆေးရောင်စုံတို့ကို အသုံးမပြုရပါ။

**ပေးပို့ရန်**

ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်ကာတွန်းကို ကိုယ်တိုင်ရေးကာတွန်းဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကာတွန်းများကို နိုဝင်ဘာ ၁၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအောင်ကျော်ထက် ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

**သတင်းစဉ်**

## ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၅**

၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းအစဉ်အလာကြီးမားခဲ့မှုများ၊ နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့်အညီ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနေမှုများကို လည်းကောင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော တက္ကသိုလ်ကြီးတစ်ခု ပေါ်ပေါက်လာစေရန်နှင့် လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးကို အကျိုးပြုနိုင်သော စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို လည်းကောင်း ဖော်ညွှန်းရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ဆောင်းပါးပြိုင်ပွဲ**

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ဆောင်းပါးပြိုင်ပွဲကို **"ရာပြည့်တက္ကသိုလ် မြကျွန်းညို"** ခေါင်းစဉ် ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၅ မျက်နှာမှ ၇ မျက်နှာအထိ ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ယှဉ်ပြိုင်ရပါမည်။

**ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲ**

ကဗျာနှင့် ဝတ္ထုတိုပြိုင်ပွဲသို့ နှစ်သက်ရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ကဗျာပြိုင်ပွဲသို့ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၁ မျက်နှာမှ ၂ မျက်နှာအထိ ကွန်ပျူတာစာစီ၍ လည်းကောင်း၊ ဝတ္ထုတိုပြိုင်ပွဲသို့ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၅ မျက်နှာမှ ၇ မျက်နှာအထိ ကွန်ပျူတာစာစီ၍လည်းကောင်း ပေးပို့ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဆောင်းပါးများကို နိုဝင်ဘာ ၁၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအောင်ကျော်ထက် ဒုတိယညွှန်ကြားရေး မှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်သည်။

**သတင်းစဉ်**

# စီးဆင်းနေသော သမဝါယမမြစ်တစ်စင်း

## ခိုင်လွမ်းဝေ(ကန္ဒရဝတီ)

အတန်ငယ်ငြိမ်သက်နေသော သမဝါယမသည်ကား ကိုဗစ်ကာလအတွင်းမှာ လှုပ်ခတ် လာခဲ့ချေပြီ။ အားလုံး သိကြသည့်အတိုင်းပင် ကိုဗစ်-၁၉ ကြောင့် မြန်မာပြည်၏ စိုက်ကုန် တော်တော်များများ တရုတ်ပြည်သို့ တင်ပို့၍ မရတော့။ ထွက်ရှိလာသော ထွက်ကုန်များကလည်း ဘယ်လိုလုပ်ရမည်မသိ။

သည်အတိုင်း ကြည့်နေရုံကတော့ ဘာမှ ဖြစ်လာမည်မဟုတ်။ ပစ္စည်းများကလည်း ရေရှည် အထားမခံသည်လည်း ရှိသည်။ အထားခံတာလည်း ရှိသည်။ ပစ္စည်းများ ရောင်းမထွက်တော့ အချိန်ကုန် ငွေပုပ်ချေပြီ။ သည်အတိုင်းသာဆို နောင်နှစ် ဘယ်လို ပြန်ရင်းရပ့ါဟု တောင်သူများ သောကများနေကြရပြီ။ မိမိတို့ သွေး၊ ချွေးတို့ဖြင့် ရင်းနှီးထားရသော ထွက်ကုန်များ အဟောသိကံ ဖြစ်တာကိုလည်း အဖြစ်မခံနိုင်။ ရှုံးသည်၊ မြတ်သည် အသာထား။ စားသုံးသူလက်ထဲ အကျိုးရှိစွာ ရောက်ရှိသွားမည်ဆိုလျှင် တောင်သူဦးကြီးများ စိတ်ချမ်းမြေ့ကြရမှာ အမှန်။

အခုတော့ ကြည့်ပါဦး၊ ရှမ်းပြည်နယ်ထွက် ဂေါ်ဖီထုပ်တွေ မရောင်းနိုင်ဖြစ်နေပြီ။ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူက ကြက်သွန်နီများကလည်း ထိုနည်းလည်းကောင်း၊ ရှမ်းပြည်နယ်မှမဟုတ်၊ စိုက်ပျိုးရေး ထွက်ကုန်ဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုနေကြသော အနယ်နယ်အရပ်ရပ်ရှိ တောင်သူဦးကြီးများလည်း အခက်အခဲရှိကြမည်ဖြစ်သည်။

ရှမ်းပြည်နယ်မှ တောင်သူဦးကြီးများ၏ အဆင်မပြေမှုများ၊ ညည်းညူသံများ ကြားသိနေရသောအခါ ကမ္ဘောဇဘဏ်နာယက ဦးအောင်ကိုဝင်းက တောင်သူများ အရင်းအနှီး ပြန်လည်ရစေခြင်းငှာ၊ တောင်သူများထံမှ ဂေါ်ဖီထုပ်များ ဝယ်၍လှူဒါန်းခဲ့သည်ဟု ဆိုပါသည်။ အလားတူ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်မှ ကုန်ပစ္စည်းများ လက်ခံဖြန့်ဖြူးပေးနိုင်မည့် တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမအသင်းစုချုပ်များနှင့် ချိတ်ဆက်၍ ပေးပို့ခဲ့ပါသည်။ ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်မှ ပေးပို့လိုက်သည်ဆိုသော်လည်း ကုန်မှာယူထားသော တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ သမဝါယမ အသင်းစုချုပ်များက သယ်ယူစရိတ် ခံယူကြရသည်သာ။ ၎င်းတို့မှတစ်ဆင့် သက်ဆိုင်ရာ မြို့နယ် သမဝါယမအသင်းစုများက ကုန်အရေအတွက် အချိန်အလိုက် အချိုးကျကျခံကြရမည် ဖြစ်သည်။

ရှုံးသည်၊ မြတ်သည် ပဓာနမထား။ အရေးကြီးက သွေးနီးကြဆိုသလိုပင် သမဝါယမသည် အခက်တွေ့နေသော တောင်သူဦးကြီးများအတွက် တစ်ဖက်တစ်လမ်းမှ တာဝန်ယူထမ်းရွက်လိုက်ခြင်းပင်။ တောင်သူဦးကြီးများသည် သမဝါယမအသင်းသားများ ဖြစ်ကောင်းဖြစ်ချင်မှ ဖြစ်မည်။ သည်လို အတိဒုက္ခရောက်နေချိန်တွင် တစ်သွေးတည်း တစ်သားတည်း စိတ်ဓာတ်ဖြင့် သမဝါယမအသိ စိတ်ဓာတ်ဖြင့် ဖြန့်ဖြူးပေးခြင်းသာဖြစ်သည်။

အရောင်မဆိုး၊ အကျိုးမမျှော်ကိုးသည့် သမဝါယမသည် စားသုံးသူ ပြည်သူများ၊ သမဝါယမ အသင်းသားများ လက်ဝယ်အရောက် စေတနာဖြင့် ဝေငှခြင်းများ ပြုနိုင်ခဲ့သည်။ တစ်နည်းဆိုရသော် အိပ်မောကျနေသော သမဝါယမအသင်းသားများ၏ မှတ်ဉာဏ်ကို လှုပ်ခပ်နှိုးဆွလိုက်ခြင်းပင်။

သည့်နောက်တော့ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူက ကြက်သွန်နီများကို ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်သို့ လည်းကောင်း၊ ရှမ်းပြည်နယ်ထွက် ကြက်သွန်ဖြူ အာလူးတို့ကို မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်သို့ လည်းကောင်း၊ အပြန်အလှန် ကုန်စည်စီးဆင်းခြင်းဖြင့် သမဝါယမအခန်းကဏ္ဍကို နိုးကြားစေလိုက်သည်။ ဈေးနှုန်းလည်း သက်သာ၊ အချိန်လည်းမှန်သော ကုန်ပစ္စည်းများကို မြန်ဆန်စွာ ဖြန့်ဖြူးနိုင်ရန် အရေးကြီးပါသည်။ ကုန်ပစ္စည်းများက မိုးထဲလေထဲက ရောက်ရှိလာသည် မဟုတ်ပါလား။

ထို့ကြောင့်လည်း ကုန်ပစ္စည်းများ မရောက်လာခင်ကတည်းက ဝယ်ယူလိုသော အခြေခံသမဝါယမ အသင်းများနှင့် ချိတ်ဆက်ထားပြီးဖြစ်သည်။ အခြေခံသမဝါယမ အသင်းဟုဆိုရာတွင် ရောင်းဝယ်ရေးသမဝါယမ အသင်းသာမဟုတ်၊ ရပ်ကွက်/ ကျေးရွာကိုယ်စားပြု အသင်းများ၊ လက်လုပ် လက်စားငွေစုငွေချေးသမဝါယမ အသင်းများ၊ အသေးစားငွေစုငွေချေးသမဝါယမအသင်းများလည်း ပါဝင်ပေသည်။

သည်လို ဝယ်ယူအောင်လည်း အခြေခံအသင်းများကို စည်းရုံးရပါသည်။ အမှန်ဆိုရပါလျှင် အခြေခံသမဝါယမအသင်း တော်တော်များများသည် ငွေစုငွေချေးသမဝါယမအသင်းများမှတစ်ပါး အသင်းဆိုင်မြေနေရာငှားရမ်းခြင်း၊ ဆိုင်ခန်းငှားရမ်းခြင်းဖြင့်သာ မျောပါနေကြသည်က များပါသည်။

အခုလည်း ကြည့်လေ၊ မခင်မွှေးတို့မြို့နယ်က ရောက်ရှိလာသော ကြက်သွန်ဖြူ ကြက်သွန်နီ၊ အာလူးတို့ကို ဆိုင်အရောက်ပို့စနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

သည်တော့လည်း လျင်မြန်၊ မြန်ဆန်စနစ်ဖြင့် အရောက်ပို့လိုက်ခြင်းက ပို၍အကျိုးရှိပေလိမ့်မည်။ ဈေးနှုန်းသက်သာ၊ အချိန်မှန်ကန်စွာ ရောက်ရှိလာသော ကုန်ပစ္စည်းကို အသင်းသားများ စားသုံးရခြင်းသည် ငြိမ်သက်နေသော သမဝါယမအပေါ် ယုံကြည်အားကိုးမှုများ ရှိလာလိမ့်မည်ဟု မခင်မွှေး တွေးထင်မိပါ၏။ ဤသို့ဆောင်ရွက်ပေးခြင်းအားဖြင့် ကုန်ပစ္စည်းမှာယူလိုသော အသင်းများလည်း ရှိလာသည်။ ထိုသို့ တကူးတက သွားရောက်ပို့ဆောင်ပေးရသည့်အတွက် မြို့နယ်သမဝါယမအသင်းစုအတွက် အရှုံးကာမိစေခြင်းငှာ စရိတ်အနည်းငယ် တင်ခဲ့ရပါသည်။

> **အောင်မြင်နေသော သမဝါယမပုံရိပ်များကို မြင်တွေ့ကြားသိနေရသောအခါ အလွန်ဝမ်းသာပီတိဖြစ်ရပါသည်။ မြန်မာနိုင်ငံအနှံ့အပြားရှိ လက်လုပ်လက်စား သမဝါယမအသင်းများအား ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့သလို မွေးမြူရေးလုပ်ငန်းများကိုလည်း ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ အမှန်တကယ်လုပ်ဆောင်လျက်ရှိသော သမဝါယမအသင်းများအနေဖြင့် အကျိုးစီးပွားဖြစ်ထွန်းသည်မှာ အမှန်ပင်။**

အခြေခံသမဝါယမအသင်းများသည်လည်း စိတ်ပါဝင်စားလာသည်ဟု ဆိုရပေမည်။ အသင်းများလှုပ်ရှားလာခြင်းသည် ကောင်းမွန်သောလက္ခဏာပင် မဟုတ်ပါလော။ အသင်းများ ပါဝင်လှုပ်ရှားလာခြင်းအားဖြင့် အသင်းသားများလည်း ပါဝင်လာနိုင်ပါသည်။ သမဝါယမအသင်းသား မရှိလျှင် သမဝါယမအသင်းမဖြစ်နိုင်။ သမဝါယမအသင်းမရှိလျှင် သမဝါယမအသင်းစုများလည်း မရှိနိုင်။ သမဝါယမအသင်းစု မရှိလျှင် သမဝါယမအသင်းစုချုပ်လည်း ရှိနိုင်မည်မဟုတ်။ သမဝါယမအသင်းစုချုပ်များ မရှိလျှင် ဗဟိုသမဝါယမ အသင်းသည်လည်း ရှိနိုင်ပါမည်လား။ မခင်မွှေး တွေးမိတာပါ။

အသင်းသားသည် တစ်ဦးတစ်ယောက်မှစ၍ ဖွဲ့စည်းရပါသည်။ ဤသို့ အသင်းသားများ စိတ်ပါဝင်စားလာအောင် စားသုံးသူများ၏ လိုအပ်ချက်၊ အကျိုးစီးပွားကို ဖြည့်စွမ်းနိုင်မှသာ အသင်းဟူ၍ ရေရှည်တည်တံ့ပါမည်။

သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုဟူသည် ခေါင်းနှင့် ပန်းသဖွယ်ဖြစ်သဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်။

ပထမ ကိုဗစ်ကာလတုန်းက မခင်မွှေးတို့ နေထိုင်ရာ ဝင်းရှိ သက်ဆိုင်ရာလူကြီးများက လကုန်ပေးစနစ်ဖြင့် စားသောက်ကုန်များ ရောင်းချပေးခဲ့ဖူးသည်။ ခိုင်မာသော အလုပ်သမားများ ဖြစ်တာကြောင့် လကုန်သည်နှင့် ကြွေးမြီများကောက်ခံခဲ့သည်။ သူတို့လည်း အခက်အခဲဖြစ်နေချိန်ဆိုတော့ ဝမ်းသာအားရ အားပေးခဲ့ကြသည်လေ။

သည်အတွေ့အကြုံလေးကို မခင်မွှေးက ကျင့်သုံးလိုက်၏။ အမြတ်ကို အဓိကမထား။ စရိတ်စက အတွက်တော့ ထည့်တွက်ရသည်။ သည့်အတွက် အကျိုးအမြတ်ကတော့ မခင်မွှေးအတွက် တစ်လသုံးရန် ကုန်ပစ္စည်းများ လက်ဝယ်ကျန်ရစ်ခဲ့သည်။ သည်တစ်လအတွက်တော့ ကြက်သွန်ဖြူ ကြက်သွန်နီ၊ အာလူး ဝယ်မစားရတော့ပြီ။ အလုပ်လုပ်သောအကျိုးကို မခင်မွှေး သဘောပေါက်သွားပြီ။ အရင်းအနှီးကလည်း မစိုက်ရ။ မြို့နယ်သမဝါယမအသင်းစုက လကုန်အထိ ဆိုင်းပေးခဲ့သည့်အတွက် မခင်မွှေးစိုက်ထုတ်လိုက်သည်က ဝါယမသာ ဖြစ်သည်။ သည့်ထက်ပိုရောင်းလျှင် ပိုအမြတ်အစွန်း မကျန်နိုင်ပါပြီကော။ သမဝါယမဟူသည်လည်း အတ္တလည်း မဟုတ်၊ ပရဟိတလည်း မဟုတ်။ အတ္တနှင့်ပရဟိတ ပေါင်းစပ် ထားခြင်းသာ ဖြစ်သည်။ ဆီရောင်းလျှင် ဆီခွက်ထဲ ကျန်သည်ကိုတော့ ပိုင်ဆိုင်ခွင့်ရမည်မှာ အမှန်ပင်။

သည်နေရာတွင် မခင်မွှေး အတွေးတစ်ခုဝင်ပါ၏။ မခင်မွှေးသည် အခြေခံစားကုန်ရောင်းချသော အသင်း၏ ဥက္ကဋ္ဌဆိုပါတော့။ မိမိအသင်းတိုးတက်အောင် ဤသို့ မစွမ်းဆောင်သင့်ဘူးလား။ မြို့နယ်သမဝါယမအသင်းစုမှ အခြေခံဟင်းများကို စားသောက်ကုန်များလက်ကားဈေးဖြင့် ရောင်းချပေးလျှင်ကော။ သို့တည်းမဟုတ် အမှန်တကယ် ရောင်းချလိုသည့် အခြေခံသမဝါယမအသင်းများအတွက် ချေးငွေများ ပံ့ပိုးပေးမည်ဆိုပါလျှင် အသင်းများ သက်ဝင်လှုပ်ရှားလာပေလိမ့်မည်။ မြို့နယ်သမဝါယမအသင်းစုသည် ငွေချေးပေးရန် အခြေအနေရှိကောင်းရှိချင်မှ ရှိပေလိမ့်မည်။

မြို့နယ်သမဝါယမအသင်းစုမှလည်း တိုင်းသမဝါယမအသင်းစုချုပ်များသို့ ဆက်လက်တင်ပြပေးမည်ဆိုလျှင် တိုးတက်ရွေ့လျားနိုင်ပါသည်။

တိုင်းသမဝါယမအသင်းစုချုပ်များမှလည်း ချေးငွေထုတ်ပေးခြင်းသော်လည်းကောင်း၊ အနယ်နယ် အရပ်ရပ်မှ ပေးပို့လာသောကုန်များကို ပွဲရုံသဖွယ် စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်မည်ဆိုပါလျှင် တစ်ဆင့်ခံကုန်သည်များအား အမြတ်ပေးဝယ်ခြင်းမှ ကင်းဝေးသွားပေလိမ့်မည်။ ဤသို့ဆိုပါလျှင် သမဝါယမအသင်းများအတွက် အမြတ်ပိုကျန်လာမည် ဖြစ်သည်။

ယခုဆိုလျှင် သမဝါယမသတင်းနှင့် ပညာပေးရေးမှ သမဝါယမဦးစီးဌာနများအား ဖိတ်ခေါ်ကာ ကုန်စည်များ ချိတ်ဆက်ပေးလျက် ရှိပါသည်။ မကြာသေးမီက ရှမ်းပြည်နယ်မှ မြေပဲဆန်အနီ နှင့် အဖြူများ ရောင်းချလိုကြောင်း တင်ပြလာခြင်းအပေါ် ချိတ်ဆက်ပေးခဲ့ရာ ညောင်ဦးမြို့နယ်အတွင်း သမဝါယမအသင်းပိုင်ဆီစက်မှ ပိဿာချိန် ၄၀၀၀ ဝယ်ယူနိုင်ခဲ့ပါသည်။ အသင်းပိုင် ဆီစက်မှ မြေပဲဆီစစ်စစ်ရရှိစေပြီး ပြင်ပပေါက်ဈေး တစ်ပိဿာ ကျပ် ၆၀၀၀ ထက် လျှော့၍ ၅၆၀၀ ဈေးဖြင့် ရောင်းချပေးနိုင်ခဲ့ပါသည်။

ဤသို့ဆိုပါလျှင် သမဝါယမလုပ်ငန်းများ မအောင်မြင်သလောဟု မေးလာပါက အောင်မြင်နေသော အသင်းများစွာ ရှိနေသည်ဟု ဖြေရပေလိမ့်မည်။ သာဓကပြရလျှင် ရန်ကုန် တိုင်းဒေသကြီး ခရမ်းမြို့နယ်ရှိ ကုန်ပဒေသာဆိုင်၊ မရမ်းကုန်းမြို့နယ်ရှိ စိန်နဂါးစက်မှုလက်မှုကုန်ထုတ် သမဝါယမအသင်းမှ သဘာဝဓာတ်ငွေ့အသုံးပြု၍ မီးခံအုတ်နှင့် မီးခံမြေမှုန့်များ၊ လျှပ်စစ်သုံး ကြွေသီးမျိုးစုံ ပစ္စည်းများ၊ ဘိုင်အိုဒီဇယ်သုံး ဖန်ပုလင်းများ၊ ဆေးဝါးစက်ရုံသုံး ဆေးပုလင်းများ၊ အလှဆင်ဖန်ထည်ပစ္စည်းများ ထုတ်လုပ်ပြီး နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ၊ ဆေးဝါးစက်ရုံများနှင့် ပုဂ္ဂလိက စက်ရုံများသို့ ဖြန့်ဖြူးရောင်းချခြင်း၊ အင်းစိန်မြို့နယ်ရှိ ဆေးဝါးကျွမ်းကျင်သူများ သမဝါယမအသင်းက ဆေးဝါးများ ထုတ်လုပ်ရောင်းချပေးခြင်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ သီရိစန္ဒာသမဝါယမအသင်းက ကုန်ကြမ်းပေးအပ်နှံလာသော ပြည်တွင်း ပြည်ပကုမ္ပဏီ အဖွဲ့အစည်းများ၏ အထည်များအား လုပ်ခပေး(CMP) စနစ်ဖြင့် လက်ခံချုပ် လုပ်ပေးခြင်းဖြင့် ပြည်တွင်း ပြည်ပ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ ပြည်ပပို့ကုန် တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရအောင် ဆောင်ရွက်ပေးခြင်း၊ သည့်အပြင် ရှမ်းပြည်နယ် လွိုင်လင်ခရိုင်အတွင်းရှိ Green Gold ကော်ဖီစိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်းမှ ပြင်သစ်နိုင်ငံသို့ အရည်အသွေးပြည့်မီ ကော်ဖီ တန်ချိန် ၁၉ ဒသမ ၂ တန် တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ပြည်တွင်းအနေဖြင့် ကျိုက်ထိုမြို့နယ်သမဝါယမအသင်းစုမှ နှစ်လပ်သီးနှံနှင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးခြင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ရေထွက်ပစ္စည်းများကို စားသုံးသူလက်ဝယ်အရောက် ရောင်းချပေးခြင်း၊ ကန်ကြီးထောင့်မြို့နယ် သမဝါယမအသင်းများမှ ပေါ်ဆန်းမွှေးမျိုးစေ့ ထုတ်လုပ်စိုက်ပျိုးခြင်း၊ မေမြို့မြို့မ ဈေးကြီးမှ ငွေစုငွေချေးလုပ်ငန်း၊ ညောင်ဦးမြို့နယ်ရှိ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ နေပြည်တော်ရှိ သမဝါယမအသင်းများက လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းများဖြင့် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိခြင်း၊ ရပ်စောက်မြို့နယ်မှ ရွှေဂျင်းစိမ်းမျိုးစေ့ထုတ်လုပ်ရောင်းချခြင်း၊ မြောင်းမြမြို့နယ်ရှိ မြမျိုးသန့်မျိုးစေ့ သမဝါယမအသင်းက မျိုးစေ့စပါးများ ထုတ်လုပ်ရောင်းချခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဤကဲ့သို့ အောင်မြင်နေသော သမဝါယမပုံရိပ်များကို မြင်တွေ့ကြားသိနေရသောအခါ အလွန်ဝမ်းသာပီတိဖြစ်ရပါသည်။ မြန်မာနိုင်ငံအနှံ့အပြားရှိ လက်လုပ်လက်စား သမဝါယမအသင်းများအား ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့သလို မွေးမြူရေးလုပ်ငန်းများကိုလည်း ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။ အမှန်တကယ်လုပ်ဆောင်လျက်ရှိသော သမဝါယမအသင်းများအနေဖြင့် အကျိုးစီးပွား ဖြစ်ထွန်းသည်မှာ အမှန်ပင်။

ဥပမာပြရပါလျှင် ရှမ်းပြည်နယ် နောင်ချိုမြို့နယ် အသင်းစုမှ Exim Bank ချေးငွေများ ထုတ်ချေးနိုင်ခြင်းဖြင့် ကိုယ်ပိုင်မြေ အဆောက်အအုံမရှိသော အခြေအနေမှ အသင်းပိုင်မြေနှင့် အဆောက်အအုံဆောက်လုပ်နိုင်ခြင်းများ လုပ်ဆောင်နိုင်ခဲ့ပါသည်။

ဤသို့ဆိုလျှင် ဆိုင်ခန်းငှားရမ်းခလေး တစ်ခုတည်းအပေါ် မှီခိုပြီး ဝန်ထမ်းလစာ၊ အမှုဆောင်လစာများ ရယူနေသော သမဝါယမအသင်းများလည်း ပြောင်းလဲချိန်တန်ပြီဟု ဆိုချင်ပါသည်။

နှစ်တစ်နှစ်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်၍ မခင်မွှေးအား ဖိတ်ကြားခံရတိုင်း အချို့သောအသင်းများကို မခင်မွှေး အကြံပြုစကားဆိုလေ့ရှိပါသည်။

ဥပမာ- အမှန်တကယ် ဝင်ငွေလိုအပ်နေသော၊ အိမ်နေရင်း ဝင်ငွေရရှိနိုင်သော၊ စက်ချုပ်လုပ်ငန်းကို လုပ်ကိုင်လိုသော အသင်းသားများရှိသည်ဆိုပါတော့၊ ထိုအသင်းသားအား အပ်ချုပ်စက်တစ်လုံးကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးလျှင် မဖြစ်နိုင်ဘူးလား။ ဆိုင်ကယ်ကယ်ရီဆွဲနေသော အသင်းသားတစ်ဦးကို ကိုယ်ပိုင်ဆိုင်ကယ်လေးဖြစ်လာအောင် နေ့သွင်းစနစ်ဖြင့် ဆိုင်ကယ် ဝယ်ပေးလျှင်ကော အသင်းဝင်ငွေ မတိုးနိုင်ပေဘူးလား။ ကိုယ်ပိုင်အိမ်ဆိုင်လေး တည်ချင်သော အသင်းသား တစ်ဦးကို ချေးငွေများ အရစ်ကျချေးပေးလျှင် မဖြစ်နိုင်ပေဘူးလား။

အဝေးကြီး၊ အကြီးကြီး မစဉ်းစားပါဘဲ၊ တစ်နိုင်တစ်ပိုင်လေး စတင်ရုံဖြင့် အကျိုးအမြတ် စတင်ရရှိလာနိုင်ပါလိမ့်မည်။ သမဝါယမအသင်းတစ်သင်းမှစ၍ အနယ်နယ်အရပ်ရပ်ရှိ သမဝါယမအသင်းများအထိ သမဝါယမ အသိစိတ်ဓာတ်ဖြင့် စွမ်းဆောင်ကြမည်ဆိုလျှင် သမဝါယမရေစီးကြောင်းသည် စဉ်ဆက်မပြတ် စီးဆင်းနေသော မြစ်တစ်စင်းအဖြစ် ရှင်သန်နေပေလိမ့်မည်ဟု မခင်မွှေး ယုံကြည်မိပါကြောင်း။ ။

# ပြင်သစ်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ တစ်သန်းကျော်ရှိ

**ပါရီ အောက်တိုဘာ ၂၅**

ပြင်သစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေပေါင်းသည် တစ်သန်းကျော်ရှိသွားပြီဖြစ်ပြီး ၎င်းဗိုင်းရပ်စ်တစ်ကျော့ပြန် ကူးစက်ပြန့်ပွားမှုများဖြစ်ပေါ်နေသည့် ဥရောပတိုက်နိုင်ငံများထဲ၌ စပိန်နိုင်ငံ၏နောက်တွင် အဆိုပါရောဂါပိုးကူးစက်ခံရသူဦးရေ ဒုတိယအများဆုံးနိုင်ငံဖြစ်လာကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားသူဦးရေများသည် ပျမ်းမျှအားဖြင့် နေ့စဉ် ၄၂၀၀ ကျော်ရှိနေပြီး ၎င်းဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေ စုစုပေါင်းတစ်သန်းကျော်ရှိနေကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုများအား ထိန်းချုပ်နိုင်ရေးအတွက် ပြင်သစ်အစိုးရက လွန်ခဲ့သည့်ရက်သတ္တပတ်က ညပိုင်းအချိန် အိမ်ပြင်မထွက်ရအမိန့်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပြီး ယင်းအမိန့်တွင် မြို့တော်ပါရီနှင့် နိုင်ငံအတွင်းရှိ အခြားအစိတ်အပိုင်းများ ပါဝင်သည်။ ညမထွက်ရအမိန့်ထုတ်ပြန်မှု၏ အကျိုးသက်ရောက်မှုကို လာမည့်ရက်သတ္တပတ်တွင် စတင်လိမ့်မည်ဟု သမ္မတအီမန်နျူရယ်မက်ခရွန်က ပြောကြားခဲ့ပြီး ပြင်သစ်နိုင်ငံအနေဖြင့် ဒုတိယအကြိမ် ကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ရန်အတွက်ဆိုသည်ကိုမူ ပြောကြားရန် စောလွန်းသေးသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ဆန်းစစ်လေ့လာ**

ဤအတောအတွင်း ဥရောပရောဂါ ကာကွယ်တားဆီးရေးနှင့် ထိန်းချုပ်ရေးဌာနက နိုင်ငံပေါင်း ၃၁ နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေအား ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် ၎င်းတို့၏အိမ်နီးချင်းနိုင်ငံများသို့ သယ်ဆောင်လာမှုကို ဆန်းစစ်လေ့လာခဲ့သည်။

ပြင်သစ်၊ စပိန်နှင့် အီတလီနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုအခြေအနေများမှာ စိုးရိမ်ဖွယ်ရာရှိကြောင်း ဥရောပရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာန၏ အစီရင်ခံစာ၌ ဖော်ပြသည်။

ကိုးကား- အင်န်အိတ်ချ်ကေ
ဘာသာပြန် -ဇော်ဝင်း

# ကင်မရွန်းရှိ စာသင်ကျောင်းအား သေနတ်သမားများ စီးနင်းတိုက်ခိုက်ရာ ကလေးငယ်ရှစ်ဦး သေဆုံး

**ယောင်းဒီ အောက်တိုဘာ ၂၅**

ကင်မရွန်းနိုင်ငံအနောက်တောင်ပိုင်းရှိ စာသင်ကျောင်းတစ်ခုအား ယမန်နေ့က သေနတ်သမားများ စီးနင်းတိုက်ခိုက်ခဲ့ရာ ကလေးငယ်ရှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့က ပြောကြားခဲ့သည်။

Mother Francisca International Bilingual Academy ပိုင် စာသင်ကျောင်းအား သေနတ်များ၊ တောခုတ်ဓားများဖြင့် တိုက်ခိုက်မှုကြောင့် ကလေးငယ်ရှစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA) အား ကိုးကား၍ ဖော်ပြသည်။ တိုက်ခိုက်မှုကြောင့် ကလေးငယ် ၁၂ ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့ကို ဒေသန္တရဆေးရုံများသို့ ပို့ဆောင်ခဲ့ကြောင်း၊ ယခုတိုက်ခိုက်မှုက ဒေသတွင်း၌ လက်ရှိအချိန်ထိ အဆိုးရွားဆုံး တိုက်ခိုက်မှုများအနက် တစ်ခုဖြစ်ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။



**တွစ်တာလူမှုကွန်ရက်၌ ရေးသားခဲ့**

အကြမ်းဖက်သမား ကိုးဦးပါအဖွဲ့တစ်ဖွဲ့က စာသင်ကျောင်းကို စီးနင်းကာ အသက်ကိုးနှစ်နှင့် ၁၂ နှစ်ကြား ကလေးငယ်များကို ပစ်ခတ်ခဲ့ရာ ကလေးငယ်များသေဆုံးခဲ့ခြင်းဟု ရဲတပ်ဖွဲ့သတင်းရပ်ကွက်များက ပြောသည်။ မူလတန်းကျောင်းသားများအပေါ် လူမဆန်သော တိုက်ခိုက်မှုလုပ်ဆောင်ခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းဖော်ပြရန် စကားလုံးမရှိဟု အာဖရိကသမဂ္ဂ ဥက္ကဋ္ဌ မော့ဆာဖာကီမာဟာမတ်က တွစ်တာလူမှုကွန်ရက်၌ ရေးသားခဲ့သည်။ "ခွမ်ဘာမြို့မှာ ကလေးငယ်တွေအပေါ် ကျူးလွန်ခဲ့တဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို ကျွန်တော် ရှုတ်ချပါတယ်" ဟု ကင်မရွန်း ကျန်းမာရေးဝန်ကြီး မာလာချီမာနာအော်ဒါက ပြောသည်။

တိုက်ခိုက်မှုနှင့်ပတ်သက်၍ မည်သည့်အဖွဲ့ကမှ ၎င်းတို့၏လက်ချက်ဟု မပြောကြားခဲ့သော်လည်း ခွမ်ဘာဒေသတွင် အင်ဂလိုဖုန်းခွဲထွက်ရေးသမားများနှင့် အစိုးရတပ်ဖွဲ့များကြား အကြမ်းဖက်မှုဖြစ်ပွားနေသည်မှာ သုံးနှစ်ကြာမြင့်ပြီဖြစ်သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ကျော်ထိုက်စိုး



# နိုင်ငံရေးကြော်ငြာများနှင့် ပတ်သက်ပြီး သုတေသနပြုမှုများကို တားဆီးရန် ဖေ့စ်ဘွတ် ကြိုးပမ်းလာ

**ဆန်ဖရန်စစ္စကို အောက်တိုဘာ ၂၅**

နိုင်ငံရေးကြော်ငြာများက မဲဆန္ဒရှင်များ၏ အာရုံကို မည်သို့ လွှမ်းမိုးသည်ဆိုသည့်အချက်နှင့် ပတ်သက်ပြီး ပြုလုပ်သည့် နယူးယောက်တက္ကသိုလ်၏ သုတေသနဆောင်ရွက်ချက်သည် သုံးစွဲသူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ၏ လုံခြုံရေးကို ချိုးဖောက်ရာရောက်သဖြင့် ဆက်လက်လုပ်ဆောင်ခြင်း မပြုရန် ဖေ့စ်ဘွတ်က နယူးယောက်တက္ကသိုလ်သို့ အကြောင်းကြားခဲ့ကြောင်း သိရသည်။

" လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပဲ ဖေ့စ်ဘွတ်က လူမှုကွန်ရက်မှာ လုပ်ဆောင်နေတဲ့ နိုင်ငံရေးကြော်ငြာတွေနဲ့ ပတ်သက်ပြီး စူးစမ်းလေ့လာမှုတွေ လုပ်ဆောင်နေတာကို ရပ်တန့်လိုက်ဖို့ တောင်းဆိုလာပါတယ်။ ဒါပေမယ့် ဒီကြော်ငြာတွေက ဘယ်လိုလူတွေကို ပစ်မှတ်ထားပြီးလုပ်တတ်တယ်ဆိုတာ လူထုအနေနဲ့သိရှိဖို့လိုအပ်တယ်လို့ ယူဆလို့ သူတို့ တောင်းဆိုချက်ကို လက်မခံခဲ့ပါဘူး" ဟု ကြော်ငြာများနှင့် ပတ်သက်၍ သုတေသနပြုနေသည့် ပါရဂူဘွဲ့သင်တန်းသူ လော်ရာက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာချိန်တွင် ဖေ့စ်ဘွတ်က ရွေးကောက်ပွဲလှုံ့ဆော်ရေးနှင့် နိုင်ငံရေးအင်အားစုများက လူမှုကွန်ရက်များကို ပစ်မှတ်ထားကာ မဲဆန္ဒရှင်များ၏ အာရုံကိုရယူရန် ကြိုးပမ်းမှုများနှင့်ပတ်သက်သည့် ကိစ္စရပ်များကို တင်းတင်းကျပ်ကျပ် စိစစ်နေသည်။

သုတေသနပြုသူများက ဖေ့စ်ဘွတ်သုံးစွဲသူများ ပြန်လည်ဝေမျှထားသည့် ပို့စ်အရေအတွက်၊ ရေးသားထားသည့် မှတ်ချက်များ၊မည်သည့်ကြော်ငြာအမျိုးအစားက မည်သို့သောပုဂ္ဂိုလ်ကို ပစ်မှတ်ထားဆွဲဆောင်သည်ဆိုသည်နှင့် ပတ်သက်ပြီး အချက်အလက်များကို စုဆောင်းကာစာတမ်းပြုစုနေကြသည်။

ဖေ့ဘွတ်စ်၏ ပြောရေးဆိုခွင့်ရှိသူ ဂျိုးအော်စဘော်နီက "ပုဂ္ဂိုလ်ရေး အချက်အလက်တွေကို အသေးစိတ်လိုက်ကြည့်ပြီးလုပ်နေတဲ့ သုတေသနဖြစ်လို့ ဖေ့စ်ဘွတ်ရဲ့ စည်းမျဉ်းကို ချိုးဖောက်တာကြောင့် နယူးယောက်တက္ကသိုလ်ကို သတိပေးစာ ပေးပို့ခဲ့တာဖြစ်ပါတယ်" ဟု အတည်ပြုခဲ့သည်။

ဆန်ဖရန်စစ္စကိုမြို့အခြေစိုက် ဖေ့စ်ဘွတ်သည် ၂၀၂၀ရွေးကောက်ပွဲမတိုင်မီတွင် နိုင်ငံရေးဆိုင်ရာ ကြော်ငြာများနှင့် ပတ်သက်ပြီး စည်းမျဉ်းများကို ယခင်ထက်ပိုမို တင်းကျပ်ထားခြင်းဖြစ်သည်။ နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲမတိုင်မီ တစ်ပတ်အလိုတွင် ဖေ့စ်ဘွတ်ပေါ်၌ မည်သည့်နိုင်ငံရေးကြော်ငြာချက်ကိုမျှ ခွင့်ပြုမည်မဟုတ်ကြောင်းလည်း အစောပိုင်းကပင် အတည်ပြုထားပြီးဖြစ်သည်။

ကိုးကား-ဗန်ကောက်ပို့စ်၊ ဘာသာပြန်-မေလဲ့သင်း

# အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသောဆေးဘက်ဝန်ထမ်း ၂၅၃ ဦးရှိလာ

**ဂျကာတာ အောက်တိုဘာ ၂၅**

အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့စဉ်အတွင်း ဆေးဘက်ဝန်ထမ်း ၂၅၃ ဦးသေဆုံးခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

ယခုလို ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးဘက်ဝန်ထမ်းများ အသက်ဆုံးရှုံးမှုသည် အချိန်တိုအတွင်း အစားထိုး၍မရသည့် ဆုံးရှုံးမှုပင်ဖြစ်ကြောင်း အင်ဒိုနီးရှားဆေးဘက်ဆိုင်ရာအသင်းမှ ကိုဗစ်-၁၉ ရောဂါ လျှော့ချရေးအသင်းဝင် အယ်ကာမူလီယာနာက ပြောကြားသည်။

ကိုဗစ်-၁၉ရောဂါကြောင့်သေဆုံးသွားသည့်ဆေးဘက်ဝန်ထမ်းများအနက် ၁၄၀ သည် ဆရာဝန်များဖြစ်ပြီး ကိုးဦးသည် သွားဘက်ဆိုင်ရာ ဆရာဝန်များဖြစ်ကာ ကျန် ၁၀၃ ဦးသည် သူနာပြုများဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသွားသည့် ဆရာဝန် ၁၄၁ဦးအနက် ၇၅ ဦးသည် အထွေထွေရောဂါကုဆရာဝန်များဖြစ်ပြီး ကျန် ၆၄ ဦးသည် အထူးကုဆရာဝန်များဖြစ်ကာ ကျန်နှစ်ဦးသည် ဒေသခံများဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း လေးသိန်းနီးပါး ရှိလာပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၀၀၀ ကျော်ရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၈၈၁၅ ဦး ရှိလာပြီး ၅၈၀၃ ဦး သေဆုံး

**ဒါကာ အောက်တိုဘာ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၀၈ ဦး ထပ်မံတွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ရောဂါကူးစက်ခံရသူပေါင်း ၃၉၈၈၁၅ ဦး ရှိလာကြောင်း၊ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၂၃ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၈၀၃ ဦး ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အပြင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာခဲ့ရာ လွန်ခဲ့သည့် ၂၄ နာရီအတွင်း နိုင်ငံတစ်ဝန်းလုံး၌ လူဦးရေ ၁၁၁၀၃ ဦးတို့၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၁၅၄၄ ဦးတို့သည် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ထပ်မံပြန်ဆင်းခဲ့ကြရာ ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူပေါင်း ၃၁၅၁၀၇ ဦး ရှိလာခဲ့ကြောင်း သိရသည်။

**ရောဂါမှသက်သာလာသူများပြား**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် လက်ရှိသေဆုံးမှုနှုန်းမှာ ရောဂါကူးစက်ခံရသူအားလုံး၏ ၁ ဒသမ ၄၆ ရာခိုင်နှုန်းခန့်ရှိပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာမှုနှုန်းမှာ ရောဂါကူးစက်ခံရသူ အားလုံး၏ ၇၉ ဒသမ ၀၁ ရာခိုင်နှုန်းခန့်ရှိသည်။

ဇူလိုင် ၂ ရက်က ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၀၁၉ ဦး တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါပိုး စတင်တွေ့ရှိခဲ့ပြီးနောက် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှုန်း အမြင့်မားဆုံးဖြစ်လာခဲ့သည်။ ထို့အပြင် ဇွန် ၃၀ ရက်က ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် လူနာ ၆၄ ဦး သေဆုံးခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယနေ့အထိ သေဆုံးမှုနှုန်း အမြင့်ဆုံးဖြစ်လာခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



# သမ္မတ ထရမ့် ဖလော်ရီဒါတွင် ကြိုတင်မဲပေးပြီးနောက် ပြည်နယ်သုံးခု၌ မဲဆွယ်စည်းရုံးမှု ဆက်တိုက်ပြုလုပ်

**အိုဟိုင်းအိုး အောက်တိုဘာ ၂၅**

သမ္မတ ထရမ့်သည် ဖလော်ရီဒါပြည်နယ်တွင် ကြိုတင်မဲပေးခဲ့ပြီးနောက် ချက်ချင်းဆိုသလို ပြည်နယ်သုံးခုတွင် မဲဆွယ်စည်းရုံးရေးကို ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထရမ့်သည် တောင်ကယ်ရိုလိုင်းနား၊ အိုဟိုင်းအိုးနှင့် ဝစ်ကိုဆန်ပြည်နယ်များသို့ သွားရောက်ခဲ့ပြီး ကြိုတင်မဲရလဒ်များအရ ဘိုင်ဒင်အသာရနေမှုကို ချေဖျက်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်း အမေရိကန် မီဒီယာများက ဖော်ပြသည်။

အောက်တိုဘာ ၂၄ ရက်အထိ အမေရိကန်ပြည်သူ ၅၇ သန်း ကြိုတင်မဲပေးပြီးဖြစ်သည်။ အမေရိကန်အနောက်အလယ်ပိုင်း ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်တက်နေသည့်အချိန်မှာပင် သမ္မတထရမ့်က အဆိုပါနယ်မြေများသို့ လာရောက်မဲဆွယ်နေခြင်းဖြစ်သည်။ ကြိုတင်မဲရလဒ်များအရ ဘိုင်ဒင်က ထရမ့်ကို ရှစ်မှတ်ဖြတ်ထားနိုင်သော်လည်း ရွေးကောက်ပွဲကျင်းပရမည့်ရက်နီးကပ်လာသည်နှင့်အမျှ ထရမ့်မှာ ဘိုင်ဒင်၏ဦးဆောင်မှုကို တဖြည်းဖြည်း လျှော့ချလာနိုင်ခဲ့သည်။

သမ္မတထရမ့်သည် ဖလော်ရီဒါပြည်နယ်ရှိ ၎င်းပိုင်ဆိုင်ရာမာအာလာဂိုအပန်းဖြေစခန်းအနီးတွင် တည်ရှိသည့်ဝက်စ်ပန်းကမ်းခြေအနီး စာကြည့်တိုက်တွင် ကြိုတင်မဲပေးခဲ့ခြင်းဖြစ်သည်။ မီဒီယာများသို့လည်း "ကျွန်တော်က ထရမ့်အမည်ရ ပုဂ္ဂိုလ်ကို မဲပေးခဲ့တာပါ" ဟုလည်း ပြောကြားခဲ့သည်။ ဖလော်ရီဒါသည် သမ္မတလောင်းအများစုအတွက် အဓိက အဆုံးအဖြတ်ပြုသည့် ပြည်နယ်များတွင် အပါအဝင်ဖြစ်ပြီး ထရမ့်သည် ဖလော်ရီဒါတွင် မဲပေးနိုင်ရေးအတွက် ၎င်း၏ လိပ်စာကို ယခင်နယူးယောက်မှ ဖလော်ရီဒါသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတလောင်းအများစုက အဓိက အဆုံးအဖြတ်ပေးနိုင်သည့် ပြည်နယ်များဖြစ်သည့် မစ်ချီဂန်၊ ဝစ်ကိုဆန်၊ ပင်ဆယ်ဗေးနီးယား၊ ဖလော်ရီဒါ၊ အိုဟိုင်းအိုးနှင့် တောင်ကယ်ရိုလိုင်းနား ပြည်နယ်များသို့ ပစ်မှတ်ထားကာ မဲဆွယ်စည်းရုံးလေ့ရှိသည်။ သမ္မတအနေဖြင့် အောက်တိုဘာ ၂၆ ရက်တွင် ပင်ဆယ်ဗေးနီးယား၊ အောက်တိုဘာ ၂၇ ရက်တွင် မစ်ချီဂန်နှင့် နီဘရားစကားပြည်နယ်များသို့ ဆက်လက်သွားရောက်မည်ဖြစ်သည်။

**ကိုးကား- ဘီဘီစီ၊ ဘာသာပြန်-မေလွဲ့သင်း**




# အက်စထရာဇန်နီကာကုမ္ပဏီနှင့် Johnson & Johnson ကုမ္ပဏီတို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုများ ပြန်လည်စတင်မည်

**ဝါရှင်တန် အောက်တိုဘာ ၂၅**

အမေရိကန် ကျန်းမာရေးဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုများကို ပြန်လည်စတင်ခွင့်ပြုလိုက်ကြောင်း အမေရိကန်ဆေးဝါးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် အက်စထရာဇန်နီကာကုမ္ပဏီက ပြောကြားခဲ့ပြီး အမေရိကန်ဆေးဝါးကုမ္ပဏီ Johnson & Johnson ကလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုကို ပြန်လည်စတင်ရန် စီစဉ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။




**ပူးပေါင်းဆောင်ရွက်**

အက်စထရာဇန်နီကာ ကုမ္ပဏီသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ရန် အောက်စဖို့ဒ်တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လက်တွေ့စမ်းသပ်မှုတွင် ပါဝင်သူတစ်ဦး မမျှော်လင့်ဘဲ ဖျားနာမှုဖြစ်ပွားခဲ့ပြီးနောက် လက်တွေ့စမ်းသပ်မှုများကို ပြီးခဲ့သည့်လက ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာနက လက်တွေ့စမ်းသပ်မှုများမှရရှိသော ဘေးကင်းလုံခြုံမှုရှိသည့် အချက်အလက်အားလုံးကို ပြန်လည်သုံးသပ်ခဲ့ပြီးနောက်အမေရိကန်နိုင်ငံ၌ လက်တွေ့စမ်းသပ်မှုများကို ပြန်လည်စတင်ရန် အောက်တိုဘာ ၂၃ ရက်က အတည်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း အက်စထရာဇန်နီကာ ကုမ္ပဏီက ပြောကြားခဲ့သည်။

အက်စထရာဇန်နီကာကုမ္ပဏီသည် ဂျပန်ပြည်သူများအတွက် တစ်ခါသုံးဆေးအလုံးရေသန်း ၆၀ ထောက်ပံ့ပေးရန်လည်း ဂျပန်အစိုးရနှင့် သဘောတူထားပြီး လာမည့်မတ်လတွင် ပြည်သူ ၁၅ သန်းအတွက် ကာကွယ်ဆေးရရှိရန် မျှော်လင့်ထားသည်။

Johnson & Johnson ကုမ္ပဏီသည်လည်း ဘေးကင်းလုံခြုံမှုရှိသော သုံးသပ်ချက်များကို လုပ်ဆောင်ရန်အတွက် ယင်းကုမ္ပဏီ၏ လက်တွေ့စမ်းသပ်မှုများကို အောက်တိုဘာ ၁၂ ရက်တွင် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် အမေရိကန်အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ခွင့်ပြုချက်နှင့်အတူ လက်တွေ့စမ်းသပ်မှုများကို ပြန်လည်စတင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆီးရီးယားနိုင်ငံသို့ ဆေးပစ္စည်း ၈ ဒသမ ၈ တန် လှူဒါန်း

**ဒမတ်စကတ် အောက်တိုဘာ ၂၅**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးအတွက် ဆီးရီးယားနိုင်ငံသို့ ဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းနှင့် ကာကွယ်ရေးပစ္စည်း ၈ ဒသမ ၈ တန်ကို အောက်တိုဘာ ၂၄ ရက်တွင် လှူဒါန်းခဲ့ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ ဆာနားက သတင်းဖော်ပြခဲ့သည်။

ဒမတ်စကတ်အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် နိုင်ငံအတွင်းသို့ ဖြန့်ချိပေးခဲ့သည့် ပစ္စည်းများထဲတွင် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ ဆေးဝါးများနှင့် အခြားသောဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းများ ပါဝင်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရှေ့ပိုင်းမြေထဲပင်လယ်ဒေသနိုင်ငံများသို့ မရှိမဖြစ်လိုအပ်သည့် လိုအပ်ချက်အမျိုးမျိုးကိုလည်း ဖြည့်စွမ်းပေးခဲ့ကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဒေသန္တရညွှန်ကြားရေးမှူး အာမက်အယ်လ်မန်ဒါရီက ပြောကြားခဲ့သည်။

ဆီးရီးယားနိုင်ငံသည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၃၁၉ ဦးရှိပြီး ပြန်လည်ကျန်းမာလာသူ ၁၆၉၂ ဦးရှိခဲ့ကာ သေဆုံးသူ ၂၆၄ ဦးရှိကြောင်းလည်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ကပ်ရောဂါကာလအတွင်း ဘရာဇီး၌ အကြမ်းဖက်တိုက်ခိုက်မှု မြင့်တက်

**ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၂၅**

ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဘရာဇီးနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ မြင့်တက်လာခဲ့သလို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း အကြမ်းဖက်မှုယမန်နှစ် အလားတူကာလကထက် ၇ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဘရာဇီးအစိုးရက ယခုနှစ် ပထမခြောက်လမှာပင် အကြမ်းဖက်မှုကြောင့် သေဆုံးသူ ၂၅၇၁၂ ဦးအထိရှိလာကြောင်း အတည်ပြုခဲ့ရာ အကြမ်းဖက်မှုကြောင့် ၁၀ မိနစ်လျှင် တစ်ဦးနှုန်း သေဆုံးနေရကြောင်း သိရသည်။ အကြမ်းဖက်မှုကို နှိမ်နင်းရာတွင် ပြစ်မှုကျူးလွန်သူများ၏ သေဆုံးမှုနှုန်းတိုးပွားနေသလို အကြမ်းဖက်သူများ၏ တုံ့ပြန်တိုက်ခိုက်မှုကြောင့် ရဲအရာရှိများ သေဆုံးမှုနှုန်းမှာလည်း ၂၀ ရာခိုင်နှုန်းနီးပါးအထိ တိုးလာခဲ့ကြောင်း သိရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-မေလွဲ့သင်း**



# ကဘူးလ်မြို့ရှိ ပုဂ္ဂလိကပညာရေးစင်တာ အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် ၂၄ ဦး သေဆုံးပြီး ၅၇ ဦး ဒဏ်ရာရ

**ကဘူးလ် အောက်တိုဘာ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်ရှိ ပုဂ္ဂလိကပညာရေးစင်တာတစ်ခုအား အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်လုပ်ဆောင်ခဲ့ရာ သေဆုံးသူအရေအတွက်မှာ ၂၄ ဦးအထိရှိလာခဲ့ပြီဟု ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တာရစ်အေရီယန်က ယနေ့တွင် ပြောကြားသည်။

အောက်တိုဘာ ၂၄ ရက်ညနေပိုင်းက ကဘူးလ်မြို့တော်အနောက်ပိုင်းရှိ ပုဂ္ဂလိကပညာရေးစင်တာတစ်ခုဖြစ်သည့် ကော်ဆာအီးဒန်းနစ်ကျောင်းကို ပစ်မှတ်ထား၍ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ လူ ၂၄ ဦး သေဆုံးခဲ့ပြီး ၅၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက အတည်ပြုခဲ့သည်။ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သေဆုံးသူအားလုံးမှာ အရပ်သားများဖြစ်ကြောင်း တာရစ်အေရီယန်က ဆိုသည်။

အသေခံဗုံးခွဲတိုက်ခိုက်မှုတွင် ၁၁ ဦး သေဆုံးခဲ့ပြီး ၂၀ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အစောပိုင်းသတင်းများက ဖော်ပြခဲ့ကြသည်။ အသေခံဗုံးခွဲတိုက်ခိုက်မှုက ၎င်းတို့နှင့် ပတ်သက်နေကြောင်း အာဖဂန်နစ္စတန်နိုင်ငံရှိ အိုင်အက်စ်အဖွဲ့ခွဲက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**

# လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် ဆူဒန်နိုင်ငံသို့ ဒေါ်လာ ၈၁ သန်း ပံ့ပိုးမည်ဟု အမေရိကန်နိုင်ငံ ကြေညာ

**ခါတွမ် အောက်တိုဘာ ၂၅**

ဆူဒန်နိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို တုံ့ပြန်ရေးအတွက် ဒုက္ခသည်များ၊ တောင်ဆူဒန်နိုင်ငံ ဒါဖာဒေသရှိ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာသူများ အပါအဝင် ရေဘေးသင့်ပြည်သူများအား ဒေါ်လာ ၈၁ သန်း ပံ့ပိုးကူညီမည်ဟု အမေရိကန်နိုင်ငံက ကြေညာလိုက်သည်။

ငွေကြေးထောက်ပံ့မှုတွင် အမေရိကန်အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီလက်အောက်ရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးဗျူရိုမှ ဒေါ်လာ ၆၄ သန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်သူ့အင်အားဒုက္ခသည်နှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာဗျူရိုမှ ဒေါ်လာ ၁၇ သန်း ပါဝင်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေး အပါအဝင် ၂၀၂၀ ပြည့်နှစ်အတွင်း အမေရိကန်နိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်ရေးငွေကြေးထောက်ပံ့မှုမှာ စုစုပေါင်း ဒေါ်လာ ၄၃၆ သန်း ရှိလာခဲ့ပြီဖြစ်သည်။

ယခုအကူအညီက ဒုက္ခသည်များ၊ စစ်ဘေးရှောင်များ၊ ဒေသခံအသိုင်းအဝိုင်းများအတွက် ကျန်းမာရေး၊ အရေးပေါ်စားနပ်ရိက္ခာအကူအညီ၊ ပညာရေးနှင့် သန့်ရှင်းသောရေထောက်ပံ့ပေးမည်ဟု ထုတ်ပြန်ချက်က ဆိုသည်။ အရပ်သားများကို အန္တရာယ်ဖြစ်စေခဲ့ပြီး ဆိုးရွားသော လူသားချင်းစာနာထောက်ထားမှု အခြေအနေဖြစ်စေခဲ့သည့် လူမျိုးစုဆိုင်ရာ အကြမ်းဖက်မှုကြောင့် စစ်ဘေးရှောင်ဦးရေ မြင့်တက်လာမှုအပါအဝင် ဆူဒန်နိုင်ငံက စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရသည်။

မိုးခေါင်ရေရှားမှုနှင့် နှစ် ၅၀ ကျော်အတွင်း အဆိုးရွားဆုံး ရေဘေးသင့်မှုတို့ကြောင့် ပြည်သူကိုးသန်းကျော် လူသားချင်းစာနာထောက်ထားမှု အကူအညီ လိုအပ်မှုဖြစ်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# ရုရှားနှင့် ဘီလာရုစ်တို့ပူးပေါင်းပြီး ပြင်ပခြိမ်းခြောက်မှုများကို တွန်းလှန်ရန် အသင့်ရှိဟု ဘီလာရုစ်သမ္မတ လူကာရှန်ကို ပြောကြား

**မော်စကို အောက်တိုဘာ ၂၅**

ဘီလာရုစ်သမ္မတ လူကာရှန်ကိုက ဘီလာရုစ်အနေဖြင့် ရုရှားနိုင်ငံနှင့် ပူးပေါင်းကာ ပြင်ပခြိမ်းခြောက်မှုများကို တုံ့ပြန်ရန် အသင့်အနေအထားရှိနေကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ၎င်းအား ဖုန်းခေါ်ဆိုစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ယမန်နေ့က လူကာရှန်ကိုအား မိုက်ပွန်ပီယိုဘက်က စတင်ဆက်သွယ်ဖုန်းခေါ်ဆိုလာခဲ့ချိန်တွင် လူကာရှန်ကိုက အမျိုးသားစကားဝိုင်း ဆွေးနွေးထားပြီးဖြစ်သည်ဟု တုံ့ပြန်ခဲ့ကြောင်း ဘီလာရုစ်မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ဆန့်ကျင်သူများက တိုင်းပြည်ကို ၂၆ နှစ်ကြာ အုပ်ချုပ်လာသည့် သမ္မတလူကာရှန်ကို နုတ်ထွက်ရေး တောင်းဆိုနေကြပြီး သမ္မတသာ မနုတ်ထွက်ပါက အောက်တိုဘာ ၂၆ ရက်တွင် ဆူပူမှုများကို နိုင်ငံတစ်ဝန်း လုပ်ဆောင်မည်ဟု ခြိမ်းခြောက်ထားသည်။ ဩဂုတ် ၉ ရက်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲတွင်လက်ရှိသမ္မတ လူကာရှန်ကိုက ၎င်းသာ ပြန်လည်အနိုင်ရကြောင်း ကြေညာပြီးနောက် ဆန္ဒပြမှုများ ပေါ်ပေါက်လာခြင်းဖြစ်ကာ အတိုက်အခံပါတီခေါင်းဆောင်များက ရွေးကောက်ပွဲရလဒ်များမှာ အကြံအဖန်လုပ်ထားခြင်း သက်သက်သာဖြစ်သည် ဟု တုံ့ပြန်ထားသည်။ ဆန္ဒပြမှုများကို အင်အားသုံးနှိမ်နင်းခဲ့သည့် ဘီလာရုစ် ထိပ်ပိုင်းခေါင်းဆောင်များကို အမေရိကန်ပြည်ထောင်စုက ဒဏ်ခတ်အရေးယူမှုများ လုပ်ဆောင်ထားပြီး ဆူပူမှုများ ပေါ်ပေါက်လာပြီးနောက် မိုက်ပွန်ပီယိုက ဘီလာရုစ်သမ္မတထံသို့ ချက်ချင်းဖုန်းခေါ်ဆိုခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံခြားရေးဆိုင်ရာ ထောက်လှမ်းရေးတပ်အကြီးအကဲ နရီရှကင်းသည် အောက်တိုဘာ ၂၂ ရက်က ဘီလာရုစ်သို့ ရောက်ရှိလာပြီး ဘီလာရုစ်နှင့် ဆက်ဆံရေးကို ဆက်လက်ခိုင်မြဲအောင် ထူထောင်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ ရုရှားပိုင် မီဒီယာများကလည်း ဘီလာရုစ်သမ္မတ၏ ပြောကြားချက်ဖြစ်သည့် "ရုရှားနိုင်ငံက ဘီလာရုစ်ရဲ့ အရေးကို လွှမ်းမိုးခြယ်လှယ်နေတာ မဟုတ်ပါဘူး။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ နှစ်နိုင်ငံပူးပေါင်းပြီး ပြင်ပက ခြိမ်းခြောက်မှုတွေကို တုံ့ပြန်သွားဖို့ အသင့်ရှိပါတယ်" ဆိုသည်ကို ကိုးကားကာ အကျယ်တဝင့် ဖော်ပြခဲ့သည်။ **ကိုးကား- အေအက်ဖ်ပီ၊ ဘာသာပြန်-မေလှဲ့သင်း**

# နျူကလီးယားလက်နက်များ တားမြစ်ရေး သဘောတူစာချုပ် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် စတင်အာဏာသက်ဝင်မည်




**နယူးယောက် အောက်တိုဘာ ၂၅**

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ၅၀ ပါဝင်လက်မှတ်ရေးထိုးထားသည့် နျူကလီးယားလက်နက်များ တားမြစ်ရေး သဘောတူစာချုပ်မှာ လာမည့် ရက် ၉၀ အတွင်း အာဏာသက်ဝင်မည်ဖြစ်ကြောင်း ယနေ့တွင်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ပြောကြားခဲ့သည်။

အတွင်းရေးမှူးချုပ် ဂူတာရက်စ်က "ယခု သဘောတူညီချက်သည် နျူကလီးယားလက်နက် လုံးဝဖျက်သိမ်းရေးအတွက် အဓိပ္ပာယ်ရှိသည့် ခြေလှမ်းဖြစ်ကြောင်းနှင့် နျူကလီးယားလက်နက် ဖျက်သိမ်းရေးမှာ ကုလသမဂ္ဂ၏ ဦးစားပေးလုပ်ငန်းတာဝန်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

သို့ရာတွင် နျူကလီးယားလက်နက်များပိုင်ဆိုင်သည့် နိုင်ငံများဖြစ်သည့် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ်နှင့် ရုရှားနိုင်ငံတို့ ဝင်ရောက် လက်မှတ်ရေးထိုးခြင်းမရှိခဲ့ဘဲ ထိုင်း၊ နယူးဇီလန်၊ တောင်အာဖရိက၊ ဘင်္ဂလားဒေ့ရှ်၊ ဗာတီကန်၊ နိုင်ဂျီးရီးယား၊ မက္ကဆီကို နိုင်ငံတို့လို နျူကလီးယားလက်နက် ပိုင်ဆိုင်ခြင်းမရှိသည့် နိုင်ငံများကသာ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

နျူကလီးယားလက်နက်များ ကန့်သတ်ရေးသဘောတူစာချုပ်ကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် နိုင်ငံ ၁၂၂ နိုင်ငံတို့က ဝင်ရောက် လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ သဘောတူစာချုပ်အရ မည်သည့် နျူကလီးယားလက်နက်များ အသုံးပြုမှု၊ ဖွံ့ဖြိုးအောင် ကြိုးပမ်းမှုကိုမဆို တားမြစ်ထားသည်။ **ကိုးကား-အမ်အက်စ်အမ်၊ ဘာသာပြန်-မေလှဲ့သင်း**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၃၀၂၈၂၆၀ | ဦး |
| သေဆုံးသူ | ၁၁၅၆၀၁၄ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၁၇၂၄၀၀၄ | ဦး |

# အာဖရိက၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ ဒသမ ၇ သန်းနီးပါး ရှိလာ

**အဒစ်အာဘာဘာ အောက်တိုဘာ ၂၅**

အာဖရိက၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ၁၆၉၆၂၈၆ ဦးအထိ ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ကုသရေးဗဟိုက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် အာဖရိကတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူစုစုပေါင်းသည် အောက်တိုဘာ ၂၄ ရက်ညနေပိုင်းအထိ ၄၀၉၂၂ ဦး ရှိခဲ့ကြောင်းလည်း ယင်းရောဂါထိန်းချုပ်ကုသရေးဗဟိုက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားပြီး ကူးစက်ခံရသူများအနက် ၁၃၉၄၀၉၄ ဦးမှာ ရောဂါ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရခဲ့ကြကြောင်းလည်း ပြောကြားခဲ့သည်။

အာဖရိကတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုအများဆုံးနိုင်ငံများမှာ တောင်အာဖရိက၊ အီဂျစ်၊ မော်ရိုကို၊ အီသီယိုးပီးယားနှင့် နိုင်ဂျီးရီးယားနိုင်ငံတို့ဖြစ်သည်။ တောင်အာဖရိကနိုင်ငံသည် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၁၂၄၁၂ ဦးရှိပြီး သေဆုံးသူ ၁၈၈၉၁ ဦးရှိကြောင်းလည်း သိရသည်။

တောင်အာဖရိကနိုင်ငံနောက်တွင် မော်ရိုကိုနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၀၄၁၆ ဦးနှင့် သေဆုံးသူ ၃၂၀၅ ဦးရှိခဲ့ကာ အီဂျစ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၆၂၃၀ ဦးနှင့် သေဆုံးသူ ၆၁၇၆ ဦးရှိကြောင်းလည်း အာဖရိကရောဂါထိန်းချုပ်ကုသရေးဗဟိုက ပြောကြားခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သန်းခွဲကျော်အထိ ရှိလာ

**မော်စကို အောက်တိုဘာ ၂၅**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၇၁၀ ဦးအထိ ရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း တစ်သန်းခွဲကျော်အထိ ရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက အောက်တိုဘာ ၂၅ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၅၁၃၈၇၇ ဦးရှိခဲ့ပြီး သေဆုံးသူ ၂၆၀၅၀ ဦးရှိခဲ့ကာ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၁၃၈၅၂၂ ဦးရှိခဲ့ကြောင်းလည်း အဆိုပါ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးစင်တာက ကြေညာချက်တစ်စောင်တွင် ပြောကြားခဲ့သည်။

မော်စကိုမြို့သည် ရုရှားနိုင်ငံတွင် ကူးစက်ခံရသူအများဆုံးဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၅၅ ဦးရှိခဲ့သဖြင့် မော်စကိုမြို့တစ်ဝန်းလုံးတွင် ကူးစက်ခံရသူစုစုပေါင်း ၃၉၅၈၀၆ ဦးအထိ ရှိလာကြောင်းလည်း သိရသည်။

ရုရှားနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများကို ပြန်လည်ဖြေလျှော့ပေးခဲ့ခြင်းနှင့် လူစုလူဝေးပြုလုပ်မှုများကို ပြန်လည်ခွင့်ပြုပေးခဲ့ပြီးနောက် ပြီးခဲ့သည့်တစ်ပတ်အတွင်းက ကိုဗစ်-၁၉ ရောဂါကူးစက်မှု သိသိသာသာပြန်လည်မြင့်တက်လာခဲ့ခြင်းလည်းဖြစ်သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

## မူခင်း၊ ပြည်တွင်းရေးရာ


# မိုင်းဆတ်မြို့နယ်၌ ငွေကျပ် ၂ ဒသမ ၅၄၇ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက်စ်များ၊ ကဖင်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင်အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**

မိုင်းဆတ်မြို့နယ်တွင် ယမန်နေ့က ငွေကျပ် ၂ ဒသမ ၅၄၇ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက်စ်များ၊ ကဖင်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီခွဲခန့်တွင် သတင်းအရ မိုင်းဆတ်မြို့နယ်၊ မိုင်းတွမ်း-မိုင်းဆတ်သွားကားလမ်း၊ ပါခါးကျေးရွာအနီး၌ မိုင်းတွမ်းမှ မိုင်းဆတ်ဘက်သို့ အားဖျော်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ နံနက် ၁၁ နာရီခွဲခန့်တွင် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းအုပ်စု နမ့်ခမ်း (၁) အောက်ကျေးရွာရှိ လော်ချာနှင့် လော်ဖာတို့၏ နေအိမ်ကို ရှာဖွေရာ ၎င်းတို့အား မတွေ့ရှိဘဲ အဆိုပါနေအိမ်အတွင်းမှ အိုက်စ် ၁၂၄ ကီလို၊ ကဖင်းကီလို ၆၅၀၊ စိတ်ကြွရူးသွပ်ဆေးပြား ရိုက်နှိပ်ရာတွင်အသုံးပြုသည့် သံမို WY စာတန်းပါ ၁၁ ချောင်းနှင့် စာတန်းမပါ ၁၁ ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် အားဖျော်(ခ)အားဖြိုး(၁၉)နှစ်၊ တိမ်းရှောင်တရားခံ လော်ဖာ(၂၈)နှစ်၊ လော်ချာ (၃၀)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်လျက်ရှိကြောင်းနှင့် လော်ဖာမှာ တာချီလိတ်မြို့၌ ၂၀၂၀ ပြည့်နှစ် မေ ၇ ရက်က စိတ်ကြွရူးသွပ်ဆေးပြား သုံးသိန်း သိမ်းဆည်းရမိခဲ့သည့်အမှုမှ ကွင်းဆက်တရားခံပြေးတစ်ဦးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ၊ အိုက်စ်များ၊ ကဖင်းများနှင့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

# အသိပေးနှိုးဆော်ချက်

COVID-19 ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ပြည်သူလူထုကလည်း လိုက်နာဆောင်ရွက်လျက်ရှိပြီး အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များတွင် Stay at Home အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယခုကာလသည် ရွေးကောက်ပွဲအကြိုကာလ အချိန်အခါလည်းဖြစ်သဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရလျက်ရှိပါသည်။

သို့သော် မကြာမီရက်များတွင် သီတင်းကျွတ်ပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်ကာလသို့ ရောက်ရှိပြီး ယင်းကာလကို အကြောင်းပြု၍ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ ဗြောက်အိုး၊ ရှူးဒိုင်းများ ပစ်ဖောက်ခြင်းများ ပြုလုပ်ကြခြင်းကြောင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေခြင်း၊ ပြည်သူလူထုနှင့် ကလေးသူငယ်တို့ ထိခိုက်အနာတရဖြစ်စေနိုင်သည့်အပြင် မသမာသူများ၊ အဖျက်အမှောင့် ဆောင်ရွက်လိုသူများကလည်း အခွင့်ကောင်းယူပြီး အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဖောက်ခွဲဖျက်ဆီးမှုများ ရောနှောဆောင်ရွက်လာနိုင်ပါသည်။

သို့ဖြစ်၍ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးအတွက် မီးရှူးမီးပန်း၊ ဗြောက်အိုး၊ ရှူးဒိုင်းများကို ထုတ်လုပ်ခြင်း၊ သယ်ဆောင်ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ ထိန်းချုပ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ထားဝယ်မြို့နှင့် ကော့သောင်းမြို့တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မူးယစ်တပ်ဖွဲ့စု(၃၃)မှ ဒုရဲအုပ်ကျော်ဇောလင်း ဦးစီးသောပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ ထားဝယ်မြို့ ထိန်သစ်ရပ်ကွက် ကျွန်းမွေးလမ်း၌စောင့်ဆိုင်းနေစဉ် သူရိန်စိုး(ခ)သားသား မောင်းနှင်လာသော ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိပြီး ၎င်း၏နေအိမ်သို့ သွားရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၁၂ ပြား ထပ်မံဖမ်းဆီးရမိသဖြင့် ၎င်းအား ထားဝယ်မြို့မရဲစခန်း၌ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အလားတူ ကော့သောင်းမြို့ မူးယစ်တပ်ဖွဲ့စု(၃၄)မှ ဒုရဲအုပ် ဇင်မိုးဦး ဦးစီးသောပူးပေါင်းအဖွဲ့သည် ယမန်နေ့ ည ၆ နာရီတွင် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်နေ ဇော်ဟိန်း၏နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ၎င်းနှင့်အတူ မာန်ပြည့်စုံ၊ သဇင်မိုးတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၃၅ ပြား ရှာဖွေတွေ့ရှိသဖြင့် ၎င်းတို့သုံးဦးအား ကော့သောင်းမြို့မ ရဲစခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**သတင်းစဉ်**









# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ် ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

**၁၃**

ရက်သာ

လိုတော့သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

- ညီညွတ်သော ဒီမိုကရက်တစ်ပါတီ(UDP)ကို ဖျက်သိမ်းပြီး ဖြစ်ပါသည်။
- ယင်းပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒပြုရန်မလိုပါ။
- ဆန္ဒပြုခဲ့ပါလျှင် ပယ်မဲအဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးဖို့ မဲရုံသွားကာ မဲပေးစို့ . . .**

## ကျောင်းကုန်းမြို့၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးဆွေးနွေးပြီး မဲရုံသုံးပစ္စည်းများ ဖြန့်ဝေ

ကျောင်းကုန်း အောက်တိုဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက မဲရုံသုံးပစ္စည်းများဖြန့်ဝေခြင်းနှင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးတွေ့ဆုံဆွေးနွေးမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ရပ်ကွက်နှင့်ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများအား မိမိတို့၏လုပ်ငန်းတာဝန်များ ကျေပွန်အောင်ဆောင်ရွက်ကြစေလိုကြောင်း၊ မဲရုံသုံးပစ္စည်းများ ထုတ်ပြီးလျှင် လုံခြုံစိတ်ချရသည့် နေရာ၌ ထားစေလိုကြောင်း ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအုန်းကြိုင်က ကြိုတင်ဆန္ဒမဲပေးခြင်းအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် မဲရုံမှူးနှင့် ဒုမဲရုံမှူးတို့က မဲရုံအဖွဲ့ဝင်များအား ဆင့်ပွားသင်တန်းများပို့ချပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်စုမြတ်ထိုက်က ဖြန့်ဝေပေးမည့် မဲရုံသုံးပစ္စည်းများနှင့် ကိုဗစ်ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ထုတ်ပေးမည့်အရေအတွက်ကို ရှင်းလင်းပြောကြားပြီး ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးစိုးလွင်မော်က ကြိုတင်ဆန္ဒမဲပေးပုံအဆင့်ဆင့်နှင့် ကြိုတင်ဆန္ဒမဲ နေအိမ်သို့လိုက်လံကောက်ခံရာတွင် ဆောင်ရန်/ရှောင်ရန်များကို ရှင်းလင်းပြောကြားသည်။



### မဲရုံသုံးပစ္စည်းများ ထုတ်ပေး

အခမ်းအနားအပြီးတွင် ကျောင်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)ရှိ ရပ်ကွက်/ကျေးရွာ ၃၆ အုပ်စုအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မဲရုံသုံးပစ္စည်းများ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၂၆ ရက်တွင် မဲဆန္ဒနယ်အမှတ်(၂)ရှိ ရပ်ကွက်/ကျေးရွာ ၃၂ အုပ်စုသို့ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

**နိုင်ငံသားတစ်ဦး ပီသဖို့ ဆန္ဒမဲပေးကြစို့**

## ကျောက်ဖြူမြို့၌ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် ရပ် / ကျေးအတွင်းရေးမှူးများအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း ဖွင့်လှစ်ပို့ချ

ကျောက်ဖြူ အောက်တိုဘာ ၂၅

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် ရပ်/ကျေးအတွင်းရေးမှူးများအား ရွေးကောက်ပွဲဆိုင်ရာအသိပညာပေး သင်တန်းဖွင့်လှစ်ပို့ချခြင်းကို ယနေ့နံနက်၉ နာရီက အထက(ခွဲ) အလက(၂) မြို့မကျောင်း၌ ဖွင့်လှစ်ပို့ချကြောင်း သိရသည်။



အဆိုပါသင်တန်းတွင် မဲရုံအဖွဲ့၏ တာဝန်ဝတ္တရားများ၊ မဲဆန္ဒရှင်များ မဲပေးခြင်း၊ မဲရုံတည်နေရာအခင်းအကျင်းနှင့် မဲပေးမည့်နေရာတွင် ကြိုတင်ပြင်ဆင်မှုများ၊ ခိုင်လုံမဲ၊ ပယ်မဲ၊ ရွေးကောက်ပွဲနေ့လုံခြုံရေး၊ မဲရုံသုံးပုံစံများ၊ မဲရေတွက်ခြင်းနှင့် ထုပ်ပိုးခြင်း အစရှိသည့် အကြောင်းအရာများကို သင်တန်းဆရာ ခုနစ်ဦးတို့မှ သင်တန်းသား၊ သင်တန်းသူ ၈၄ ဦးတို့အား စာတွေ့လက်တွေ့ ဆွေးနွေးပို့ချပြသပေးမည်ဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ သင်ကြားပို့ချလျက်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

ကျောက်ဖြူမြို့နယ်၌ မဲဆန္ဒနယ်အမှတ်(၁)တွင် မဲရုံ ခုနစ်ရုံ၊ မဲဆန္ဒနယ်အမှတ်(၂)တွင် မဲရုံ ၂၁ ရုံ စုစုပေါင်းမဲရုံ ၂၈ ရုံရှိကာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာအတွက် မဲဆန္ဒနယ်အမှတ်(၁)တွင် ငါးဦး၊ မဲဆန္ဒနယ်အမှတ်(၂)တွင် ငါးဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာအတွက် ခြောက်ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းနေရာအတွက် ငါးဦး၊ ချင်းတိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာအတွက် ကိုးဦး စုစုပေါင်းကိုယ်စားလှယ်လောင်း ၃၀ တို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်းဦး၊
ဖြိုးဝေလင်း(ပြန်/ဆက်)

# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်



## လူစုလူဝေး မဖြစ်လေ ကောင်းလေ



မြန်မြန်ဆန်ဆန် လုပ်စေချင်တယ်ဆိုတာဟာ လူစုလူဝေး မဖြစ်အောင်လို့ ကိုဗစ်ရောဂါရဲ့ အဓိက ကာကွယ်ရမယ့်အချက်ကတော့ သိပ်ပြီးတော့ လူစုလူဝေးတွေမဖြစ်ဖို့ တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေနိုင်ဖို့ပဲ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွေးကောက်ပွဲမှာ မဲရုံတွေမှာလာပြီးတော့ မဲပေးဖို့လာတဲ့ ပြည်သူတိုင်းကို စစချင်း အဖျားတိုင်းမှာပါ။ အပူချိန်တိုင်းမှာပါ။ အပူချိန်ကမြင့်သင့်တာထက် မြင့်နေပြီဆိုရင် ဘယ်လိုစီစဉ်ထားလဲ၊ ကျန်းမာရေးအတွက် ဘယ်လိုလုပ်မလဲဆိုတာလည်း အားလုံးစီစဉ်ပြီးသားဖြစ်ပါတယ်။ ဒါပေမယ့် လူစုလူဝေးမဖြစ်လေ ကောင်းလေပါပဲ။ ဒါကြောင့် ၆ ပေ ခွာပြီးတော့ ပြည်သူတွေ တန်းစီဖို့ လုပ်ထားတယ်။ ကြာကြာတန်းစီဖို့ မလိုအောင်လို့ မြန်မြန်ဆန်ဆန် ထွက်နိုင်အောင်လို့ ဘယ်လို စည်းမျဉ်းစည်းကမ်းတွေ ကျွန်မတို့ သတ်မှတ်မလဲဆိုတာ သေချာလေ့လာထားပြီးပါပြီ။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၆-၁၀-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၅-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၇:၃၀)နာရီ

၁။ (၂၄-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁၄၂၃) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | စမ်းချောင်း | ၁၀၇ |
| | | မင်္ဂလာဒုံ | ၈၅ |
| | | မရမ်းကုန်း | ၈၃ |
| | | လှိုင်သာယာ | ၈၈ |
| | | မြောက်ဥက္ကလာပ | ၇၂ |
| | | ဒလ | ၄၁ |
| | | ဒေါပုံ | ၃၆ |
| | | အင်းစိန် | ၃၆ |
| | | သန်လျင် | ၃၂ |
| | | တောင်ဥက္ကလာပ | ၃၁ |
| | | ဗဟန်း | ၃၁ |
| | | တာမွေ | ၂၉ |
| | | လှိုင် | ၂၆ |
| | | လှည်းကူး | ၂၆ |
| | | လသာ | ၂၅ |
| | | သာကေတ | ၂၄ |
| | | သင်္ဃန်းကျွန်း | ၂၂ |
| | | မင်္ဂလာတောင်ညွန့် | ၂၁ |
| | | ကျောက်တန်း | ၂၀ |
| | | အလုံ | ၁၉ |
| | | ပုဇွန်တောင် | ၁၈ |
| | | ကြည့်မြင်တိုင် | ၁၇ |
| | | လမ်းမတော် | ၁၇ |
| | | မှော်ဘီ | ၁၄ |
| | | ရွှေပြည်သာ | ၁၃ |
| | | ဗိုလ်တထောင် | ၁၂ |
| | | ရန်ကင်း | ၁၂ |
| | | သုံးခွ | ၁၁ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၁ |
| | | ဆိပ်ကြီးခနောင်တို | ၁၀ |
| | | တွံတေး | ၉ |
| | | ပန်းဘဲတန်း | ၉ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၈ |
| | | ကျောက်တံတား | ၈ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၇ |
| | | ထန်းတပင် | ၅ |
| | | ကမာရွတ် | ၅ |
| | | ကိုကြီး | ၄ |
| | | ခရမ်း | ၃ |
| | | ကွမ်းခြံကုန်း | ၂ |
| | | ကော့မှူး | ၂ |
| | | | စုစုပေါင်း | ၁,၀၇၁ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၂၀ |
| | | အောင်မြေသာစံ | ၁၅ |
| | | တောင်သာ | ၁၃ |
| | | ချမ်းအေးသာစံ | ၁၃ |
| | | အမရပူရ | ၉ |
| | | ချမ်းမြသာစည် | ၅ |
| | | မြင်းခြံ | ၅ |
| | | ပြည်ကြီးတံခွန် | ၃ |
| | | နွားထိုးကြီး | ၁ |
| | | သာစည် | ၁ |
| | | မိုးကုတ် | ၁ |
| | | | စုစုပေါင်း | ၈၇ |
| ၃။ | ရခိုင်ပြည်နယ် | မြောက်ဦး | ၃ |
| | | အမ်း | ၃ |
| | | စစ်တွေ | ၂ |
| | | တောင်ကုတ် | ၂ |
| | | မောင်တော | ၂ |
| | | ကျောက်ဖြူ | ၁ |
| | | ကျောက်တော် | ၁ |
| | | ဘူးသီးတောင် | ၁ |
| | | မင်းပြား | ၁ |
| | | ပုဏ္ဏားကျွန်း | ၁ |
| | | | စုစုပေါင်း | ၁၇ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | လက်ပံတန်း | ၃၂ |
| | | ရေတာရှည် | ၃၁ |
| | | ပဲခူး | ၂၈ |
| | | သဲကုန်း | ၁၆ |
| | | မင်းလှ | ၁၁ |
| | | ပန်းတောင်း | ၅ |
| | | ရွှေတောင် | ၅ |
| | | ကဝ | ၃ |
| | | အုတ်ဖို | ၂ |
| | | ကြို့ပင်ကောက် | ၂ |
| | | ကျောက်ကြီး | ၂ |
| | | နတ်တလင်း | ၁ |
| | | | စုစုပေါင်း | ၁၃၈ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဓနုဖြူ | ၂၇ |
| | | ကျိုက်လတ် | ၁၃ |
| | | မအူပင် | ၉ |
| | | လေးမျက်နှာ | ၆ |
| | | လပွတ္တာ | ၅ |
| | | ပုသိမ် | ၅ |
| | | ဘိုကလေး | ၂ |
| | | ညောင်တုန်း | ၁ |
| | | မော်လမြိုင်ကျွန်း | ၁ |
| | | မြောင်းမြ | ၁ |
| | | ဖျာပုံ | ၁ |
| | | | စုစုပေါင်း | ၇၁ |
| ၆။ | မွန်ပြည်နယ် | ရေး | ၃ |
| | | မော်လမြိုင် | ၂ |
| | | | စုစုပေါင်း | ၅ |
| ၇။ | မကွေးတိုင်းဒေသကြီး | မင်းဘူး | ၁ |
| | | ဂန့်ဂေါ | ၁ |
| | | နတ်မောက် | ၁ |
| | | | စုစုပေါင်း | ၃ |
| ၈။ | နေပြည်တော် | လယ်ဝေး | ၃ |
| | | | စုစုပေါင်း | ၃ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၅ |
| | | ရေဦး | ၂ |
| | | ပုလဲ | ၁ |
| | | | စုစုပေါင်း | ၈ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၂ |
| | | | စုစုပေါင်း | ၂ |
| ၁၁။ | ကရင်ပြည်နယ် | မြဝတီ | ၁၁ |
| | | ဘားအံ | ၂ |
| | | လှိုင်းဘွဲ့ | ၁ |
| | | | စုစုပေါင်း | ၁၄ |
| ၁၂။ | ချင်းပြည်နယ် | တီးတိန် | ၁ |
| | | | စုစုပေါင်း | ၁ |
| ၁၃။ | ကချင်ပြည်နယ် | ဖားကန့် | ၃ |
| | | | စုစုပေါင်း | ၃ |
| | (၂၄-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၄၂၃) ဦး |

မှတ်ချက်။ (၂၄-၁၀-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁၄၂၃) ဦးတွင် အနံ့မရရှိသူ (၃၃၈) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

အောက်တိုဘာ မြို့ပြလှုပ်ရှားမှု – Urban October: World Habitat Day, World Cities Day

# အားလုံးအတွက်အိမ်ရာ – ကောင်းမွန်သော မြို့ပြအနာဂတ်

ပုံမှန်အားဖြင့်ဆိုလျှင် ယခုလို ပွင့်လင်းရာသီရဲ့အစ အောက်တိုဘာလတွင် မြန်မာနိုင်ငံ မြို့ရွာအနှံ့ လူစုလူဝေးနှင့် ဆွေးနွေးပွဲ၊ ပြပွဲ၊ ကပွဲ၊ ဆိုပွဲ၊ မင်္ဂလာပွဲ၊ ဘုရားပွဲနှင့် ပွဲလမ်းသဘင်များ စုံလင်အောင်ကျင်းပကြလေ့ရှိပါသည်။ မိုးတွင်းကာလ ဝါတွင်းချိန်ခါ၏ ဆိတ်ငြိမ်သောနေ့ရက်များမှသည် သစ်လွင်လန်းဆန်း တက်ကြွဖွယ်နေ့ရက်များအဖြစ် မျှော်လင့်ရင်း လူမှုရေး၊ စီးပွားရေး၊ ကုသိုလ်ရေး၊ ဓလေ့ထုံးစံအရေးတို့ကို ပြင်ဆင်ကြသည်။ သို့သော် ယခုအောက်တိုဘာလ ၂၀၂၀ ပြည့်နှစ်သည် မြန်မာနိုင်ငံတွင် ဘယ်တုန်းကမှ မကြုံဖူးသည့် စိန်ခေါ်မှုကြီးမားလွန်းသော ကိုဗစ် – ၁၉ ကပ်ရောဂါဘေးဒဏ်ကို အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ အကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့ခံစားနေရချိန်ဖြစ်နေသည်။

ကုလသမဂ္ဂက နှစ်စဉ် အောက်တိုဘာလ၏ ပထမဆုံး တနင်္လာနေ့ကို ကမ္ဘာ့လူနေမြို့ရွာနေ့ (World Habitat Day) နှင့် (၃၁)ရက်နေ့ကို ကမ္ဘာ့မြို့များနေ့(World Cities Day) အဖြစ် သတ်မှတ်ထားပြီး အဆိုပါ နေ့ရက်နှစ်ခုကြားက ရက်များတွင် လှုပ်ရှားမှုများစွာဖြင့် Urban October–အောက်တိုဘာ မြို့ပြအစီအစဉ်ကို UN–Habitat က ကြီးမှူးကျင်းပဆောင်ရွက်နေသည်။


ယခု ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ၏ ပထမဆုံး တနင်္လာနေ့ဖြစ်သည့် ၅ ရက်နေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဆူရာဘားရားမြို့၌ World Habitat Day (2020) အခမ်းအနားကို အွန်လိုင်းမှ Virtual အခမ်းအနား ကျင်းပပြုလုပ်ရာ အင်ဒိုနီးရှားနိုင်ငံ သမ္မတနှင့် ဝန်ကြီးများ၊ ကမ္ဘာ့ကုလသမဂ္ဂ၊ UN–Habitat နှင့် နိုင်ငံတကာ NGO အဖွဲ့အစည်းများမှခေါင်းဆောင်များ၊ မြို့တော်ဝန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နိုင်ငံအသီးသီးမှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ ပညာရှင်များ တက်ရောက်ခဲ့ပါသည်။ အောက်တိုဘာလ ၆ရက်နေ့တွင်ကမ္ဘာလုံးဆိုင်ရာဆွေးနွေးဝိုင်းများကို အွန်လိုင်းစနစ်ဖြင့် ပထမဆုံး ကျင်းပပြုလုပ်ပါသည်။ ကိုဗစ်–၁၉ ကပ်ရောဂါအခြေအနေကြောင့် ခရီးသွားလာမှုများ ကန့်သတ်ထားသည့်အတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များသည် အွန်လိုင်း Zoom Meeting ဖြင့် အစည်းအဝေးကို တက်ရောက်ခဲ့ကြပါသည်။

**အောက်တိုဘာလ မြို့ပြလှုပ်ရှားမှု Urban October**

Urban October ဟူသည် မြို့ကြီးများနှင့် မြို့ငယ်များတွင် ပြောင်းလဲတိုးတက်လာမှု မြန်ဆန်ခြင်းတို့နှင့် အတူ ဖြစ်ပေါ်လာတတ်သော အခွင့်အလမ်းနှင့် စိန်ခေါ်မှုများကို လူတိုင်းပါဝင်ဆွေးနွေးနိုင်မည့် အစီအစဉ်ကောင်းတစ်ခုဖြစ်ပြီး အဓိကရည်ရွယ်ချက်မှာ မြို့ပြ၏ အလေ့အကျင့်ကောင်းများနှင့် ဖြေရှင်းချက်များကို လူအများ ပိုမိုသိရှိ နားလည်နိုင်လာစေရန်အတွက် ရည်ရွယ်ပါသည်။

ရေရှည်တည်တံ့သော မြို့ပြဖြစ်ထွန်းလာမှုများနှင့် ပတ်သက်ပြီး စိတ်ပါဝင်စားသူများ အားလုံးပါဝင်နိုင်သော လုပ်ဆောင်မှု၊ လှုပ်ရှားဆောင်ရွက်မှုများအပြင် ဆွေးနွေးပွဲများကို UN–Habitat က ကြီးမှူး၍ ကမ္ဘာ့မြို့တော်များတွင် နှစ်စဉ် အောက်တိုဘာလအတွင်း နှစ်အလိုက် ဆောင်ပုဒ်တစ်ခုစီပြောင်း၍ ကျင်းပပြုလုပ်ပါသည်။

၂၀၂၀ ပြည့်နှစ် World Habitat Day ၏ ဆောင်ပုဒ်မှာ "အားလုံးအတွက်အိမ်ရာ – ကောင်းမွန်သော မြို့ပြအနာဂတ်" (Housing for All – For the Better Urban Future) ဖြစ်သည်။ ယခုနှစ်ဆွေးနွေးပွဲမှာ ကိုဗစ်–၁၉ ကြောင့် အိမ်ရာကဏ္ဍအပေါ် အကျိုးသက်ရောက်မှု၊ လူ့အခွင့်အရေးနှင့် သဘာဝပြောမှု၏ အခြေခံအုတ်မြစ်အထောက်အပံ့



ဓာတ်ပုံ–www.un.org

အဖြစ် အိုးအိမ်အခန်းကဏ္ဍကို ပိုမိုကောင်းမွန်အောင် ဘယ်လိုပြန်လည် တည်ဆောက်မလဲဆိုသည့်အကြောင်းအရာများ ဖြစ်သည်။

အဆိုပါ World Habitat Day အခမ်းအနားနှင့် အွန်လိုင်းဆွေးနွေးဝိုင်းများတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်လေ့လာခွင့်ရရှိသည်။ World Habitat Day ကို ကမ္ဘာတစ်ဝန်း နိုင်ငံ ၄၄ နိုင်ငံရှိ မြို့ပေါင်း ၅၇ မြို့တွင် UN–Habitat နှင့်ပူးပေါင်း၍ အသီးသီးကျင်းပပြုလုပ်ကြောင်း သိရှိရပါသည်။ စာရေးသူအနေဖြင့် လေ့လာတွေ့ရှိချက်များ ပြန်လည်ဝေမျှရင်း ကမ္ဘာလုံးဆိုင်ရာ မြို့ပြလုပ်ငန်းစဉ်သစ် – New Urban Agenda (NUA)၊ ကမ္ဘာ့မြို့များနေ့တို့နှင့်စပ်လျဉ်းသည့် ဗဟုသုတများ၊ မြန်မာနိုင်ငံ၏ အနေအထား၊ ဆောင်ရွက်မှု၊ လက်တွေ့မည်သို့ ပြန်လည်အသုံးချနိုင်မည် စသည်တို့ကို ရေးသားတင်ပြသွားရန် ရည်ရွယ်ပါသည်။

**ကိုဗစ်–၁၉ နှင့်မြို့များ**

ကိုဗစ်–၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ ပြည့်နှစ်တွင် မြို့တော်များ၊ မြို့များ၊ ရွာများနှင့် လူထုများမှာ ထိတ်လန့်ဖွယ်ရာများ ကြုံတွေ့ခဲ့ကြရသည်။ ယခုအခါ တစ်ကမ္ဘာလုံးမှာ လူတွေ မိမိနေအိမ်ထဲမှာပဲ လက်သေချာဆေးရင်း နေထိုင်ကြဖို့အခြေအနေက နေအိမ်သည် ကိုဗစ်ရောဂါကို ခုခံတွန်းလှန်နိုင်ဖို့ နေရာတစ်ခုအဖြစ် ရှေ့တန်းမှာရှိနေသည်ကို အကျယ်တဝင့် အသိအမှတ်ပြုလာကြပါသည်။ သို့သော်လည်း ရေ၊ မီးမပြည့်စုံ ကျပ်သိပ်နေသည့် ပျံ့ကျဲရပ်ကွက်မှာ နေကြရသူများ၊ အိမ်ရာမဲ့များစသည့် အခြေအနေများနှင့် နေကြရသော လူပေါင်း ၁ ဒသမ ၈ ဘီလီယံ အတွက်ဆိုသည်မှာ လွယ်ကူရှင်းလင်းသည်တော့ မဟုတ်လှပေ။

မြို့ကြီးများ၊ မြို့ငယ်များဟာ အရေးပေါ်ဖြေရှင်းနိုင်သည့် နည်းလမ်းများနှင့် အိမ်ရာမဲ့များအတွက် နေစရာများ၊ ရောဂါမကူးစက်အောင် ခွဲခြားပေးထားသည့်နေရာများ၊ ဝင်ငွေပုံမှန်မရှိသူများအတွက် စားစရာနှင့် အကူအညီများကို ပေးဝေလျက်ရှိပါသည်။ အိုးပိုင်အိမ်ပိုင်မရှိ ကိုယ့်နည်းကိုယ့်ဟန်နှင့် ငှားရမ်းနေထိုင်ရသော ချို့တဲ့သူများအတွက် အိမ်ငှားခမတတ်နိုင်လို့ နှင်ထုတ်မောင်းချခံရမယ့် အခြေအနေတွေကနေလည်း ကာကွယ်ပေးဖို့ လိုအပ်လာသည်။ သည်လိုအခြေအနေမျိုးမှာ ယာယီဖြေရှင်းနည်းတွေ ဆောင်ရွက်ပေးရသလို ရေရှည်မှာ လုပ်ဆောင်ရမည့်မူဝါဒများလည်းချမှတ်ရန် လိုအပ်လာပါသည်။

တစ်ချိန်တည်းမှာပင် ပြည့်စုံကောင်းမွန်တဲ့အိမ်ရာကို ပေးဝေဖြန့်ဖြူးနိုင်ဖို့ ဆိုရာမှာ – ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ လူမှုအဖွဲ့အစည်း၊ ပုဂ္ဂလိက၊ ဒေသခံလူထုအားလုံး ကိုယ့်အပိုင်းနဲ့ကိုယ် အတူတကွ လုပ်ဆောင်ရမယ်ဆိုတာကိုလည်း အားလုံးထင်ရှား သိမြင်လာပါသည်။ ထို့ကြောင့် ၂၀၂၀ပြည့်နှစ် ကမ္ဘာ့လူနေမြို့ရွာနေ့ (World Habitat Day 2020) သည် ကိုဗစ်–၁၉ ကပ်ဘေးရဲ့ အကျိုးသက်ရောက်မှုနှင့် လူနေမြို့ရွာတွေကို ဘယ်လိုပိုမိုကြံ့ခိုင်အောင် ပုံသွင်းလုပ်ဆောင်ကြမလဲဆိုသော အရေးကြီးတဲ့ အခွင့်အလမ်းကို ထင်ဟပ်ပြသနေသည့်အတွက် **"လူတိုင်းအတွက် အိုးအိမ်နဲ့ ပိုမိုကောင်းမွန်တဲ့ အနာဂတ်မြို့ပြဆီသို့"** ဟူသောဆောင်ပုဒ်ဖြင့် နိုင်ငံ၊ အဖွဲ့အစည်း အသီးသီးမှ ပါဝင်ဆွေးနွေးကြသည်ကို လေ့လာခွင့်ရရှိခဲ့ပါသည်။

> ◆ **မြို့ကြီးများ၊ မြို့ငယ်များဟာ အရေးပေါ်ဖြေရှင်းနိုင်သည့် မကူးစက်အောင် ခွဲခြားပေးထားသည့်နေရာများ၊ ဝင်ငွေပုံမှန်မရှိသူများအတွက် စားစရာနှင့် အကူအညီများကို ပေးဝေလျက်ရှိ**
>
> ◆ **အိုးပိုင်အိမ်ပိုင်မရှိ ကိုယ့်နည်းကိုယ့်ဟန်နှင့် ငှားရမ်းနေထိုင်ရသော ချို့တဲ့သူများအတွက် အိမ်ငှားခမတတ်နိုင်လို့ နှင်ထုတ်မောင်းချခံရမယ့်အခြေအနေတွေကနေလည်း ကာကွယ်ပေးဖို့ လိုအပ်လာ။**
>
> ◆ **သည်လိုအခြေအနေမျိုးမှာ ယာယီဖြေရှင်းနည်းတွေ ဆောင်ရွက်ပေးရသလို ရေရှည်မှာ လုပ်ဆောင်ရမည့်မူဝါဒများလည်း ချမှတ်ရန် လိုအပ်လာ။**

## အေးအေးမြင့်(မယ်အေး-မြို့ပြအိမ်ရာ)

**World Habitat Day 2020 မိန့်ခွန်းများမှ ကောက်နုတ်ချက်များ**

"၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ သီတင်းငါးပတ်တွင် "လူတိုင်းအတွက် အိုးအိမ်" ဆိုတဲ့ ခေါင်းစဉ်နဲ့ လှုပ်ရှားမှုများကို UN–Habitat က လုပ်ဆောင်ရာမှာ နေစရာအိမ်ဆိုတာ အမိုးအကာမျှသာမဟုတ်၊ ကျန်းမာရေးနှင့် လုံခြုံရေးအတွက် ဘေးရန်ကင်းရှင်းဖို့လိုအပ်ပြီး ကောင်းမွန်ပြည့်စုံရမယ်ဆိုတဲ့အချက်ကို ဦးတည်ပါတယ်။ နေစရာအိမ်ဟာ ကျေနပ်ဖွယ်၊ ပျော်ရွှင်ဖွယ်ပိုင်ဆိုင်မှုတွေနဲ့ နေထိုင်စရာတစ်ခုဖြစ်ဖို့နဲ့ အလုပ်အကိုင်၊ စားစရာ၊ ကျောင်း၊ ဆေးရုံ၊ ကစားကွင်း၊ ပန်းခြံ စတာတွေနဲ့လည်း လက်လှမ်းမီတဲ့နေရာဖြစ်ဖို့ မရှိမဖြစ် လိုအပ်ပါတယ်"

"ထို့ကြောင့် ကျွန်မတို့ရဲ့ မြို့တွေ၊ လူ့အဖွဲ့အစည်းတွေ သူတို့ကို ကြံ့ခိုင်အောင် အသွင်ပြောင်းလဲလုပ်ဆောင်ဖို့နဲ့ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်(၁၁) (SDG–11) ရဲ့ ရည်မှန်းချက်အားလုံးပြည့်မီဖို့အတွက် အလုံးစုံပါဝင်ပြီး ပြည့်စုံသော၊ တတ်နိုင်စွမ်းသော၊ ကောင်းမွန်သော အိမ်ရာသည် အဓိကဗဟိုချက် ဖြစ်လာပါတယ်။ ထို့အတွက် လက်ရှိအကျပ်အတည်းကို ရင်ဆိုင်တုံ့ပြန်ဖို့၊ ဖြေရှင်းနိုင်တဲ့နည်းလမ်းတွေ မျှဝေဖို့၊ အင်အားတွေပေါင်းစည်းပြီး လူတိုင်းအတွက် အနာဂတ်မြို့များကို ဖန်တီးကြဖို့ World Habitat Day မှာ ယခုကစ၍ အချိန်ကျရောက်ပါပြီ" ဟု **UN–Habitat အမှုဆောင်ညွှန်ကြားရေးမှူး Ms.Mamunah Mohd Sharif က** အဖွင့်အမှာစကားမှာ ပြောကြားတိုက်တွန်းခဲ့ပါသည်။

**ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres က** "ကျွန်တော်တို့ဟာ အထိခိုက်မခံတဲ့၊ မညီမျှတဲ့ အခြေအနေတွေပေါ်ပေါက်စေတဲ့ ကပ်ဘေးကို တွန်းလှန်နေကြရသလို ရာသီဥတုပြောင်းလဲမှုနဲ့လည်း ရင်ဆိုင်တိုက်ပွဲဝင်နေရတယ်။ ယခုအခါမှာ လူသားနဲ့ ကမ္ဘာမြေ အကျိုးအတွက် မြို့ပြအသွင်ကူးပြောင်းခြင်းရဲ့ အခွင့်အလမ်းကို ချိတ်ဆက်ရယူဖို့ဖြစ်တယ်" ဟု ပြောကြားပြီး မြို့များမှာ အိုးအိမ်နေရာထိုင်ခင်းတွေကို အဖွဲ့အစည်းများ ပူးပေါင်းမှု၊ ချို့တဲ့နွမ်းပါးသူများအတွက် မူဝါဒနှင့်လုပ်ထုံးများချမှတ်၍ တွန်းအားပေးမှုတို့ဖြင့် ပိုမိုကောင်းမွန်အောင် တိုးမြှင့်အားထုတ်လုပ်ဆောင်ကြရန်လည်း တိုက်တွန်းခဲ့ပါသည်။

**အင်ဒိုနီးရှားသမ္မတ Mr.Joko Widodo က** "မြို့များသည် စီးပွားရေးတိုးတက်မှုနဲ့ လူတို့၏ အလုပ်အကိုင်၊ ဝင်ငွေ၊ နေထိုင်မှုတို့ကို ဦးတည်ဖန်တီးပေးနိုင်တဲ့ ဗဟိုချက်နေရာများဖြစ်သကဲ့သို့ မြို့ပြကြီးထွားဖြစ်ထွန်းမှုဟာ ကြီးမားတဲ့ ကနဦးအခွင့်အလမ်းတစ်ရပ်ဖြစ်ပါတယ်" ဟု ဗီဒီယိုမှတစ်ဆင့်ပြောကြားခဲ့ပြီး "လူတိုင်းအတွက် အိမ်ရာ"ဆိုတဲ့အဆိုဟာ ကျွန်တော်တို့အားလုံးအတွက် မှန်ကန်တဲ့အချက်ဖြစ်ပါသည်။ နေစရာအိမ်ဆိုတာ အခြေခံ လိုအပ်ချက်တစ်ခုလို့ အများကလက်ခံထားသလို အင်ဒိုနီးရှားနိုင်ငံအစိုးရအနေနဲ့လည်း လူတိုင်းအတွက် သင့်တော်ကောင်းမွန်သော နေအိမ်များရရှိဖို့ အာမခံချက်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု မိန့်ခွန်းပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲတွင် ကမ္ဘာ့လူဦးရေ၏လေးပုံတစ်ပုံမှာ အာရှ–ပစိဖိတ်ဒေသတွင်း ပျံ့ကျဲရပ်ကွက်များတွင် စံချိန်မမီ အဆင့်နိမ့်စွာနဲ့ နေထိုင်နေကြရကြောင်း၊ "စံမမီပျံ့ကျဲရပ်ကွက်မရှိသောမြို့များ"(Cities without Slum) ဟူသော အနာဂတ်မျှော်မှန်းချက်တစ်ခုကို အသိအမှတ်ပြုဖန်တီးရန်၊ လူအများတတ်နိုင်ပြီး ကောင်းမွန်ပြည့်စုံသော အိမ်ရာနဲ့ ပျံ့ကျဲလူနေရပ်ကွက်များ အဆင့်မြှင့်တင်ခြင်းများကို လုပ်ဆောင်ပေးနိုင်ရန်၊ နိုင်ငံအစိုးရများက အများပြည်သူနဲ့ သက်ဆိုင်တဲ့ များပြားကြီးမားသောရင်းနှီးမြှုပ်နှံမှုများကို လိုအပ်သလို ဆောင်ရွက်ပေးရန် တိုက်တွန်းကြပါသည်။ ဒါဟာလည်း ယခုကပ်ဘေးသင့်နေသောအချိန်နဲ့ ကပ်ဘေးက လွန်မြောက်သည့် အချိန်တွင်

**စာမျက်နှာ ၁၉ သို့**

■ စာမျက်နှာ ၁၈ မှ

ချို့တဲ့ပြီးမတတ်နိုင်တဲ့အုပ်စုတွေအတွက်ပါ ကိုယ်ရော စိတ်ပါကျန်းမာရေးကို ဖြည့်ဆည်းပေးတဲ့ နေထိုင်စရာ အိုးအိမ်ကို ရရှိစေရေးအတွက်ဖြစ်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂ အာရှ-ပစိဖိတ်ဒေသ၏ လူမှုစီးပွားရေးရာ ကော်မရှင် အမှုဆောင်အတွင်းရေးမှူးက ပြောကြားခဲ့ပါသည်။

မြို့များနှင့်နေအိမ်ကိုဗဟိုပြု၍ ကောင်းမွန်ပြည့်စုံသောနေအိမ်ကို လူတိုင်းအတွက် ဖန်တီးဖြည့်ဆည်းပေးရန် အရေးကြီးသည်ဆိုသည့်အချက်ကို အသိအမှတ်ပြုပြီး ကိုဗစ်-၁၉ ကပ်ရောဂါ၏ ခြိမ်းခြောက်မှုနှင့် စိန်ခေါ်နေမှုများကို အခွင့်အလမ်းတစ်ရပ်အနေဖြင့် အားလုံးပူးပေါင်းဖြေရှင်းကြရန်၊ အထူးသဖြင့် ချို့တဲ့သူများ၊ ပုံကျရပ်ကွက်များကိုလည်း မချန်လှပ်ဘဲ မည်သူတစ်ဦးတစ်ယောက်မျှ၊ မည်သည့်နေရာကိုမျှ မကျန်စေရအောင် လုပ်ဆောင်ကြရန် ကမ္ဘာ့ခေါင်းဆောင်များက တိုက်တွန်းခြင်းဖြစ်ပေသည်။

**World Habitat Day (2020) ဆုချီးမြှင့်ခြင်း**

World Habitat Day (2020) အခမ်းအနားတွင် အိမ်ရာဖြင့် မြို့ပြလူနေမှုဘဝများကို မြှင့်တင်ပေးနိုင်သည့် လုပ်ဆောင်မှုများအတွက် ဆုချီးမြှင့်ပွဲကျင်းပရာ နိုင်ငံငါးနိုင်ငံ (ကိုလံဘီယာ၊ မလေးရှား၊ နီပေါ၊ ယူဂန်ဒါ၊ မက္ကဆီကို)တို့မှ UN-Habitat က ပေးအပ်သည့် ဆုများရရှိကြပြီး ဗီဒီယိုပြကွက်များဖြင့် တင်ပြရှင်းလင်းကြပါသည်။

- ကိုလံဘီယာနိုင်ငံ မြို့ပြနှင့်အိမ်ရာဝန်ကြီးဌာန (Ministry of Housing and Cities)က အိမ်ရာမလုံလောက်မှု လျှော့ချပေးနိုင်ခြင်း၊ သောက်သုံးရေဖြန့်ဖြူးခြင်းနှင့် အိမ်ရာဝယ်ယူရန် ထောက်ပံ့မှုများပေးခြင်း၊
- မလေးရှားနိုင်ငံ ဆူဘန်ဂျာရားမြို့တော် မြူနီစီပါယ်ကောင်စီ (Subang Jaya Munnicipal Council)က လူထုပါဝင်မှုဖြင့် ဝယ်ယူနိုင်စွမ်းရှိသောအိမ်ရာကို ဘက်စုံပေါင်းစပ် ပါဝင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်သည့်စီမံကိန်း၊
- နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မှ Community Impact Nepal အဖွဲ့က သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် အိမ်ရာဆောက်လုပ်ရေးပစ္စည်းတစ်ပိုင်တစ်နိုင်ထုတ်လုပ်ငန်းဖြင့် စွန့်ဦးတီထွင်လုပ်ကိုင်မှု၊
- အာဖရိကတိုက် ယူဂန်ဒါနိုင်ငံမှ Upcycle Africa အဖွဲ့က စွန့်ပစ်အမှိုက်မှ အိမ်ရာတည်ဆောက်ခြင်း၊ အမှိုက်စွန့်ပစ်မှုနှင့်ပတ်သက်၍ ပညာပေးခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းဖန်တီးပေးခြင်း အစီအစဉ်၊
- မက္ကဆီကိုနိုင်ငံ ECOCASA SHF အဖွဲ့က စွမ်းအင်ချွေတာသည့် နည်းစနစ်နှင့် အိမ်ရာတည်ဆောက်မှု၊ သင့်လျော်သည့်နေအိမ်အတွက် ချေးငွေစနစ်ကို အများလက်လှမ်းမီအောင် ဖန်တီးပေးနိုင်မှုစသည်တို့အတွက် ဆုများအသီးသီးရရှိခဲ့ပါသည်။

**ဒုတိယနေ့ ဆွေးနွေးဝိုင်းများနှင့် NUA Platform ချမှတ်ခြင်း**

World Habitat Day ဒုတိယနေ့တွင် ကမ္ဘာလုံးဆိုင်ရာ စကားဝိုင်းသုံးခုနှင့် ဆွေးနွေးပွဲကို အွန်လိုင်းမှ ဆက်လက်ကျင်းပရာ အစိုးရဌာနဆိုင်ရာ ဝန်ကြီးများ၊ ကုလသမဂ္ဂခေါင်းဆောင်များ၊ မြို့တော်ဝန်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြပါသည်။ ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးဝိုင်းခေါင်းစဉ်(၃)ခုမှာ -

(၁) မြို့ပြလုပ်ငန်းစဉ်သစ် - NUA Platform ချမှတ်ခြင်း၊ NUA အကောင်အထည်ဖော်ခြင်းနှင့် တိုးတက်မှုများ၊ လုပ်ဆောင်ချက်များ အစီရင်ခံခြင်းနှင့် ဗဟုသုတမျှဝေခြင်း၊

(၂) ပုံကျနေထိုင်မှုများ/ရပ်ကွက်များ - ဘေးဒဏ်ခံနိုင်ရည်ရှိရေး၊ အားလုံးပါဝင်ရေး၊ ကျား၊ မ တန်းတူညီမျှမှုရှိရေးနှင့် အစိမ်းရောင်စီးပွားရေးဖြင့် ပြန်လည်ကောင်းမွန်ရေးအတွက် တုံ့ပြန်ဆောင်ရွက်ခြင်း၊

(၃) အိမ်ရာကဏ္ဍကို ကိုဗစ်-၁၉ တုံ့ပြန်မှု၏ ဗဟိုချက်တွင် ထားရှိခြင်းတို့ဖြစ်သည်။

ဆွေးနွေးဝိုင်းများသည် ယနေ့ကမ္ဘာ ကြုံတွေ့ရင်ဆိုင်နေရသည့် အခြေအနေများကို ထင်ဟပ်ပြီး လက်တွေ့ကျကျ ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ကျယ်ပြန့်စွာ ချပြဆွေးနွေးခြင်းဖြစ်သည်။ မြို့ပြနှင့် အိမ်ရာကဏ္ဍနှင့် ဆက်နွယ်ပတ်သက်နေသူများအတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်နှင့် ဗဟုသုတအလို့ငှာ စားပွဲဝိုင်းဆွေးနွေးချက်များကို အကျဉ်းဖော်ပြသွားပါမည်။

**စားပွဲဝိုင်း(၁)မြို့ပြလုပ်ငန်းစဉ်သစ်နှင့် အနာဂတ်လုပ်ဆောင်ချက်များကို ခြေရာခံလှုံ့ဆော်ခြင်း**

မြို့ပြလုပ်ငန်းစဉ်သစ်(၂၀၃၀)မှာ ကောင်းမွန်သောနေထိုင်မှု၊ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်မှုရရှိစေရန် အားလုံးပူးပေါင်းပါဝင်၍ မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်ခဲ့ခြင်းမရှိစေရအောင် အကောင်အထည်ဖော်ရေးအတွက် ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၇၆ နိုင်ငံ ပါဝင်ကျင်းပသော Habitat III ညီလာခံမှချမှတ်ခဲ့သည့် ပြဋ္ဌာန်းချက်များဖြစ်ပါသည်။

ယခုအစည်းအဝေးတွင် NUA Platform ကို ဖွင့်လှစ်၍ ကုလသမဂ္ဂအဖွဲ့များ၊ အစိုးရအဖွဲ့အစည်းများ (ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်)၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပညာရပ် ဆိုင်ရာပုဂ္ဂိုလ်များနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ အတူပါဝင်ပြီး NUA နှင့် ရေရှည်ဖွံ့ဖြိုးရေး ရည်မှန်းချက် ပန်းတိုင်များ (Sustainable Development Goals - SDG)ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ NUA သည် SDGs (2030) ကို အကောင်အထည်ဖော်ရန် ချမှတ်ခဲ့သည့် Action Plan များဖြစ်ပြီး NUA အကောင်အထည်ဖော်ရာတွင် စနစ်တကျအစီရင်ခံရန်၊ တိုးတက်မှုများကို ခြေရာခံခြင်းများ ပြုလုပ်ရန်၊ အပြန်အလှန်မျှဝေ၍ ချိတ်ဆက်မှုနှင့် ပေါင်းစပ်ဆောင်ရွက်မှု အကျိုးရလဒ်များကို အားပေးလှုံ့ဆော်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး ကမ္ဘာ့မြို့ပြညီလာခံ (World Urban Forum)ကဲ့သို့ ဆန်းသစ်သည့်ပွဲများ ကျင်းပခြင်း၊ ကမ္ဘာလုံးဆိုင်ရာ အခြေခံအစီရင်ခံစာများ ထုတ်ပြန်ခြင်းများ ဆောင်ရွက်သွားရန်ဖြစ်သည်။

■ “အိမ်” ဆိုသည်မှာ လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး အခြားသော အခြေခံအခွင့်အရေးများရရှိနိုင်ရန် အတွက် အထောက်အကူပြုလျက်ရှိ

■ ပြည်သူအားလုံးအတွက် တန်ဖိုးမျှတသော အိမ်ရာများ အလုံအလောက်ရရှိရေးသည် ရေရှည်တည်တံ့သော မြို့များနှင့် လူမှုအသိုက်အဝန်းအဖြစ် အသွင်ပြောင်းရေး အတွက် အရေးပါသော သော့ချက်တစ်ရပ်ကိုဖော်ပြနေ

**မြို့ပြလုပ်ငန်းစဉ်သစ်(၂၀၃၀)မှာ ကောင်းမွန်သော နေထိုင်မှု၊ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် အောင်မြင်မှုရရှိစေရန် အားလုံးပူးပေါင်းပါဝင်၍ မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျကျန်ခဲ့ခြင်း မရှိစေရအောင် အကောင်အထည်ဖော်ရေးအတွက် ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၇၆ နိုင်ငံ ပါဝင် ကျင်းပသော Habitat III ညီလာခံမှ ချမှတ်ခဲ့သည့် ပြဋ္ဌာန်းချက်များဖြစ်။**

စကားဝိုင်းတွင် NUA Platform ကို Virtual Tour ဖြင့်ပြသပြီး မြို့ပြလုပ်ငန်းစဉ်သစ် အကောင်အထည်ဖော်ခြင်း(NUA ပုံဖော်ခြင်း)အတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းများလည်း ပါဝင်လာမည်ဖြစ်ကြောင်း၊ ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်ရည်မှန်းချက်(၁၁)(SDG-11)သည် SDG အချက်အားလုံး၏ နောက်ခံနှင့် အခြေခံအုတ်မြစ်ဖြစ်ကြောင်းတို့ကို UN-Habitat မှ ဆွေးနွေးပြောကြားပါသည်။

ပိုလန်နိုင်ငံ Ministry of Development Funds and Regional Policy ဝန်ကြီးကလည်း ပိုလန်နိုင်ငံအတွက် SDGs(2030) နှင့် New Urban Agenda သည် အမျိုးသားမြို့ပြမူဝါဒနှင့် မြို့ပြမူဘောင်များ ချမှတ်ရာတွင် အရေးကြီးကြောင်းနှင့် 2030 Agenda အကောင်အထည်ဖော်ရေးနည်းစနစ်များကို ရေရှည်ရင်းနှီးမြှုပ်နှံရမည့်အရာတစ်ခုဟု ခံယူထားကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် UN-Habitat မှ ကမကထပြုလုပ်၍ ချမှတ်ထားခဲ့သည့် NUA မူဝါဒ လမ်းစဉ်ကို ဖော်ဆောင်နေမှု၊ တိုးတက်မှုနှင့် စိန်ခေါ်မှု၊ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ Stakeholder အသီးသီး၏ စုပေါင်းဆောင်ရွက်မှုရလဒ်၊ တိုးတက်မှုရလဒ်များ၏ ညွှန်းကိန်းများ စသည်များကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ဗဟိုနှင့် ဒေသဆိုင်ရာ အစိုးရများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ တက္ကသိုလ်နှင့် ပညာရေးဆိုင်ရာ အသင်းအဖွဲ့များမှ အတွေ့အကြုံများကို နှီးနှောဖလှယ်ဆွေးနွေးသွားကြပါသည်။

**စားပွဲဝိုင်း(၂) ပုံကျနေထိုင်မှုများ/ရပ်ကွက်များ - ဘေးဒဏ်ခံနိုင်ရေး၊ အားလုံးပါဝင်ရေး၊ ကျား၊ မတန်းတူညီမျှမှုရှိရေးနှင့် အစိမ်းရောင် စီးပွားရေးဖြင့် ပြန်လည်ကောင်းမွန်ရေးအတွက် တုံ့ပြန်ဆောင်ရွက်ရေး**

မလေးရှားနိုင်ငံ ဆူရာဘားရားမြို့တော်ဝန် Ms.Tri Rismaharini က “ဆူရာဘားရားမြို့သည် ပုံကျရပ်ကွက်များကို ဖွံ့ဖြိုးမှုစီမံကိန်းအသစ်များအတွက် ဆွဲချဖျက်ဆီးမောင်းထုတ်တာမျိုး ဘယ်တုန်းကမှ အားပေးခြင်းမပြုဘဲ ယင်းအစား ပုံကျနေထိုင်သူများအား မိမိတို့နေထိုင်ရေးအတွက် ပိုမိုကောင်းမွန်သော အခြေအနေများရရှိဖို့ မည်သို့လုပ်နိုင်သည်ကို သင်ကြားပေးသော အစီအစဉ်များကိုသာ လုပ်ဆောင်ပေးခဲ့ပါတယ်” ဟု အဖွင့်အမှာစကားပြောကြားပါသည်။

ယနေ့ လူပေါင်းတစ်ဘီလီယံသည် ဆင်းရဲသားပုံကျရပ်ကွက်များတွင် နေထိုင်ကြသည်။ ထိုလူဦးရေသည် ၂၀၅၀ပြည့်နှစ်တွင် နှစ်ဘီလီယံအထိ တိုးပွားလာနိုင်ပြီး အာဖရိကတောင်ပိုင်း၊ ဆာဟာရနှင့် အာရှတွင်နေထိုင်သူ လူဦးရေက အချိုးအများဆုံး ဖြစ်လာနိုင်ပါသည်။ ဆယ်စုနှစ်ပေါင်းများစွာ မြို့ပြမှ ဖယ်ကြဉ်ခြင်းခံထားရသည့် ဆင်းရဲသားရပ်ကွက်တွင် နေထိုင်သူများ၊ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးငယ်များသည် ဆင်းရဲမွဲတေမှု၏ မမျှတသော ဝန်ထုပ်ဝန်ပိုးကို သယ်ပိုးနေရသည်။ ဆင်းရဲသား ရပ်ကွက်များတွင် အတည်တကျ အိမ်ရာ၊ ရေ၊ သန့်ရှင်းမှု၊ အမှိုက်သိမ်းစနစ်နှင့် အခြားဝန်ဆောင်မှုများ မရရှိကြပါ။ မြေပိုင်ဆိုင်မှုနှင့် အာမခံချက်မရှိခြင်း၊ စွမ်းဆောင်ရည်၊ အရည်အချင်း၊ ငွေကြေး၊ ကုန်ထုတ်စွမ်းအားမရှိဘဲ အသက်မွေးဝမ်းကျောင်းပြုရခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေအလွန်နည်းပါးကြပါသည်။ ကိုဗစ်-၁၉ အရေးသည် အဆိုပါ ရှိနှင့်ပြီးသား ထိခိုက်လွယ်သောအုပ်စုများ၏ လူနေမှုအဆင့်အတန်း နိမ့်ပါးခြင်းကြောင့် ၎င်းတို့အပေါ် ဆိုးကျိုးသက်ရောက်မှု ပိုမိုမြင့်တက်လာကြောင်း ထောက်ပြ နိုင်ခဲ့ပါသည်။ ထို့ကြောင့် ထိုအားနည်းချက်များနှင့် ကိုဗစ်-၁၉ ၏ သက်ရောက်မှုများတွင် မည်သူတစ်ဦးတစ်ယောက်နှင့် မည်သည့်နေရာမျှ ချန်လှပ်ထားခြင်းမရှိအောင် အသွင်အမျိုးမျိုးဖြင့် လုပ်ဆောင်ကြရပါမည်ဟု UN-Habitat မှ အလေးအနက်ထား ပြောကြားခဲ့ပါသည်။

အခြေခံလူတန်းစားများ၏ “New Normality” လူနေမှုပုံစံအတွက် အစိမ်းရောင်စီးပွားရေး (Green Economy) ဖြင့် ပြန်လည်ကောင်းမွန်အောင်ထူထောင်ရေး၊ ဖြေရှင်းရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အစိုးရများ၊ လူမှုအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများက ဆန်းသစ်တီထွင်သောနည်းစနစ်များဖြင့် ပူးပေါင်းဆောင်ရွက်ရန်၊ “ပုံကျနေထိုင်မှုများ/ရပ်ကွက်များ - ဘေးဒဏ်ခံနိုင်ရည်ရှိရေး၊ အားလုံးပါဝင်ရေး၊ ကျား၊ မတန်းတူညီမျှမှုရှိရေးနှင့် အစိမ်းရောင်စီးပွားရေးဖြင့် ပြန်လည်ကောင်းမွန်ရေးအတွက် တုံ့ပြန်ဆောင်ရွက် ရေး” ဟူသော အဖြေတစ်ခုကို အစပြုနိုင်သည့် အခွင့်အလမ်းကောင်းတစ်ခုကို ရရှိခဲ့ပါသည်။

ပြည်သူ-အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (PPPPs) ကို ဖော်ဆောင်ခြင်းဖြင့် ဒေသတွင်း ဆန်းသစ်တီထွင်မှု၊ အလုပ်အကိုင်နှင့် အိမ်ရာပိုင်ဆိုင်မှု အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သည့် လူနေမှုပတ်ဝန်းကျင်ကောင်းတစ်ခုကို အခိုင်အမာ တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ပိုမိုကောင်းမွန်သော မြို့ပြအနာဂတ်အတွက် ရေရှည်တည်တံ့သော ပြည်သူဗဟိုပြုလူနေမှုပတ်ဝန်းကျင်ကို ထူထောင်နိုင်ရန် နည်းဗျူဟာ၊ အခွင့်အလမ်းများနှင့် ကနဦးလိုအပ်ချက်များကို အစိုးရမှ PPPPs အသွင်ဖော်ဆောင်၍ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ပါသည်။ ရပ်ကွက်နေပြည်သူများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များအတွက် စီးပွားရေးလုပ်ငန်းအသစ်များ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးပြန်လည်ထူထောင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် အစိုးရမှပေါင်းစည်းညှိနှိုင်း၍ အခွင့်အလမ်းများ ဖန်တီးပေးရမည့်အပြင် ထိုသို့ဆောင်ရွက်နိုင်ရန်နှင့် ၎င်းတို့၏ အောင်မြင်တိုးတက်လိုစိတ်ကို ပိုမိုလှုံ့ဆော်စေနိုင်ရန်အတွက် လက်လှမ်းမီသည့် အိမ်ရာများ တည်ဆောက်ပေးခြင်း၊ အခြေခံအဆောက်အအုံလိုအပ်ချက်များဖြစ်သည့် ရေပေးဝေခြင်း၊ မိလ္လာစနစ်၊ အမှိုက်စီမံခန့်ခွဲမှု၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုနှင့် စီးပွားရေးအခြေခံအဆောက်အအုံများ စသည်တို့ကို လိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဆွေးနွေးသွားခဲ့ကြပါသည်။

ဆက်လက်ဖော်ပြပါမည်

## တပ်မတော် နယ်လှည့်မျက်စိအထူးကုဆေးအဖွဲ့ နွားထိုးကြီးမြို့၌ စမ်းသပ်ခွဲစိတ်ကုသပေး



**နွားထိုးကြီး အောက်တိုဘာ ၂၅**

နွားထိုးကြီးမြို့ အမှတ်(၂)ရပ်ကွက် အလယ်ကျောင်းတိုက်အတွင်းရှိ သီရိအောင်လှိုင် ဓမ္မဗိမာန်ဓမ္မာရုံတွင် မိတ္ထီလာမြို့ လေယာဉ်ပြင်ဆင်ထုတ်လုပ်ရေးဌာနချုပ်မှူး ဗိုလ်မှူးထိန်လင်းဦးဆောင်၍ တပ်မတော်နယ်လှည့်မျက်စိအထူးကုဆေးအဖွဲ့သည် နွားထိုးကြီးမြို့နယ်အတွင်းရှိမျက်စိဝေဒနာရှင်များကိုအောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းမှစတင်၍ စမ်းသပ်ခွဲစိတ် ကုသပေးလျက်ရှိကြောင်း သိရသည်။

တပ်မတော်နယ်လှည့် မျက်စိအထူးကုအဖွဲ့သည် နွားထိုးကြီးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၄၂ ဦးအား အခမဲ့ စမ်းသပ်ခွဲစိတ်ပေးမည်ဖြစ်ပြီး ထိုသို့ဆေးကုသနေမှုကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ငြိမ်းနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှု၍ အားပေးစကားပြောကြားခဲ့သည်။

တပ်မတော်နယ်လှည့် မျက်စိအထူးကုအဖွဲ့သည် နွားထိုးကြီးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များကို အောက်တိုဘာ ၂၈ ရက်အထိ စမ်းသပ်ခွဲစိတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းအောင်ဇော်**

**(ပြန်/ဆက်)**

## နမ့်ဆန်၌ တိုးချဲ့ရေပေးဝေရေးဖွင့်ပွဲ ပြုလုပ်

**မိုင်းဖြတ် အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အထွေထွေပိုလျှံငွေ(GRF)ဖြင့် ဆောင်ရွက်ခဲ့သည့် နမ့်ဆန်တိုးချဲ့ရေပေးဝေရေးဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကွက်သစ်ရပ်ကွက် မြို့ရေပေးဝေရေးနေရာ၌ ပြုလုပ်သည်။

ရှမ်းပြည်နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစွံဆိုင်းက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာနခွဲ ကျိုင်းတုံမှ ဒုတိယအင်ဂျင်နီယာမှူး ဦးညီညီသန့်က တိုးချဲ့ရေပေးဝေရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ မြို့မိမြို့ဖဦးထွန်းရွှေက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် နမ့်ဆန်တိုးချဲ့ရေပေးဝေရေးလုပ်ငန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ရှမ်းပြည်နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစွံဆိုင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အဆိုပါလုပ်ငန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် အထွေထွေပိုလျှံငွေ (GRF) ဖြင့် တော်ဝင်မိုင်းဖြတ်နဂါးဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပြီး အလျား ၃၆ ပေ၊ အနံ ၂၅ ပေ၊ အမြင့် ၈ ပေ ၆ လက်မရှိ ဂါလန် ၄၅၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၄၁ သန်း၊ ပိုက်နှင့်ပိုက်ဆက်ပစ္စည်းဝယ်ယူခြင်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၈၈ သန်း၊ ရေပိုက်သွယ်တန်းခြင်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၇၁ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ဝန်းသိုမြို့နယ် ကျေးရွာ ၇၀ ကျော်၌ သောက်သုံးရေများတွင် ရောဂါပိုးပါဝင်မှု ရှိ/မရှိ စမ်းသပ်စစ်ဆေး



**ဝန်းသို အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်၌ ကျေးလက်နေပြည်သူများ နေ့စဉ်သောက်သုံးနေကြသည့် ရေများတွင် ဝမ်းပျက်၊ ဝမ်းလျှောဖြစ်စေတတ်သော ဗက်တီးရီးယားရောဂါပိုး ပါဝင်ခြင်းရှိ၊ မရှိ Ecoli Test Kit များဖြင့် ရေအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာ ၇၁ ရွာ၌ စစ်ဆေးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဝန်းသိုမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှစတင်၍ ကျေးရွာ ၁၀၂ ရွာတို့တွင် သောက်သုံးရေရရှိရေးလုပ်ငန်းများကို နှစ်စဉ် ဘတ်ဂျက်လျာထား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျေးလက်နေပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းသော သောက်သုံးရေ ရရှိသုံးစွဲနိုင်စေရန် ရည်ရွယ်၍ လက်ရှိသောက်သုံးရေများတွင် ဝမ်းပျက်ဝမ်းလျှောဖြစ်တတ်သော ရောဂါပိုးပါဝင်ခြင်းရှိ၊ မရှိ စစ်ဆေးခြင်းဖြစ်ကြောင်း၊ စစ်ဆေးရာတွင် နှစ်ရက်အကြာ သင့်တင့်သောအပူချိန်၌ထားပြီးမှသာ အဖြေသိရှိရပြီး Data Entry ရေးသွင်းခြင်း ဆောင်ရွက်ရကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

ဝန်းသိုမြို့နယ်တွင် ကျေးရွာပေါင်း ၁၇၉ ရွာရှိရာ ကျေးလက်ဒေသများ၏ ရေသုံးစွဲမှုအခြေအနေများကို RWS MIS Mobile Application အသုံးပြု၍ ကျေးရွာ ၈၇ ရွာတွင် ကောက်ယူပြီးစီးပြီဖြစ်ကြောင်း၊ ယခု Ecoli Test Kit များဖြင့် ရေအရည်အသွေး စမ်းသပ်စစ်ဆေးခြင်းလုပ်ငန်းကို ပထမအကြိမ် ကျေးရွာ ၉၀ ၌ စစ်ဆေးရန် လျာထားဆောင်ရွက်ရာတွင် ကျေးရွာ ၇၁ ရွာကို စမ်းသပ်စစ်ဆေးပြီးစီး၍ Data Entry ရေးသွင်း ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ပေလီမြို့၌ နှာခေါင်းစည်းဝတ်ဆင်မှု ရှိ/မရှိ စစ်ဆေး

**ပေလီ အောက်တိုဘာ ၂၅**

ပေလီမြို့၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းမှ ကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိဘဲ နေအိမ်ပြင်ပထွက်သူများအား နှာခေါင်းစည်းဝတ်ဆင်ပြီးမှသာ အပြင်သို့ သွားလာစေရေးအတွက် အခုဝယ် အခုဝတ်စနစ်ဖြင့် အသိပညာပေးခြင်းကို ပေလီမြို့ ဂျိတ္တောရပ်ကွက် လမ်းမကြီးနှင့် ဈေးတို့တွင် ယမန်နေ့ နံနက်ပိုင်းက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေလီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဦးဆောင်ပြီး ဂျိတ္တောနယ်မြေရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပေလီမြို့ စည်ပင်သာယာရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ထွန်းနှင့် အဖွဲ့ဝင်များက ပူးပေါင်းစစ်ဆေး၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပေလီမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နေအိမ်ပြင်ပထွက်တိုင်း နှာခေါင်းစည်းများဝတ်ဆင်ပြီးမှ သွားလာရန် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပေလီ(ပြန်/ဆက်)**

## ထောက်ပံ့ငွေနှင့် စုဆောင်းငွေအပေါ် အတိုးငွေများပေးအပ်

**မိတ္ထီလာ အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့သစ်ဈေးသမဝါယမအသင်းလီမိတက်မှ ကိုဗစ်-၁၉ ရောဂါကာလအတွင်း အသင်းသားများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ငွေများကို အောက်တိုဘာတတိယပတ်က မြို့သစ်ဈေးသမဝါယမအသင်းရုံးခန်း၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွေးနုနုလှိုင်နှင့် တာဝန်ရှိသူများ၊ မြို့သစ်ဈေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးသိန်းကြိုင်နှင့် အမှုဆောင်အဖွဲ့များက အသင်းသား ၄၁၅ ဦးအား တစ်ဦးလျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၈၃ သိန်း၊ အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးငွေကျပ် ၁၁၅ သိန်း စုစုပေါင်းငွေကျပ် ၁၉၈ သိန်းကို အသင်းသားများ လက်ဝယ်အရောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်များနှင့်အညီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

■

## စားသောက်ရေးအခက်အခဲရှိသူနှင့် စည်ပင်နေ့စားဝန်ထမ်းများအား စားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၅**

တောင်ဥက္ကလာပမြို့နယ်အတွင်း စားသောက်ရေးအခက်အခဲရှိသူ အိမ်ထောင်စု ၂၂၀ နှင့် မြို့နယ် စည်ပင်သာယာရေးကော်မတီမှ နေ့စားဝန်ထမ်း အိမ်ထောင်စု ၁၀၀ ကို အောက်တိုဘာ ၂၄ ရက်တွင် တောင်ဥက္ကလာပမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် We Love Southokkalapa အဖွဲ့တို့က အလှူရှင်များကိုယ်စား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့လှူဒါန်းရာတွင် တောင်ဥက္ကလာပမြို့နယ် ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅ ရပ်ကွက်များရှိ အမှန်တကယ် စားသောက်ရေးအခက်အခဲရှိသူ အိမ်ထောင်စု ၂၂၀ နှင့် တောင်ဥက္ကလာပမြို့နယ် စည်ပင်သာယာရေးကော်မတီမှ လမ်းပြုပြင်သူ၊ ရေစီးရေလာကောင်းမွန်ရေး မြောင်းရှင်းလင်းသူ၊ ရေပိုက်ပြုပြင်သူစသည့် နေ့စားဝန်ထမ်း အိမ်ထောင်စု ၁၀၀ တို့အား တစ်စုလျှင် ဆန်သုံးပြည်၊ ဆီတစ်ဘူး၊ ကြက်ဥရှစ်လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ ခရမ်းချဉ်သီး ၅၀ ကျပ်သားတို့ကို ထောက်ပံ့လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာလအတွင်း စားသောက်ရေး အခက်အခဲရှိသူများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ နေ့စားဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ဆက်လက်ထောက်ပံ့လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။




**အေးမင်းသူ**

## ပြင်ဦးလွင်မြို့၌ ရှေ့ဆောင်ငွေစုငွေချေးအသင်းသားများအား ထောက်ပံ့ပေးအပ်

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရှေ့ဆောင်ငွေစုငွေချေးအသင်းသည် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း သမဝါယမအသင်းသားများအား စုဆောင်းငွေပေါ် အတိုးနှင့် အသင်းသား ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၂၃ ရက်က အဆိုပါအသင်းရုံးရှိရာ မြေတိုင်းကျောင်းရုံး၌ ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် အသင်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် အသင်းသား ၁၅၄ ဦးအား စုစုပေါင်းငွေကျပ် ၁၅၄၀၀၀၀ နှင့် စုဆောင်းငွေပေါ် အတိုးသိန်း ၆၀ ကျော် ထုတ်ပေးခဲ့ပြီး ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သော အမှုဆောင်များနှင့် အသင်းသားများ၏ သားသမီးများအား ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်၊ ရှေ့ဆောင်ငွေစုငွေချေးအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်တို့ပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



## ကျောက်ဆည်မြို့နယ်၌ မျိုးသန့်မျိုးစေ့ရရှိရေး မျိုးကွဲပယ်၊ ပေါင်းနုတ်ခြင်းများ ဆောင်ရွက်

**ကျောက်ဆည် အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်(CERP)ဖြင့် စိုက်ပျိုးထားရှိသော အောင်မြင်ဖြစ်ထွန်းနေသည့် ရောမင်းမိုးစပါးစိုက်ခင်းများအား မျိုးသန့်မျိုးစေ့ရရှိရေး အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများပူးပေါင်းပြီး မျိုးကွဲ ပယ်ခြင်း၊ ပေါင်းနုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းသောင်း၏ကြီးကြပ်မှုဖြင့် ထုံးကြီးရှေ့တန်းစခန်းအောက်ရှိ ရဲမအူကျေးရွာ တောင်သူ ဦးမြင့်ဟန်စိုက်ပျိုးထားသည့် ကွင်းအမှတ်(၂၈၅) ဦးပိုင်အမှတ်(၇၇/၂) သက်တမ်း ၉၅ ရက်ရှိ ရောမင်းမိုးစပါးခုနစ်ဧကတွင် ရှေ့တန်းကွင်းတာဝန်ခံ ဒေါ်မိမိမျိုးမြတ်နှင့် ဝန်ထမ်းများက တောင်သူနှင့်ပူးပေါင်းပြီး ဒုတိယအကြိမ် မျိုးကွဲပယ်ခြင်း၊ ပေါင်းနုတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်တွင် (CERP) အစီအစဉ်ဖြင့် ရောမင်းမိုးစပါးများကို မင်းရဲရှေ့တန်းစခန်းမှ ကျေးရွာအုပ်စုခုနစ်အုပ်စုတွင် ၁၃၇ ဒသမ ၆၃ ဧက၊ သင်းတွဲရှေ့တန်းစခန်းမှ ကျေးရွာအုပ်စုငါးအုပ်စုတွင် ၁၁၂ ဧက၊ သင်းဒီးရှေ့တန်းစခန်းမှ ကျေးရွာအုပ်စုခြောက်အုပ်စုတွင် ၁၆၂ ဒသမ ၁၉ ဧက၊ ထုံးကြီးရှေ့တန်းစခန်းမှ ကျေးရွာအုပ်စုလေးအုပ်စုတွင် ၆၃ ဧက၊ စမာရှေ့တန်းစခန်းမှ ကျေးရွာအုပ်စုသုံးအုပ်စုတွင် ၃၂ ဧက၊ တမုတ်ရှေ့တန်းစခန်းမှ ကျေးရွာအုပ်စုရှစ်အုပ်စုတွင် ၁၀၉ ဒသမ ၀၈ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သက်မောင်(ပြန်/ဆက်)**



## လားရှိုးမြို့နယ် ပုန်းထွန်-ဟန်နားကျေးရွာချင်းဆက်လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သော လားရှိုးမြို့နယ် ပုန်းထွန်-ဟန်နားကျေးရွာချင်းဆက်လမ်း ငါးမိုင်အနက်မှ နှစ်မိုင်အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို နယ်စပ်ဒေသဖွံ့ဖြိုးရေးခွင့်ပြုရန်ပုံငွေ ကျပ် ၂၀၀ ဒသမ ၃၇၆ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောက်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ၎င်းလမ်းအား အသုံးပြုလျက်ရှိသော ဒေသခံတိုင်းရင်းသားပြည်သူများ၏ ဒေသထွက်ကုန်များအား ရာသီမရွေး၊ အချိန်မရွေးမြို့ပေါ်ဈေးကွက်များသို့ အချိန်တိုအတွင်း ရောင်းဝယ်ဖောက်ကားနိုင်ခဲ့ရာ ဒေသခံများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုများခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ငွေကြယ်**

COVID- 19 ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

## ပွင့်ဖြူမြို့နယ်၌ အရိပ်ရပင်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ပွင့်ဖြူ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ မိုးရာသီတွင် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်ထားရှိသည့် အရိပ်ရစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် သစ်တောပြုန်းတီးမှုကြောင့် ရင်ဆိုင်ကြုံတွေ့နေရသည့် သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုဂေဟစနစ်များ မျှတကောင်းမွန်အောင် ထိန်းညှိပေးနိုင်ရေးအတွက် နှစ်စဉ် အရိပ်ရပျိုးပင်များကို ပြုစုပျိုးထောင်ကာ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် ကျေးရွာသုံးစိုက်ခင်း၊ အခြားစိုက်ခင်းနှင့် ထူးစိမ်း (တစ်အုပ်တစ်မ) စိုက်ခင်းများဟူ၍ လုပ်ငန်းစဉ်သုံးရပ်ခွဲကာ အရိပ်ရပင်များကို အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခု ၂၀၁၉ - ၂၀၂၀ ခုနှစ် မိုးရာသီတွင် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် အပူဒဏ်ကာကွယ်နိုင်ရေးအတွက် ပွင့်ဖြူမြို့နယ် ချောင်းဆုံ(မ) ကျေးရွာ၏အရှေ့မြောက်ဘက် ငါးမိုင်ခန့်အကွာရှိ မြေကွက်လပ်တွင် (၁/၂၀၂၀) ကျေးရွာသုံးစိုက်ခင်းဧက ၁၀၀ တွင် အရိပ်ရပင်များဖြစ်သည့် ယူကလစ်ပင် ၁၂၄၂၀ (၂၃ ဧက)၊ ရှားပင် ၂၉၇၀၀ (၅၅ ဧက)၊ မျှင်ဝါးပင် ၁၀၈၀ (နှစ်ဧက)တို့ကို စိုက်ပျိုးထားရှိကြောင်း၊ စိုက်ခင်းအမှတ် (၂/၂၀၂၀) ကိုအခြားစိုက်ခင်းအနေဖြင့် ဧက ၃၀ တွင် ယူကလစ်ပင် ၁၀၈၉၀ (ကိုးဧက)၊ ရှားပင် ၂၅၄၁၀ (၂၁ ဧက) စိုက်ပျိုးဆောင်ရွက်ထားရှိကြောင်းနှင့် အထူးစိမ်း (၃/၂၀၂၀) တစ်အုပ်တစ်မစိုက်ခင်းအနေဖြင့် တမာပင် ၁၂၀၀၊ မန်ကျည်းပင် ၂၀၀၊ မာတာကွတ်ပင် ၁၀၀ စုစုပေါင်းအရိပ်ရပင် ၁၅၀၀ ကိုလည်း စိုက်ပျိုးထားရှိကြောင်း သိရသည်။



အဆိုပါစိုက်ပျိုးထားရှိသည့် အရိပ်ရပင်များကို မြို့နယ်ဦးစီးအရာရှိ ဦးဇော်ထွန်းဦးဆောင်သော ဝန်ထမ်းများအဖွဲ့က စဉ်ဆက်မပြတ် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရေလောင်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ မြေဆွခြင်း၊ မြေဆီမြေသြဇာကျွေးခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ယခုအခါ စိုက်ခင်းများအလိုက် အရိပ်ရပင်များမှာ ရှင်သန်ကြီးထွားဖွံ့ဖြိုးကာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းထံမှ သိရသည်။

ထို့အပြင် ယခုလာမည့် ၂၀၂၀ - ၂၀၂၁ ခုနှစ် မိုးရာသီအတွက် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် အပူဒဏ်ကာကွယ်ရေးအတွက် စိုက်ပျိုးနိုင်ရန် ချောင်းဆုံကန် ယာယီပျိုးဥယျာဉ်တွင် ယူကလစ် ၂၄၄၃၈ ပင်၊ ရှား ၇၁၂၈၇ ပင်၊ မျှင်ဝါး ၂၀၂၅ ပင် စုစုပေါင်းအရိပ်ရပျိုးပင် ၉၇၇၇၅၀ ကိုလည်း ကြိုတင်၍ပျိုးထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

## ရောမင်းမိုးစပါး စိုက်ပျိုးကွက်များအား ကွင်းဆင်းစစ်ဆေး

**ကလေး အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် CERP အစီအစဉ်ဖြင့်စိုက်ပျိုးသော ရောမင်းမိုးစပါးစိုက်ကွက်များနှင့် ပျဉ်းခုံကြီးကျေးရွာနေ အခြားတောင်သူများ၏စိုက်ကွက်များအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးရိုကုန်းနှင့် တာဝန်ရှိသူများက ရောမင်းမိုးစပါးစိုက်ပျိုးကွက်အတွင်း မျိုးကွဲပါဝင်မှု ရှိ၊ မရှိ၊ ရောဂါပိုးမွှားကျရောက်မှုရှိ၊ မရှိ စစ်ဆေးပြီး မျိုးကောင်းမျိုးသန့်စပါးများ ထုတ်လုပ်တင်ပို့ရောင်းချနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သောသီးနှံများ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် တက်ရောက်လာကြသည့်တောင်သူများအား မှာကြားခဲ့သည်။

ယခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း CERP အစီအစဉ်အရ ရောမင်းမိုးစပါးဧက ၅၁၀၊ ဆင်းသုခ ဧက ၉၀ စုစုပေါင်းဧက ၆၀၀ စိုက်ပျိုးခဲ့ကြောင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့ငွေများပေးအပ်ခြင်း၊ မျိုးစေ့များ အဆင့်အတန်းပြည့်မီစေရန်အတွက် နေ့စဉ်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထန်းဖုန်(ပြန်/ဆက်)**

## ရေနံချောင်းမြို့နယ်၌ ဖရဲသီးများအရောင်းအဝယ်လိုက်ကာ ဈေးကောင်းရ

**ရေနံချောင်း အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ထွက် ဖရဲသီးများ ယခုတစ်ပတ်တွင် အရောင်းအဝယ်လိုက်ကာ ဈေးကောင်းရလျက်ရှိကြောင်း ဒေသခံတောင်သူနှင့် ရောင်းဝယ်သူများထံမှ သိရသည်။

ဖရဲသီးများအား ပြီးခဲ့သည့်စက်တင်ဘာလက စတင်ဆွတ်ခူးကြပြီး ကျပ် ၇၀၀ ဖြင့်ရောင်းရကြောင်း၊ ယခုတစ်ပတ်အတွင်း ဖရဲသီးတစ်လုံးလျှင် ကျပ် ၁၀၀၀ ဖြင့် ရောင်းရကြောင်း၊ နယ်သီး (မန္တလေးကဖရဲသီး)မဝင်သည့်အတွက် ဖရဲသီးဈေးပြန်တက်လာခြင်းဖြစ်ကြောင်း လက်လီရောင်းဝယ်သူတစ်ဦးက ပြောကြားသည်။



ရေနံချောင်းမြို့နယ်၌ စိုက်ဖရဲသီးကို အဓိကစိုက်ပျိုးပြီး ယခင်နှစ်နှင့် ယခုနှစ်တွင် ဖရဲသီးအောင်မြင်ဖြစ်ထွန်းကြောင်း၊ ဈေးကောင်းရရှိရန်လိုအပ်ပြီး နယ်သီးများမှာ ဈေးကွက်၌ တစ်လုံးကျပ် ၁၈၀၀ ဝန်းကျင် ဝယ်ယူရကြောင်း၊ ရေနံချောင်းမြို့နယ် ဝက်မစွတ်ကျေးရွာအုပ်စုတွင် ဖရဲသီးကို အဓိကထား၍ စိုက်ပျိုးကြကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

## မိုးနဲမြို့၌ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း၌ စံကွက်ရိတ်သိမ်း

**မိုးနဲ အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် CERP အစီအစဉ်ဖြင့် စိုက်ပျိုးထားသော နမ့်မော်ဆွမ့်ကျေးရွာအုပ်စု ကွင်းအမှတ် (၉၈) ဦးပိုင်အမှတ် (၃၄) ရှိ တောင်သူဦးစိုင်းသန်းထွန်းစိုက်ပျိုးထားသော DU-12 မိုးစပါး (CS-RS) မျိုးစေ့ထုတ်စိုက်ခင်း နှစ်ဧကတွင် စံကွက်ရိတ်သိမ်းခြင်းကို ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းရာသို့ လင်းခေးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်း၊ ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်နှင်းနှင်းဖြူနှင့် မိုးနဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မော်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ ၆ ဒသမ ၆ ပေ စံကွက်ရိတ်သိမ်းခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တောင်သူဦးစိုင်းသန်းထွန်းစိုက်ပျိုးထားသော လယ်မြေတွင် တစ်ဧက ပျမ်းမျှအစို ၁၁၇ ဒသမ ၁၅ တင်း ထွက်ရှိကြောင်း သိရသည်။

မိုးနဲမြို့နယ်တွင် CERP အစီအစဉ်ဖြင့် DU-12 မိုးစပါးမျိုးစေ့ထုတ်ဧက ၆၀၊ မိုးစပါးလယ်ဧက ၉၅၉၅ ဧကနှင့် မိုးစပါးယာဧက ၈၇၂ ဧကစိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မျိုးညွန့်ရွှေ (ပြန်/ဆက်)**

ကြေးမုံ
အောက်တိုဘာ ၂၆၊ ၂၀၂၀

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လေဖြတ်ရောဂါကာကွယ်ရေး၊ ကိုယ်လက်လှုပ်ရှား ကစားပေး

**ပါမောက္ခ ဒေါက်တာဖြူဖြူလေး**
**ပါမောက္ခ/ဌာနမှူး**
**ဦးနှောက်နှင့်အာရုံကြောဆေးကုဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**
**ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်**

၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၂၉ ရက်နေ့သည် “ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့” ဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့အတွက် ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးအဖွဲ့ချုပ် (WSO) ၏ ဆောင်ပုဒ်မှာ “Don’t be the one: Join the Movement” ဖြစ်ပြီး ၎င်းနှင့်ဆီလျော်အောင် ဘာသာပြန်ဆိုထားသော ဆောင်ပုဒ်မှာ **“လေဖြတ်ရောဂါကာကွယ်ရေး၊ ကိုယ်လက်လှုပ်ရှားကစားပေး”** ဟူ၍ ဖြစ်ပါသည်။

World Stroke Organization




### လေဖြတ်ခြင်း၏အရေးပါပုံ

လေဖြတ်ခြင်းသည် အချိန်မရွေး၊ နေရာမရွေး၊ လူမရွေးဘဲ ဖြစ်နိုင်ပါသည်။ လူလေးယောက်တွင် တစ်ယောက်သည် ၎င်းတို့၏ ဘဝသက်တမ်းတစ်လျှောက်တွင် လေဖြတ်ခြင်းကို ခံစားရနိုင်ပါသည်။ လေဖြတ်ခြင်းသည် သေဆုံးမှုကိုဖြစ်စေသော အကြောင်းများတွင် ဒုတိယအများဆုံးသော အကြောင်းတရားတစ်ခုဖြစ်ပြီး မသန်စွမ်းဖြစ်ကျန်ရစ်သော အကြောင်းတရားများတွင်လည်း အဓိကဦးဆောင်နေသော ရောဂါတစ်ခုလည်း ဖြစ်ပါသည်။

သို့သော်လည်း ယခုနှစ် WSO အဖွဲ့ကြီး၏ ထုတ်ပြန်ထားသော အညွှန်းကိန်းများအရ လေဖြတ်ခြင်းကို ၉၀ ရာခိုင်နှုန်း ကာကွယ်၍ရပါသည်။ ယခုအချိန်တွင် တစ်နှစ်လျှင် လေဖြတ်ရောဂါဖြစ်သည့် လူဦးရေမှာ ၁၄ ဒသမ ၅ သန်း ရှိနေပါသည်။ ထိုအထဲမှ ၅ ဒသမ ၅ သန်းသည် လေဖြတ်ရောဂါဖြင့် သေဆုံးနေပါသည်။ မှန်ကန်ထိရောက်သော ကာကွယ်ကုသခြင်းများ မပြုလုပ်လျှင် နှစ်စဉ် ၆ ဒသမ ၇ သန်းအထိ သေဆုံးမှုနှုန်း မြင့်တက်လာနိုင်ပါသည်။ ကမ္ဘာ့ဝင်ငွေနည်းသော တိုင်းပြည်များတွင် လူဦးရေ သုံးယောက်တွင် နှစ်ယောက်သည် လေဖြတ်ရောဂါကို ခံစားနေကြရပါသည်။

ကမ္ဘာနှင့်တစ်ဝန်းတွင် လေဖြတ်ပြီး အသက်ရှင်ကျန်ရစ်သော လူနာသည် သန်း ၈၀ ခန့် ရှိပါသည်။ ထိုသို့ အသက်ရှင် ကျန်ရစ်သော လူနာများသည် ခန္ဓာကိုယ် မသန်မစွမ်းဖြစ်ခြင်း၊ စကားပြောခက်ခဲခြင်း၊ ၎င်းတို့၏ စဉ်းစားနိုင်မှုစွမ်းရည်နှင့် စိတ်ခံစားမှုများ ပြောင်းလဲသွားခြင်း၊ အလုပ်အကိုင်ဆုံးရှုံးခြင်း၊ ဝင်ငွေဆုံးရှုံးခြင်း၊ လူမှုဘဝဆုံးရှုံးခြင်းများ စသည့်ခက်ခဲသော စိန်ခေါ်ခြင်းများကို ရင်ဆိုင်နေကြရပါသည်။ ထို့ကြောင့် လေဖြတ်ခြင်းသည် ကြီးမားသော၊ အရေးပါသော၊ အထူးဂရုပြု၍ ကာကွယ်ကုသရမည်ဖြစ်သော ရောဂါတစ်ခု ဖြစ်နေခြင်း ဖြစ်ပါသည်။

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့သည် ကမ္ဘာတစ်ဝန်းရှိ ပြည်သူများအား လေဖြတ်ရောဂါသည် သေဆုံးမှုအများစု၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း သတိထားမိစေရန်နှင့် ကာကွယ်ကုသ၍ရကြောင်း၊ မည်သို့ကာကွယ်ရမည်ဖြစ်ကြောင်းကို ထိရောက်စွာသတိပေးသည့် နေ့တစ်နေ့ ဖြစ်ပါသည်။ ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ကို နှစ်စဉ်ဆောင်ပုဒ်များ ချမှတ်ကျင်းပခဲ့ရာတွင် ယခုနောက်ပိုင်းနှစ်များတွင် ကာကွယ်ခြင်းကို ပိုမိုဦးစားပေးလာသည်ကို တွေ့ရပြီး လေဖြတ်ခြင်းကို ဖြစ်ပေါ်စေနိုင်သော အကြောင်းတရားများကို ထိန်းချုပ်ထားခြင်းဖြင့် လေဖြတ်ခြင်းကြောင့် အသက်ဆုံးရှုံးမှုကို ထိရောက်စွာ လျှော့ချနိုင်ကြောင်းကို အများပြည်သူများအား အသိပညာပေးလို၍ ရည်ရွယ်ပြီး ကျင်းပကြကြောင်းကို တွေ့ရှိရပါသည်။

### လေဖြတ်ခြင်း အမျိုးအစားနှင့် လေဖြတ်ခြင်းကို ဖြစ်စေသော အကြောင်းတရားများ

လေဖြတ်ခြင်းအမျိုးအစား နှစ်မျိုးရှိပါသည်။ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း ၈၅ ရာခိုင်နှုန်းနှင့် ဦးနှောက်သွေးကြောပေါက်၍ လေဖြတ်ခြင်း ၁၅ ရာခိုင်နှုန်းတို့ ဖြစ်ပါသည်။

ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်းကို ဖြစ်ပေါ်စေသော အဓိကဖြစ်စဉ်မှာ Atherosclerosis ဟုခေါ်သော ဦးနှောက်အတွင်းရှိ သွေးကြောနံရံများတွင် အဆီများ စုပုံလာ၍ သွေးကြောများမာလာပြီး ကျဉ်းလာခြင်း ဖြစ်ပါသည်။ ထို Atherosclerosis ကို ဖြစ်ပေါ်စေသော အဓိကကျသည့် အကြောင်းရင်းများမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးခြင်း (ကွမ်းထဲတွင် ဆေးရွက်ကြီးထည့်စားခြင်း အပါအဝင်)၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ ကျန်းမာရေးနှင့် မညီညွတ်သော အစားအသောက်များ စားသောက်ခြင်း၊ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါများနှင့် နှလုံးခုန် စည်းချက်မမှန်ခြင်း၊ သွေးတွင်းအဆီဓာတ်များခြင်း၊ အရက်အလွန်အကျွံသောက်ခြင်း အဝလွန်ခြင်းနှင့် စိတ်ဖိစီးမှုများခြင်း တို့ဖြစ်ပြီး ၎င်းတို့မှာ ပြုပြင်ပြောင်းလဲ၍ရသော အကြောင်းတရားများ ဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲ၍ မရသော အကြောင်းတရားများမှာ အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ လေဖြတ်နှုန်းသိသာစွာ မြင့်တက်လာခြင်း၊ ယောကျ်ားဖြစ်ခြင်း၊ မျိုးရိုးလိုက်ခြင်း တို့ဖြစ်ပါသည်။

ထိုလေဖြတ်ခြင်းကို ဖြစ်စေသော အကြောင်းတရားနှစ်မျိုးတွင် ပြုပြင်ပြောင်းလဲ၍ရသော အကြောင်းတရားများကို အဓိကဇောင်းပေး၍ သတိပြုရှာဖွေပြီး မှန်မှန်ကုသထားသင့်ပါသည်။ သင့်တွင် လေဖြတ်နိုင်ခြေ ရှိ၊ မရှိကို တတ်ကျွမ်းနားလည်သော ဆရာဝန်များနှင့်တိုင်ပင်၍ ကုသမှုများ၊ အကြံပြုချက်များကို ရယူသင့်ပါသည်။


### လေဖြတ်ရောဂါ၏လက္ခဏာများ


လေဖြတ်ရောဂါ၏ လက္ခဏာများဖြစ်သော ရုတ်တရက် မျက်နှာတစ်ခြမ်းရွဲ့သွားခြင်း၊ စကားပြောမပီမသဖြစ်ခြင်းနှင့် ခန္ဓာကိုယ်တစ်ခြမ်းအားနည်းသွားခြင်း၊ ထုံကျဉ်သွားခြင်းတို့ကို ခံစားရလျှင် အရေးပေါ်လျင်မြန်ထိရောက်၊ မှန်ကန်သောကုသမှုကို စောစီးစွာရရှိရန် လိုအပ်ပါသည်။ ထိုသို့ရရှိခဲ့သောလူနာများနှင့် မရရှိခဲ့သောလူနာများ နှိုင်းယှဉ်လျှင် အသက်ဆုံးရှုံးမှုနှင့် နာတာရှည် မသန်မစွမ်းဖြစ်မှုတို့တွင် လျင်မြန်ထိရောက်သော ကုသမှုကို ရရှိခဲ့သည့်လူနာများ၌ ကြီးမားသောအကျိုးရှိမှုကို တွေ့ရှိရမည် ဖြစ်ပါသည်။

### ကိုဗစ်-၁၉ နှင့် လေဖြတ်ရောဂါကုသခြင်း

ယခုအချိန်အခါသည် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါကို ခံစားနေရပါသည်။ လေ့လာတွေ့ရှိချက်များအရ **ကိုဗစ်-၁၉ ကပ်ရောဂါသည် လေဖြတ်ခြင်းကို ဖြစ်ပွားစေနိုင်သကဲ့သို့ လေဖြတ်ရောဂါခံစားနေရသော လူနာများတွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ လျင်မြန်စွာ ကူးစက်ခြင်းကို ခံစားနေကြရပါသည်။** ကိုဗစ်-၁၉ ကပ်ရောဂါသည် ခန္ဓာကိုယ်အတွင်းရှိ သွေးများကို ပြစ်စေပြီး သွေးကြောများရောင်ရမ်းခြင်း၊ သွေးကြောများ ပိတ်ခြင်း၊ သွေးကြောများမှ သွေးယိုစိမ့်ခြင်းတို့ကို ဖြစ်ပေါ်စေသဖြင့် ဦးနှောက်အတွင်းရှိ သွေးကြောများကိုလည်း ထိခိုက်နိုင်ပြီး လေဖြတ်ရောဂါကိုဖြစ်ပွားစေကြောင်း တွေ့ရှိရပါသည်။ အသက်ကြီးသူများတွင် ပိုမိုဖြစ်ပွားပြီး အသက်ငယ်သောသူများတွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လေဖြတ်ခြင်းကို ဖြစ်ပွားစေနိုင်ကြောင်း တွေ့ရှိရပါသည်။ လေဖြတ်ရောဂါခံစားနေရသော လူနာများတွင်လည်း ကနဦး သွေးတိုး၊ ဆီးချို၊ နှလုံး၊ ကျောက်ကပ်ရောဂါ အခံများ ရှိခြင်းကြောင့်လည်းကောင်း၊ ကိုယ်ခံအား လျော့နည်းနေသောကြောင့်လည်းကောင်း ကိုဗစ်-၁၉ ကပ်ရောဂါ လျင်မြန်စွာ ကူးစက်ပြီး ရောဂါပြင်းထန်ကာ အသက်သေဆုံးသည်အထိ ဖြစ်စေနိုင်ပါသည်။ ယခုအခါ လေ့လာတွေ့ရှိချက်များအရ ကျွန်ုပ်တို့နိုင်ငံအပါအဝင် အခြား ကမ္ဘာ့နိုင်ငံများတွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ရန်အတွက် အိမ်အတွင်း နေထိုင်ခြင်း၊ ဆေးရုံလာလျှင် လူအများနှင့် တွေ့ထိပြီး ရောဂါကူးစက်မည်ကို စိုးရိမ်ခြင်း၊ သွားလာရေးခက်ခဲခြင်း စသည်တို့ကြောင့် လေဖြတ်ရောဂါလူနာများ ဆေးရုံတက်နှုန်း လျော့ကျလာသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ကျွန်ုပ်တို့ ဦးနှောက်နှင့် အာရုံကြောဆရာဝန်များ အပါအဝင် ကျန်းမာရေးဝန်ထမ်းများအားလုံးသည် ကျွန်ုပ်တို့၏ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို တိကျစွာလိုက်နာပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးစား၍ လုပ်ကိုင်ဆောင်ရွက်နေသည်နှင့်တစ်ပြိုင်နက်တည်း ကျွန်ုပ်တို့သည် အခြားဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါများအပြင် လေဖြတ်ရောဂါကိုလည်း အဓိကထားပြီး ပြုစုစောင့်ရှောက်ကုသပေးလျက် ရှိနေပါသည်။ ထိုသို့ကုသရာတွင် လုံခြုံစိတ်ချရ၍ ကူးစက်မှုနည်းနိုင်သမျှ နည်းစေသော နည်းလမ်းများဖြင့် လေဖြတ်ရောဂါကုသခြင်းလုပ်ငန်းများကို guideline များချမှတ်၍ ဆောင်ရွက်လျက်ရှိနေပါသည်။ ပြည်သူများကလည်း ချမှတ်ထားသော စည်းကမ်းများကို အထူးလိုက်နာရန် လိုအပ်လှပါသည်။

> ❑ **လေဖြတ်ခြင်းသည် အချိန်မရွေး၊ နေရာမရွေး၊ လူမရွေးဘဲ ဖြစ်နိုင်ပါသည်။ လူလေးယောက်တွင် တစ်ယောက်သည် ၎င်းတို့၏ ဘဝသက်တမ်းတစ်လျှောက်တွင် လေဖြတ်ခြင်းကို ခံစားရနိုင်**
>
> ❑ **လေဖြတ်ခြင်းသည် သေဆုံးမှုကို ဖြစ်စေသောအကြောင်းများတွင် ဒုတိယအများဆုံးသော အကြောင်းတရားတစ်ခုဖြစ်ပြီး မသန်စွမ်း ဖြစ်ကျန်ရစ်သော အကြောင်းတရားများတွင်လည်း အဓိကဦးဆောင်နေသော ရောဂါတစ်ခုလည်းဖြစ်**





ထို့ကြောင့် မည်သည့်အချိန်တွင်မဆို လေဖြတ်ရောဂါလက္ခဏာများကို ခံစားရလျှင် နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အချိန်မီ အမြန်ဆုံးအရောက်လာ၍ နားလည်တတ်ကျွမ်းသော ဆရာဝန်များ၏ ထိရောက်သောကုသမှုကို စနစ်တကျ အမြန်ဆုံးခံယူသင့်ပါသည်။ သို့မှသာ လေဖြတ်ခြင်းကြောင့် အသက်ဆုံးရှုံးခြင်းမှ ကာကွယ်နိုင်ခြင်း၊ မသန်မစွမ်းဖြစ်ကျန်ရစ်မှုလည်း အနည်းဆုံးဖြစ်ခြင်းနှင့် ပုံမှန်ဘဝသစ်ကိုရရှိပြီး ပျော်ရွှင်စွာနေထိုင်နိုင်ခြင်း စသည့် အကျိုးတရားများကို ခံစားရမည် ဖြစ်ပါသည်။

စာမျက်နှာ ၂၃ သို့ ❖

# ၂၀၂၁ MNL ပြိုင်ပွဲ ကျင်းပရေးအတွက် လိဂ်ကော်မတီအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်မည်

ရန်ကုန် အောက်တိုဘာ ၂၅

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ၂၀၂၁ ရာသီ MNL ပြိုင်ပွဲ ကျင်းပရန်အတွက် လိဂ်ကော်မတီအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်သွားမည်ဖြစ်သည်။ လိဂ်ကော်မတီအစည်းအဝေးကို နိုဝင်ဘာလမကုန်မီအတွင်း ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**ကိုးသင်းသာကျန်ရှိ**

ကိုဗစ်-၁၉ ရောဂါကြောင့် ၂၀၂၀ ရာသီတွင် ပြိုင်ပွဲများအားလုံးကျင်းပနိုင်ခြင်းမရှိခဲ့ဘဲ MNL အမှတ်ပေးပြိုင်ပွဲကိုသာ ပြီးဆုံးအောင် ကျင်းပနိုင်ခဲ့ပြီး ကျန်ပြိုင်ပွဲများကို ဖျက်သိမ်းခဲ့ရသည်။ ထို့ပြင် ၂၀၂၀ MNL အမှတ်ပေးပြိုင်ပွဲ ကျင်းပနေသည့်ကာလအတွင်း ချင်းယူနိုက်တက်နှင့် ဇွဲကပင်အသင်း ဖျက်သိမ်းသွားသလို ပြိုင်ပွဲအပြီးတွင်လည်း မကွေးအသင်း ထပ်မံဖျက်သိမ်းခဲ့ရာ MNL တွင် အသင်းကိုးသင်းသာ ကျန်ရှိတော့ခြင်းဖြစ်သည်။

တန်းတက်၊ တန်းဆင်းပြုလုပ်မည့် MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲကိုလည်း ပြီးဆုံးအောင် ကျင်းပနိုင်ခြင်းမရှိသောကြောင့် တန်းတက်အသင်းများကို ယင်းအစည်းအဝေးမှသာ အတည်ပြုရမည်ဖြစ်သည်။ အသင်းများလျော့ကျသွားသောကြောင့် လာမည့်ရာသီတွင် MNL ပြိုင်ပွဲ၌ ထားရှိမည့်အသင်းအရေအတွက်၊ ပြိုင်ပွဲများအားလုံး ကျင်းပနိုင်ခြင်းမရှိ၍ တန်းတက်၊ တန်းဆင်းအသင်းများ အတည်ပြုခြင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် လာမည့် ၂၀၂၁ ဘောလုံးရာသီ ပြန်လည်စတင်မည့်ကာလတို့ကို ယင်းအစည်းအဝေးမှသာ အတည်ပြုနိုင်မည်ဖြစ်သည်။

MNL ပြိုင်ပွဲကို ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး MNL အမှတ်ပေးပြိုင်ပွဲ၊ MNL-2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ၊ MNL လူငယ်လိဂ်ပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။

ရှိုင်းထက်ဇော်

# မဟာသီမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ ဦးဝင်းသူရ ကွယ်လွန်

သူ့ကို မဟာသီမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ အနေဖြင့်သာမက စာရေးဆရာ၊ ကဗျာဆရာ ဝင်းသူရအဖြစ်လည်း မြန်မာနိုင်ငံတွင်း စာပေလောကသားများနှင့် စာအုပ်စာပေ ဝါသနာရှင်များက သိကြသည်။



ဆရာဝင်းသူရက ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ကဗျာများရေးသည်။ နာမည်ကျော် မဂ္ဂဇင်းကြီးများတွင် အယ်ဒီတာတာဝန်များ ယူခဲ့သည်။ ဆရာဦးဝင်းခက်၏ ပန်မဂ္ဂဇင်း ဝိုင်းတော်သား၊ ကလျာမဂ္ဂဇင်း၊ မြားနတ်မောင် မဂ္ဂဇင်းတို့တွင် အမှုဆောင်အယ်ဒီတာ၊ နောင်တွင် မဟာသီမဂ္ဂဇင်း၏ တာဝန်ခံအယ်ဒီတာတို့အဖြစ် လည်းကောင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ဆရာ့အယ်ဒီတာသက်တမ်းမှာ ငွေရတုကျော်ခဲ့ပြီ ဖြစ်၏။

ဆရာဝင်းသူရကို ၁၉၄၆ ခုနှစ် နိုဝင်ဘာ ၂၆ (အင်္ဂါနေ့)က ဧရာဝတီတိုင်း ဖျာပုံမြို့နယ်တွင်းရှိ ဗျိုင်းကဇီးကျေးရွာတွင် မွေးဖွားသည်။ ဖခင်မှာ ကျောင်းဆရာ ဦးချစ်၊ မိခင်မှာ ဒေါ်သိန်းရှင် ဖြစ်၏။ မွေးချင်း ရှစ်ဦးရှိကာ ဆရာက ဒုတိယသားဖြစ်ပြီး အမည်ရင်းမှာ ဦးစိန်ဝင်း ဖြစ်၏။

ငယ်စဉ်က ဗျိုင်းကဇီးကျေးရွာမူလတန်းကျောင်း၌ ပညာသင်၊ နောက်ဖျာပုံမြို့ အမှတ် (၁) အထက်တန်းကျောင်းသို့ ပြောင်းရွှေ့သင်ကြားပြီး ထိုကျောင်းမှပင် အခြေခံပညာအထက်တန်းအောင်မြင်ခဲ့သည်။ အသက်နှစ်ဆယ်ကျော်အရွယ် ၁၉၆၈ ကာလကစ၍ ချိုတေးသံ၊ ချိုတေးရှင်၊ ဟာသ၊ အချစ်တော် စာစောင်များတွင် ကဗျာများ စတင်ရေးသားခဲ့သည်။ ၁၉၇၁ မေလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ပုံနှိပ်ဖော်ပြခဲ့သော "ပိုက်ရုံဆိပ်" မှာ ဝင်းသူရ ကလောင်အမည် စတင်ခံယူခဲ့သော ပထမဆုံးမဂ္ဂဇင်းဝတ္ထုရှည် ဖြစ်သည်။

မြဝတီ၊ သွေးသောက်၊ စစ်ပြန်၊ ရွှေဝတ်မှုံ၊ စာပေလုပ်သား၊ မဟာသီ၊ ပန်စသည့်မဂ္ဂဇင်းကြီးများတွင် ဆရာရေးသားခဲ့သည့် ဝတ္ထုတို၊ မဂ္ဂဇင်းဝတ္ထုရှည်နှင့် ကဗျာများစွာကို ပုံနှိပ်ဖော်ပြခဲ့ပါသည်။ မဂ္ဂဇင်းဝတ္ထုရှည် ၁၅ ပုဒ်၊ ဝတ္ထုတို ၃၀၀ ကျော်နှင့် ကဗျာ ၅၀၀ ကျော် ပုံနှိပ်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

လွန်ခဲ့သော အောက်တိုဘာ ၁၁ ရက်က ဆရာဝင်းသူရသည် နှလုံးခုန်မမှန်ဟု ခံစားရသည့်အတွက် အထူးကုဆေးခန်းသို့ သွားရောက်ပြသခဲ့ကာ အိမ်တွင် အနားယူနေထိုင်ခဲ့ပါသည်။ အိမ်တွင် နေထိုင်ရင်း မောပန်းလာသောကြောင့် အောက်တိုဘာ ၁၃ ရက်တွင် မြောက်ဥက္ကလာပ ဆေးရုံကြီးသို့ တက်ရောက် ကုသခံခဲ့၏။ ဆေးရုံက စစ်ဆေးခဲ့ရာ ကိုဗစ်ရောဂါပိုး ကူးစက်ခံထားရသည်ဟု တွေ့ရှိရသည့်အတွက် အောက်တိုဘာ ၁၈ ရက်တွင် ဖောင်ကြီးကိုဗစ်ကုသရေးဌာနသို့ ပို့ဆောင်ကာ ဆက်လက်ကုသခဲ့သည်။

ထိုသို့ ဆေးကုသမှုခံယူခဲ့သော်လည်း နဂိုနှလုံးရောဂါအခံနှင့် အဆုတ်အားနည်းနေမှုတို့ကြောင့် မရဏကို ဆက်လက်အန်မတုနိုင်တော့ပါ။ ဆရာ အသက် ၇၄ နှစ်အရွယ်၊ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၃ ရက် (သောကြာနေ့) နံနက် ၆ နာရီ ၁၀ မိနစ်တွင် ကွယ်လွန်သွားခဲ့ပါသည်။

ဆရာဝင်းသူရသည် အိမ်အမှတ် ၉၇၇ (ခ)၊ ချမ်းမြသာစည် လမ်း၊ ၅၆ ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းတွင် နေထိုင်ခဲ့ပြီး ကွယ်လွန်ချိန်တွင် ဇနီးစာရေးဆရာမဖြစ်သူ ဒေါ်ကြည်ကြည်အေး ကလောင်အမည် သဇင်အေး (ချယ်ရီမြေ)၊ သမီးများဖြစ်သည့် ဒေါ်ကေသီဝင်းသူရ၊ ဒေါ်ဥမ္မာဝင်းသူရ၊ ဒေါ်သန္တာဝင်းသူရ၊ ဒေါ်ကလျာဝင်းသူရ (ကလျာငြိမ်းစံ)၊ ဒေါ်ဖွန်မွှင့်ဖြူတို့နှင့် သား ဦးဝေယံအောင်၊ မြေး ၁၄ ယောက်၊ မြစ် သုံးယောက်တို့ ကျန်ရစ်ခဲ့ပါသည်။

ဆရာဝင်းသူရ ကွယ်လွန်သွားခြင်းသည် မြန်မာစာပေနယ်အတွက် တာဝန်ကျေသော အယ်ဒီတာ၊ အရေးအဖွဲ့ကောင်းသော စာရေးဆရာ၊ ကဗျာဆရာ တစ်ဦးကို ဆုံးရှုံးရခြင်းဖြစ်ပါသည်။ မြန်မာစာပေလောကက ဆရာ့ကို ဝမ်းနည်းခြင်းများဖြင့် အမှတ်ရနေကြမည်ဖြစ်ပါသည်။

သတင်းပိုး

❖ ကျောဖုံးမှ

၁၁ ရက်အထိ၊ စက်တင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲနှစ်ခုစလုံး၏ ပထမအဆင့်ခြေစစ်ပွဲအုပ်စုများကို လက်ခံကျင်းပမည့် အိမ်ရှင်နိုင်ငံများအား ရွေးချယ်ရာတွင် ပြိုင်ပွဲဝင်နိုင်ငံများကိုပါ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ၃၄ သင်းစီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် မြန်မာ၊ နီပေါ၊ မြောက်မာရီယာနာကျွန်းစု၊ ပါကစ္စတန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရတ်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ မြောက်ကိုရီးယား၊ ဂူအမ်၊ ဟောင်ကောင်၊ မလေးရှား၊ မော်လ်ဒိုက်၊ မွန်ဂိုလီးယား၊ အီရန်၊ ဂျပန်၊ ဂျော်ဒန်၊ တောင်ကိုရီးယား၊ ကာဂျစ္စတန်၊ လာအို၊ လက်ဘနွန်၊ ပါလက်စတိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဆီးရီးယား၊ တာဂျစ်ကစ္စတန်၊ ထိုင်း၊ တာ့ခ်မင်နစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် ဗီယက်နမ်၊ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲတွင် မြန်မာ၊ နီပေါ၊ မြောက်မာရီယာနာကျွန်းစု၊ ပါကစ္စတန်၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ မြောက်ကိုရီးယား၊ ဂူအမ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အီရတ်၊ အီရန်၊ ဂျပန်၊ ဂျော်ဒန်၊ တောင်ကိုရီးယား၊ ကူဝိတ်၊ ကာဂျစ္စတန်၊ လာအို၊ လက်ဘနွန်၊ မလေးရှား၊ မော်လ်ဒိုက်၊ မွန်ဂိုလီးယား၊ ပါလက်စတိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ တာဂျစ်ကစ္စတန်၊ ထိုင်း၊ တာ့ခ်မင်နစ္စတန်၊ ဥဇဘက်ကစ္စတန်နှင့် ဗီယက်နမ်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှဖလား ယူ-၂၀ ခြေစစ်ပွဲကို မြန်မာ၊ ဩစတြေးလျ၊ တရုတ်၊ တရုတ်(တိုင်ပေ)၊ လာအို၊ မွန်ဂိုလီးယား၊ စင်ကာပူနှင့် တာဂျစ်ကစ္စတန်၊ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲကို မြန်မာ၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျော်ဒန်၊ ကာဂျစ္စတန်၊ မွန်ဂိုလီးယား၊ တာဂျစ်ကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံတို့က ကျင်းပခွင့်ရရှိထားသည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - စိုးညွန့်

❖ စာမျက်နှာ ၂၂ မှ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းကို နည်းနိုင်သမျှ နည်းပါးစေရန်အတွက် လူနာတစ်ယောက်လျှင် လူနာစောင့်တစ်ယောက်သာ စောင့်သင့်ပါသည်။ ထိုလူနာစောင့်သည်လည်း သက်ဆိုင်ရာ Ward သို့ အမည်စာရင်းပေးသွင်းထားပြီး ၎င်းတစ်ဦးတည်းသာ နေ့စဉ်စောင့်ခြင်းဖြင့် လည်းကောင်း၊ ဆေးရုံအတွင်းမှ အပြင်ထွက်ခြင်းကို နည်းနိုင်သမျှ နည်းအောင်နေခြင်းဖြင့်လည်းကောင်း ကျွန်ုပ်တို့၏ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကူညီကြရန် အထူးလိုအပ်ပါသည်။

**လေဖြတ်ရောဂါကာကွယ်ခြင်း**

လေဖြတ်ရောဂါခံစားရသော လူနာလေးယောက်တွင် တစ်ယောက်သည် နောက်တစ်ကြိမ် လေဖြတ်နိုင်ခြေရှိနေပါသည်။ ထိုသို့ နောက်တစ်ကြိမ် လေထပ်မဖြတ်အောင် ကာကွယ်ရန် အထူးလိုအပ်ပါသည်။ Secondary Prevention ဟုခေါ်ပါသည်။ ဆေးရုံမှဆင်းသွားသော်လည်း အိမ်တွင် ညွှန်ကြားထားသော ဆေးများကို မှန်မှန်သောက်သုံးနေရန် လိုအပ်ပါသည်။ သို့မှသာ နောက်တစ်ကြိမ် လေဖြတ်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ သွေးပေါင်ထိန်းညှိဆေး၊ သွေးတွင်းအဆီချဆေး၊ ဆီးချိုဆေး၊ သွေးကျဲဆေးများဖြစ်သော Aspirin ဆေးများ၊ နှလုံးခုန်မမှန်ခြင်းကြောင့်ဖြစ်သော လေဖြတ်ရောဂါများတွင် သောက်ရသော Warfarin ဆေးများ အစရှိသည်တို့သည် ဆရာဝန်က အတိုး၊ အလျှော့ပြုလုပ်ပေးရန်၊ ထိန်းညှိပေးရန် လိုအပ်ပါသည်။ ဆရာဝန်ပြန်မပြဘဲ ဆက်တိုက်သောက်နေလျှင် သွေးယိုစီးခြင်းစသော ဘေးထွက်ဆိုးကျိုးများကို ခံစားရမည်ဖြစ်ပြီး ဆေးဖြတ်ထားလျှင် နောက်တစ်ကြိမ် လေဖြတ်ခြင်းကို ခံစားရနိုင်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ ဆရာဝန် နှင့် Tele communication ဟုခေါ်သော လူမှုဆက်သွယ်ရေး နည်းလမ်းများဖြစ်သည့် ဖုန်း၊ ဗိုက်ဘာ၊ ဗီဒီယို စသည်တို့ဖြင့် ဆေးရုံသို့သွား၍သော်လည်းကောင်း၊ မိမိအိမ်မှနေ၍သော်လည်းကောင်း ဆက်သွယ်ပြီး ကုသမှုကို ဆက်လက်ခံယူသင့်ပါသည်။

WSO အဖွဲ့ကြီးသည် လေဖြတ်ကာကွယ်ခြင်း လုပ်ငန်းများကို ဖေါင်းပေး၍ လုပ်ဆောင်နေရာ ၂၀၃၀ ပြည့်နှစ်တွင် လေဖြတ်ရောဂါဖြစ်ပွားနှုန်းကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မည်ဟု မျှော်မှန်းထားပါသည်။ လေဖြတ်ခြင်းကို ကာကွယ်ရန်အတွက် လေဖြတ်ခြင်းကို ဖြစ်စေသည့် အဓိကအကြောင်းရင်း (၁၀)ချက်ကို ရှာဖွေ၍ ကာကွယ်ထားရန်နှင့် တွေ့ရှိပါက ကုသထားရန် အထူးလိုအပ်ပါသည်။ သို့မှသာ Primary Prevention ဟုခေါ်သော လေမဖြတ်အောင် ကြိုတင်ကာကွယ်နိုင်ပြီး Secondary Prevention ဟုခေါ်သော လေဖြတ်လူနာများ နောက်တစ်ကြိမ် လေထပ်မဖြတ်အောင် ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ယင်း ၁၀ ချက်မှာ

(၁) သွေးပေါင်ထိန်းညှိခြင်း၊
(၂) ကိုယ်လက်လှုပ်ရှားကစားခြင်းကို မှန်မှန်ပြုလုပ်ခြင်း၊
(၃) ကျန်းမာရေးနှင့် ညီညွတ်စွာစားသောက်ခြင်း၊
(၄) ခန္ဓာကိုယ်အလေးချိန်ထိန်းခြင်း၊
(၅) နှလုံးခုန်မမှန်ခြင်းကိုကုသခြင်း၊
(၆) ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၇) အရက်အလွန်အကျွံသောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၈) သွေးတွင်းအဆီဓာတ်ထိန်းညှိခြင်း၊
(၉) ဆီးချို၊ သွေးချို ထိန်းညှိခြင်း၊
(၁၀) စိတ်ဖိစီးမှုကိုလျှော့ချခြင်းနှင့် စိတ်ဓာတ်ကျခြင်းကို ကုသခြင်းတို့ဖြစ်ပါသည်။

အထက်ပါလေဖြတ်ခြင်းကို ကာကွယ်နိုင်သော အကြောင်းတရားများထဲမှ ရိုးစင်းသော၊ လူတိုင်းလည်း လိုက်နာလုပ်ဆောင်နိုင်သော ကိုယ်လက်လှုပ်ရှား ကစားခြင်းသည် အကုန်အကျနည်းသည်နှင့်အမျှ ရရှိမည့် အကျိုးအမြတ်သည် ကြီးမားလှပါသည်။ ထို့ကြောင့် ကိုယ်လက်လှုပ်ရှားကစားခြင်းကို အဓိကထား၍ ယခုနှစ် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့အတွက် ဆောင်ပုဒ်ကို သတ်မှတ်ထားခြင်း ဖြစ်ပါသည်။




**ကိုယ်လက်လှုပ်ရှားကစားခြင်းကို မှန်မှန်ပြုလုပ်ခြင်း**

နှစ်စဉ် လေဖြတ်လူနာ တစ်သန်းခန့်သည် ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းနှင့် ဆက်စပ်နေကြောင်းတွေ့ရှိရပါသည်။ လေ့ကျင့်ခန်း တစ်ကြိမ်လုပ်လျှင် မိနစ် ၂၀ မှ ၃၀ ခန့်နှင့် တစ်ပတ်လျှင် ငါးကြိမ်ခန့် ပြုလုပ်လျှင် လေဖြတ်ခြင်းကို ၂၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပါသည်။

နှစ်စဉ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့ အခမ်းအနားများကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ကြသော်လည်း ယခုနှစ်တွင် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်- ၁၉ ဖြစ်ပွားနေသဖြင့် အွန်လိုင်းမှသာ ကျင်းပကြမည်ဖြစ်ပါသည်။

လူလေးယောက်တွင် တစ်ယောက်သည် လေဖြတ်နိုင်သဖြင့် ထိုလေဖြတ်နိုင်ခြေကို လျှော့ချနိုင်ရန်အတွက် ကိုယ်လက်လှုပ်ရှားကစားရန် လိုအပ်ကြောင်း WSO မှ မီးမောင်းထိုးပြထားပါသည်။ အသက်အရွယ်ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လေဖြတ်ထား၍ ခန္ဓာကိုယ် အစိတ်အပိုင်းများ မသန်စွမ်းနေသည်ဖြစ်စေ ၎င်းတို့ လှုပ်ရှားနိုင်သမျှ လှုပ်ရှားမှုပြုအောင် အားပေးရမည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် လေဖြတ်ခြင်းသည် အသံတိတ် လူသတ်သမားဖြစ်သည်။ သို့သော် "ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်သည်" ဆိုသော ဆိုရိုးစကားအတိုင်း အသံတိတ် လူသတ်သမားဖြစ်သော လေဖြတ်ခြင်းကို ကာကွယ်နိုင်ရန်အတွက် "လေဖြတ်ရောဂါ ကာကွယ်ရေး၊ ကိုယ်လက်လှုပ်ရှားကစားပေး" ဟူသော ဆောင်ပုဒ်နှင့်အညီ ကျွန်ုပ်တို့အားလုံး ကိုယ်လက်လှုပ်ရှားကစားကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း ယခုနှစ် "ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့" ကို ကြိုဆိုဂုဏ်ပြုလိုက်ပါသည်။ ။

# သီတင်းကျွတ်ပြီ

**ဆူးငှက်**



လပြည့်ည

သီတင်းကျွတ်ပြီ
မီးပုံးပျံ လွှတ်ရအောင်၊ မီးစာကို ရေနံဆွတ်ပါ။
မိုးလွှတ်ပါမည်လား . . .။ တဲ့
ငယ်ငယ်က အော်ဟစ်ခဲ့ဖူးသော ဖတ်စာလေးကို သတိရမိသေးတော့ . . .။
သီတင်းကျွတ်ပြီ။
ပြောက်အိုး မဖောက်ရ . . .။
မီးရှူး မီးပန်း လွှတ်ချင်သည်။
ပိုက်ဆံ အကုန်ခံနိုင်ပါ့မလား . . .။
မိုးကတော့ မည်းလာပြီ။
အိမ်ထဲက မထွက်ပါနှင့်။

**ဆီစိမ်စက္ကူ မှန်ရောင် စက္ကူရောင်စုံများဖြင့်**

အရင်ကတော့ သီတင်းကျွတ်လဆန်းလျှင်ပင် အဘိုးသည် ဈေးချိုစီရုံထဲ သွားပြီး ဆီစိမ်စက္ကူရောင်စုံ ဝယ်၏။ ဆီစိမ်စက္ကူတစ်ချပ် ၃၅ ပြား။ မှန်ရောင်စက္ကူက တစ်ချပ်သုံးမတ် . . .။

အိမ်ရောက်တော့ ဝါးတစ်လုံးကို ခွဲစိတ်သည်။ ကော်တစ်အိုးကျို၏။ အဝတ်ဟောင်း တစ်စရာကာ လက်တစ်လုံးလောက် အစရှည်လေးများအဖြစ် ဆွဲဆုတ်သည်။ ထို့နောက် မီးပုံးအမျိုးမျိုး ချိုးတော့သည်။ ဘီလူးမျက်ကွင်း၊ ကြယ်ပုံ စသည်ဖြင့်။ ဝါးခြမ်းတွေ တစ်ချောင်းနှင့် တစ်ချောင်း ပူးဆက်တော့ အဝတ်စ အရှည်လေးတွေကို ကော်သုတ်ပြီး ရစ်ပတ်ချည်၏။ အဖြူထည်များပြီးတော့ ဆီစိမ်စက္ကူ မှန်ရောင် စက္ကူရောင်စုံများဖြင့် အလှဆင်သည်။ စိတ်လိုလက်ရရှိလျှင် ဘီးလုံးတပ်၍ ဆွဲရသော သင်္ဘော၊ လေယာဉ်ပျံ၊ မော်တော်ကားလည်း ချိုးပေး၏။ တစ်ခါတစ်ရံ မီးလည်တွေ လုပ်ပေးသည်။ မီးလည်တွင် မာရ်နတ် တိုက်ခိုက်ခန်း၊ အင်္ဂုလိမာလချွတ်ခန်း၊ ကပိလဝတ်ပြည်သို့ ဒေသစာရီ ကြွချီခန်း စသည်တို့ဖြင့်လည်း ရေးဆွဲပူဇော်သည်။ အခု အဘိုးမရှိတော့။ အရင်နှစ်တွေတုန်းကတော့ သီတင်းကျွတ်မှာ တရုတ်မီးလုံးတွဲလေးတွေ ချိတ်ဆွဲပူဇော်ခဲ့ရ၏။ သူကလည်း တစ်နှစ်ပဲခံသည်။

ငယ်ငယ်ကတော့ သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့ကတည်းက ညစဉ် မီးလမ်းလျှောက်ဆိုကာ လည်ပတ်ကြသည်။ အိမ်ပေါက်စေ့ ထွန်းညှိသော မီးပုံးအဆန်းအပြားများ၊ အမျိုးအစားအစုံအလင်ကို တအံ့တသြ လှည့်ပတ်ကြည့်ရ၏။ မန္တလေးတွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှစ၍ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့အထိ မီးပူဇော်ကြသည်။

တာဝတိံသာမှ ဆင်းသက်ကြွရောက်လာသည့် ဘုရားရှင်ကိုရည်မှန်းပြီး ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းသဖွယ်လည်း မီးစောင်းတန်းများ ထွန်းညှိကြသည်။ ဘုရားပွဲတော်ကြီးများလည်း သီတင်းကျွတ်အခါသမယနှင့် တိုက်ဆိုင် ကျင်းပကြ၍ ဘုရားပွဲနှင့် စပ်ဆိုင်သော ရပ်ကွက်များကလည်း မီးရောင်စုံထွန်းညှိကာ ဆင်နွှဲကြသည်။

**ဖယောင်းတိုင် ထည့်ထွန်းသော "မီးလည်" များ**

ရှေးကတော့ သီတင်းကျွတ်ဘုရားပွဲတော်အမီ မီးပုံးချိုးကြ၏။ မီးပုံးတွေကို အိမ်မှာ ကိုယ့်ဘာသာ ချိုးကြခြင်းဖြစ်သည်။ " ဘီလူးမျက်ကွင်း " ဟုခေါ်သော ခြောက်မြောင့် မီးပုံးများ အများဆုံး ချိုးကြ၏။ ပြီးတော့ မီးကြာခွက်တွေလည်း ကြိုပြီးပြုလုပ်ကြသည်။ မီးကြာခွက်ဆိုသည်မှာ ဆီစိမ်စက္ကူကို ကြာဖူးကြာဖက်ပုံစံ ကိုက်ညှပ်ပြီး အညာဖျင်ကြမ်း လက်သုတ်ပုဝါကြားညှပ်၊ လက်ဖနောင့်နှင့် ဖိတွန်းပြီး ကြာဖက်လေးကဲ့သို့ ခုံး၍ တွန့်အောင် ပြုလုပ်ရသည်။ ဆီမီးခွက်နှုတ်ခမ်းမှာ ထိုကြာဖက်လေးများ အထပ်ထပ်ကပ်ပြီး ဆီမီးပူဇော်ကြသည်။ အများစုက ဆီမီးကြာခွက်များ၊ ဖယောင်းတိုင်နှင့် ထည့်ထွန်းသော စက္ကူမီးပုံးများ ချိုးပြီး ပူဇော်ထွန်းညှိကြခြင်း ဓလေ့ဖြစ်သည်။ ထို့ပြင် ဖယောင်းတိုင် ထည့်ထွန်းသော " မီးလည်" များလည်း ပြုလုပ်ကြသည်။ မီးလည်ဆိုသည်မှာ အပေါ်က ဒလက်ကဲ့သို့၊ ပန်ကာရွက်ကဲ့သို့ ဂျပ်နှင့် အဝိုင်းပြုလုပ်ပြီး အောက်တွင် "ဆလင်ဒါပြောင်းရှည်"ပုံစံဖြစ်သည်။ ဆလင်ဒါ ပတ်ပတ်လည်တွင် အရုပ်များရေးဆွဲကြ၏။ ထိုဆလင်ဒါထဲ မီးထည့်ထွန်းလျှင် အပူဓာတ်က အပေါ်သို့ တက်ကာ ပန်ကာဒလက် ကဲ့သို့ အပေါက်မှ တိုးထွက်ပြီး ဆလင်ဒါကို လည်စေသည်။ ဆလင်ဒါပေါ် ဆွဲကြသည့် ပုံများမှာ ရာမ လက္ခဏတို့ သမင်လေးများကို လိုက်တမ်းပြေးတမ်းကစားသည့်ပုံ၊ အင်္ဂုလိမာလချွတ်ခန်းပုံ၊ မာရ်နတ်ဖျက်ဆီးခန်းပုံ၊ သုဝဏ္ဏသာမလေးပစ်ခန်းတို့ကဲ့သို့ ဇာတ်တော်များလည်း ရေးဆွဲကြသည်။

**ဒီနှစ်သီတင်းကျွတ်မှာတော့ ဘုရားပွဲတော်တွေ ပွဲလမ်းသဘင်နှင့် ခင်းကျင်းမပူဇော်နိုင်တော့ပေ။ အိမ်မှာပင် ရောင်စုံဆီမီးထွန်းညှိကာ ဘုရားရှင်အား ရည်မှန်းပူဇော်ကြရမည် . . . ရောဂါကပ်ဘေးကြီး ကင်းပစင်ကြယ်ပြီး ပြည်သူလိုလားသည့် ငြိမ်းချမ်းရွှေပြည်သစ်ဆီသို့ လျှောက်လှမ်းနိုင်မည့်လမ်းကြောင်း ဖြောင့်ဖြူးစေရေး ဆုတောင်းကြရမည် . . .**

**ဂေဇက်ရ ဘုရားပွဲတော်**

မန္တလေးတွင် သီတင်းကျွတ်ပွဲတော်နှင့် တစ်ဆက်တည်း ဘုရားပွဲတော်များ စတင်သည်နှင့် အငြိမ့်တွေ ဇာတ်တွေကလည်း ကပြကြရမည့် "သေတ္တာဖွင့်ပွဲ " အတွက် ကြိုတင်ပြင်ဆင်ကြသည်။ မန္တလေးတွင် မြို့ မတည်မီကတည်းက တည်ရှိခဲ့သော ဘုရား၊ စေတီကြီးများ၊ ဥပမာ မဟာမုနိ၊ ဘုရားသုံးဆူ၊ အိမ်တော်ရာ၊ ရွှေကျီးမြင်၊ အရိပ်မထွက်၊ ဘုရားနီ၊ ချမ်းသာရ စသည့်အပြင် မန္တလေးမြို့နှင့် အတူတည်သော ဘုရားစေတီတော်ကြီးများ၊ ဥပမာ ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ မဟာလောကမာရဇိန် ကုသိုလ်တော်၊ သကျသီဟ ...စသည်တို့၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးများကို သတ်မှတ်ထားသည့် ရက်များတွင် ကျင်းပသည့်ပွဲတော်ကြီးများမို့ " ဂေဇက်ရ ဘုရားပွဲတော်များ" ဟု ခေါ်ဆိုကြ၏။

ထို့ပြင် ရပ်ကွက်ဓမ္မာရုံ အသီးသီး၏ ဘုရားပွဲတော်များမှာလည်း သီတင်းကျွတ် လဆန်းသည်နှင့် ကျင်းပကြရာ မလွန်ကြက်သွန်တန်း ဓမ္မာရုံဘုရားပွဲ၊ တရုတ်တန်း ရွှေ့တော်ပြေးဝင်း ဓမ္မာရုံဘုရားပွဲများ၊ ပြီးနောက် "ဂေဇက်ရ" ဘုရားပွဲတော်အဖြစ် သီတင်းကျွတ်လဆန်း ၁၀ ရက် ၁၁ ရက်နေ့များတွင် မြို့လယ် ၈၂လမ်း၊ ၂၉ လမ်းနှင့် လမ်း ၃၀ ကြားရှိ ဘုရားသုံးဆူ ဘုရားပွဲတော်ကို စတင်ကျင်းပသည်။

**သီတင်းကျွတ်အကြိုအဖြစ်**

ထိုသို့ မလွန်ကြက်သွန်တန်း ဓမ္မာရုံပွဲ၊ ရွှေ့တော်ပြေးဝင်းဓမ္မာရုံပွဲနှင့် ဘုရားသုံးဆူပွဲတော်များမှ စ၍ သီတင်းကျွတ်အကြိုအဖြစ် ဘုရားပွဲတော်ဂေါစရဂမ်ရပ်ကွက်ရှိ အိမ်အသီးသီးက မီးရောင်စုံများထွန်းညှိကြ၏။ အဆိုပါဘုရားပွဲတော်များတွင် မန္တလေးမှ ဇာတ်၊ အငြိမ့်၊ တီးဝိုင်းများသာမက စည်တော်ကြီးအဖွဲ့များပါ စတင်ကပြတီးမှုတ်ဖျော်ဖြေကြသည်။ ထို့နောက် သီတင်းကျွတ်လဆန်း ၁၁ ရက် ၁၂ ရက်နေ့များတွင် ဈေးချိုတော် အနောက်ဘက်ရှိ မဟာလောကရံသီအိမ်တော်ရာဘုရားပွဲ၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ ၁၄ ရက်များတွင် အောင်နန်းရိပ်သာရပ်ရှိ မဟာသကျသီဟဘုရားပွဲ၊ အဆိုပါ သီတင်းကျွတ်လဆန်း ၁၃၊ ၁၄ ရက်များတွင် မင်းတဲအီကင်းရပ်ရှိ ရတနာမဏ္ဍူဘုရားပွဲ၊ သီတင်းကျွတ်လဆန်း ၇ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိ ကျင်းပသော ကျောက်တော်ကြီး၊ မဟာလောကမာရဇိန် ကုသိုလ်တော်နှင့် စန္ဒာမုနိဘုရားပွဲတော်ကြီးများ ဆက်တိုက်ကျင်းပကြသည်။

**မီးလမ်းလျှောက်**

သီတင်းကျွတ်ပွဲတော် အခါသမယသည် မန္တလေး၏ အထင်ကရဘုရားပွဲတော်ကြီးများ ကျင်းပသည့်အချိန်မို့ တစ်မြို့လုံး မီးရောင်စုံထိန်ထိန်ညီးဖြင့် စည်ကားသော်လည်း ယခင်က ပြောက်ဖောက်၍ ကာယိန္ဒြေပျက်စေမှုမျိုး အလျှင်းမရှိခဲ့ပေ။ ဘုရားပွဲတော်ကြီးများနှင့်အပြိုင် ဈေးချိုဝါးတန်းရပ်၊ မြို့လယ်ရသာတန်းရပ်၊ မြောက်ပြင် ထားဝယ်ရပ်၊ အရှေ့ပြင် အောင်တော်မူရပ် စသည်ဖြင့် မီးထွန်းပွဲတော်ကြီးများ စည်ကားစွာကျင်းပ၍ တစ်မြို့လုံးက "မီးလမ်းလျှောက် " ဟူသော ခေါ်ဝေါ်မှုဖြင့် ခြေကျင်တစ်မျိုး၊ စက်ဘီးများဖြင့် တစ်သွယ် မိသားစုနှင့်ပျော်ရွှင်စွာ သွားလာကြ၏။

သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဘုရားပွဲတော်များတွင် သက်ဆိုင်ရာရပ်ကွက်ခံများက လာသမျှ အယုတ်အလတ် အမြတ်မရွေး ညှော့ခံကျွေးမွေးကြသည့် အစဉ်အလာရှိပုံကိုလည်း "မန္တလေးကဘုရားပွဲတော်တွေမှာ ကြာဆံဟင်း ကျွေးမွေးတာမျိုးရှိတယ်။ မန္တလေးဒေသထွက် ဆန္ဒင်းမကင်း၊ ထိုးမုန့်၊ မာစကပ်၊ ခနုံထုပ်၊ မုန့်လုံးကြီး ဆီစိမ်စတာတွေလည်း ကျွေးတယ်။ ဘာပဲကျွေးကျွေး မပါမဖြစ်က ဆီးဖြူသီး၊ စောင်းလျားသီး ဆားရည်စိမ်နဲ့ ငါးပိကြော်နဲ့လက်ဖက်အကြော်စုံပါပဲ၊ အိမ်ပေါက်စေ့ဝင်စားလို့ရပါတယ် " ဟု ဈေးချိုသူတစ်ဦးက ပြောပြသည်။

ဒီနှစ် သီတင်းကျွတ်မှာတော့ ဘုရားပွဲတော်တွေ ပွဲလမ်းသဘင်နှင့် ခင်းကျင်းမပူဇော်နိုင်တော့ပေ။ အိမ်မှာပင် ရောင်စုံဆီမီး ထွန်းညှိကာ ဘုရားရှင်အား ရည်မှန်းပူဇော်ကြရမည်။ ရောဂါကပ်ဘေးကြီး ကင်းပစင်ကြယ်ပြီး ပြည်သူလိုလားသည့် ငြိမ်းချမ်းရွှေပြည်သစ်ဆီသို့ လျှောက်လှမ်းနိုင်မည့်လမ်းကြောင်း ဖြောင့်ဖြူးစေရေး ဆုတောင်းကြရမည်။ သားရွှေအိုးထမ်းလာတာ မြင်တွေ့ရကိန်း မလွဲကေန် မြင်တွေ့ရစေလို။ ။



## ပခုက္ကူမြို့၌ သီတင်းကျွတ်မီးပုံးနှင့် အရုပ်များ ရောင်းအားကောင်း

**ပခုက္ကူ အောက်တိုဘာ ၂၅**

ပခုက္ကူမြို့တွင် ကိုဗစ်-၁၉ ရောဂါကာလဖြစ်သော်လည်း သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များ ရောင်းအားကောင်းနေကြောင်း သိရသည်။

သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များကို ပခုက္ကူမြို့ လွတ်လပ်ရေးပန်းခြံ အရှေ့ဘက် မြို့မဈေးကြီးအဝင် ထင်းတန်းလမ်းတစ်လျှောက်တွင် ရောင်းချနေပြီး အဆိုပါမီးပုံးနှင့် အရုပ်များကို အဓိကပြုလုပ်သည့်ရပ်ကွက်များဖြစ်သော အမှတ် (၁၀)၊ (၁၃) ရပ်ကွက်များမှ မြန်မာ့ရိုးရာလက်မှုလုပ်ငန်းလုပ်ကိုင်သူများက လာရောက်ရောင်းချခြင်းဖြစ်သည်။

သီတင်းကျွတ်မီးပုံးနှင့် ကလေးကစားစရာအရုပ်များတွင် တန်ဖိုးအနိမ့်ဆုံး ကျပ် ၅၀၀ မှ အမြင့်ဆုံး အထူးအော်ဒါ ကျပ် ၅၀၀၀၀ တန်ဖိုးအထိပစ္စည်းများပါ ပြုလုပ်ကြသည်။

အမှတ် (၁၀) ရပ်ကွက် ရွှေသည်ရပ်မှပြုလုပ်ရောင်းချသူတစ်ဦးက မီးပုံး၊ မီးဆိုင်း၊ ကလေးကစားစရာအရုပ်များအဖြစ် ယုန်ရုပ်၊ သင်္ဘောပုံစံမျိုးစုံ၊ တိုက်လေယာဉ်ပုံများ၊ ရဟတ်ယာဉ်ပုံများ ပြုလုပ်ရကြောင်း ရှင်းပြသည်။

ယခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကာလဖြစ်၍ နိုင်ငံတကာဈေးကွက်မှ ပစ္စည်းများဝင်ရောက်မှုနည်းသည့်အတွက် ပိုမိုရောင်းချရကြောင်း သိရသည်။ **ကိုတမာ(ပြန်/ဆက်)**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၁ ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓါတုဗေဒနှင့် ဇီဝဗေဒဘာသာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)အထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င ) မျက်မှန် တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင်အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net. mm/ nurse(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၀ ရက်နေ့မှ ၁၁-၁၁-၂၀၂၀ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။(အမှတ်စာရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပြီး ဖြေဆိုရမည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် သတ်မှတ်ရက်တွင် တပ်မတော်ဗိုလ်ရွေးအဖွဲ့၌ ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင်လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင်မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)**နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း (၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် (အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (အပျို )ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁-၂၀၂၁ ရက်နေ့တွင် အသက်(၁၆)နှစ်အောက်မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဂ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ဓာတုဗေဒနှင့်ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစား ပါမည်။)

(င) မျက်မှန် တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင်အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net. mm/ nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၁၀-၂၀၂၀ ရက်နေ့မှ ၁၁-၁၁-၂၀၂၀ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။(အမှတ်စာရင်းတင်ပြရမည်။)

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပြီး ဖြေဆိုရမည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် သတ်မှတ်ရက်တွင် တပ်မတော်ဗိုလ်ရွေးအဖွဲ့၌ ဝင်ရောက်အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ် (၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည် -

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာ ဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical ImagingTechnology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု (Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ** အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့ သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)**နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ် (အထက်တန်း သူနာပြု/ ကျွမ်းကျင်သူ (ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါကမိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသများမီးလင်းရေး အစီအစဉ်အတွက် အောက်ဖော်ပြပါ လုပ်ငန်း (၂၈)ခုအား အကောင်အထည်ဖော် ဆောင်ရွက်ရန် တင်ဒါအဆိုပြုလွှာများ ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 1(T) to 4(T)/ MESC (MR)/2020-2021 (၄)စောင် | စဉ့်ကူးမြို့နယ်၊ ရမည်းသင်းနှင့် ရန်အောင်မြို့နယ်တို့တွင် (၅)အမ်ဗွီအေ ခွဲရုံတည်ဆောက်ခြင်း (Lot-1 to Lot-4) |
| (ခ) | 5(T)/MESC(MR)/ 2020-2021 (၁)စောင် | စဉ့်ကူးမြို့နယ်၊ ရေတော်ထီးကုန်း မြစ်ကျော်တာဝါဖြင့် ၁၁ ကေဗွီလိုင်း (၀.၆)မိုင် တည်ဆောက်ခြင်း (Lot-5) |
| (ဂ) | 6(T) to 28(T)/ MESC (MR)/ 2020-2021 (၂၃)စောင် | ရမည်းသင်းမြို့နယ်၊ ရန်အောင်မြို့နယ်၊ စဉ့်ကူးမြို့နယ်၊ မိုးကုတ်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် ရန်အောင်မြို့နယ်တို့တွင် ၁၁ကေဗွီ၊ ၃၃ကေဗွီ ဓာတ်အားလိုင်း၊ ၁၁/၀.၄ကေဗွီ၊ ၃၃/၀.၄ကေဗွီ၊ ၃၃/၁၁ကေဗွီ ထရန်စဖော်မာ တည်ဆောက်ခြင်း(Lot-6 to Lot-28) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို (၂၃-၁၀-၂၀၂၀)ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး (၂၃-၁၁-၂၀၂၀)ရက် (၁၂:၀၀) နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါဆိုင်ရာ အချက်အလက်များကို (mescmm.com)၌ အသေးစိတ်ကြည့်ရှုနိုင်ပါသည်။
၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇ လမ်း၊ ၇၇x၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၄၀၆၉၁၂၁**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျိုင်းတုံမြို့
## (ပစ္စည်းတင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ်ငွေလုံးငွေရင်း(မူလ) ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းများကို ပစ္စည်းတင်ဒါ ခေါ်ယူအပ်ပါသည်-

(က) ကွန်ကရစ်လမ်းလုပ်ငန်း - (၂) လမ်း
(ခ) ကတ္တရာလမ်းလုပ်ငန်း - (၄) လမ်း
(ဂ) ကျောက်ချောလမ်းလုပ်ငန်း - (၄) လမ်း
(ဃ) မြေသားလမ်းလုပ်ငန်း - (၂) လမ်း
(င) ကွန်ကရစ်တံတား - (၃) စင်း
(စ) Box Culvert - (၇) စင်း
(ဆ) ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး - (၁) လုံး
(ဇ) လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဆက်စပ်လုပ်ငန်း - (၁) လုံး

၂။ (က) တင်ဒါစတင်ရောင်းချမည့်ရက်- ၂၆-၁၀-၂၀၂၀ရက် (တနင်္လာနေ့)
(ခ) တင်ဒါရောင်းချမှုပိတ်သိမ်းရက်-၂၅-၁၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) (၁၆:၃၀)နာရီ
(ဂ) တင်ဒါ(နောက်ဆုံး) တင်သွင်းရမည့်ရက် -၂၆-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့) (၁၆:၃၀)နာရီ
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံကြေညာပါမည်။
၃။ တင်ဒါလျှောက်လွှာဝယ်ယူရန်နှင့် တင်သွင်းရန်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့။
၄။ အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျိုင်းတုံမြို့၊ ဖုန်းအမှတ်-၀၈၄-၂၁၂၁၆၇၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ပညာရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ခုနှစ်၊ ဘဏ္ဍာရေးနှစ်၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-
(က) 27''x34''(70gsm)ရွက်ရေ(၅၀၀)ပါ (နိုင်ငံခြားစက္ကူဖြူ)(၁၆၀၀၀)ထုပ်
(ခ) 24''x34''(70gsm)ရွက်ရေ(၅၀၀)ပါ (နိုင်ငံခြားစက္ကူဖြူ)(၄၀၀၀)ထုပ်
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် (၁)ဦးသာ COVID-19 ကမ္ဘာ့ကပ်ရောဂါဆိုင်ရာ အကာအကွယ်(Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် / တင်ဒါပုံစံတင်သွင်းရမည့်ရက် - ရုံးဖွင့်ရက်(၁၂-၁၀-၂၀၂၀)မှ (၁၁-၁၁-၂၀၂၀)ထိ
တင်ဒါပုံစံရောင်းချမည့်အချိန် - ရုံးဖွင့်ရက်(၁၀:၀၀)နာရီမှ (၁၆:၀၀)နာရီထိ
တင်ဒါပုံစံရောင်းချမည့်နေရာ - မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၊ ရုံးအမှတ်(၅၂)၊ ရွှေ့အဝင်ဂိတ်

၃။ တင်ဒါပုံစံများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ အင်တာနက် စာမျက်နှာ www.myanmarexam.orgတွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၀၁၆၈သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**ရုံးအမှတ်(၅၂)၊ နေပြည်တော်**










## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်ထောင်စု ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆို အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | အမျိုးအမည် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| (က) | Lot-1 | **ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန**<br>**လှော်ကားငါးလုပ်ငန်းစခန်း**<br>(၁) အုတ်စီမြေထိန်းနံရံပြုလုပ်ခြင်း (L ၂၃၄'x၂၃၄') (B ၁၃၅'x၁၃၅') H ၆' (၁)ကန်<br>**ငါးလုပ်ငန်းသိပ္ပံ(တွံတေး)**<br>(၁) ဝန်ထမ်းအိမ်ရာရှေ့ရှိ ရေဝပ်သောမြေနေရာ (၂၆၁'x၂၀၇'x၃')အနက် သဲဖို့ခြင်းလုပ်ငန်း<br>(၂) ကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၃၂၂၈'x၁၂'x၉'')<br>(၃) ကျောင်းအတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း (၁၅၅၂'x၈'x၉'')<br>**လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း**<br>(၁) အုတ်စီမြေထိန်းနံရံပြုလုပ်ခြင်း (L ၂၀၀'x၂၀၀') (B ၆၀'x၆၀') H ၆' (၁)ကန် |
| (ခ) | Lot-2 | **မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန**<br>**နတ်ရေကန်ငါးလုပ်ငန်းစခန်း**<br>(၁) ငါးသန်ကန်(၁.၀)ဧက မြေသားကန်တူးဖော်ခြင်း နှင့် အုတ်စီဘေးနံရံ တည်ဆောက်ခြင်း (၄၈၄'x ၈၇'x၄'၆'')(၅)လုံး<br>**ကူမဲငါးလုပ်ငန်းစခန်း**<br>(၁) ငါးမွေးမြူရေးကန်အမှတ် N(၁၂၃'x၇၀') ကျောက်ရိုးစီခြင်းလုပ်ငန်း (၁)ကန် |
| (ဂ) | Lot-3 | **ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန**<br>**ပန်းတနော်ငါးလုပ်ငန်းစခန်း**<br>(၁) ၁၅ဧက မြေသားကန်(၂)လုံး တူးဖော်ခြင်းလုပ်ငန်း |
| (ဃ) | Lot-4 | **တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန**<br>**ရေငန်ငါးသုတေသနစခန်း(မြိတ်)**<br>(၁) (အချင်း ၁၂'xအမြင့် ၃.၅')ရှိ ကွန်ကရစ်အဝိုင်း (၁၀)လုံးပါဝင်သည့် (၉၀'x၄၀'x၁၀') ငါးသားပေါက်ပြုစုကန် အဆောက်အဦတည်ဆောက်ခြင်း |
| (င) | Lot-5 | **နေပြည်တော်ကောင်စီနယ်မြေ၊ ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၃၆)၊ ဥတ္တရသီရိခရိုင်**<br>(၁) 315 KVA Transformer HT လိုင်း ၁၀၀'နှင့် 400 Volt Line ၂၀၀' တည်ဆောက်ခြင်း |

တင်ဒါပုံစံရောင်းချမည့်ရက် - (၃-၁၁-၂၀၂၀)ရက်မှ (၂၀-၁၁-၂၀၂၀)ရက်အထိ
တင်ဒါပိတ်မည့်ရက် - (၂၅-၁၁-၂၀၂၀)ရက်၊ (၁၆:၃၀)နာရီ
တင်ဒါဖွင့်ဖောက်မည့်ရက် - (၄-၁၂-၂၀၂၀)ရက်
တင်ဒါတင်သွင်းရမည့်နေရာ- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ငါးလုပ်ငန်းဦးစီးဌာန၊ရုံးအမှတ်(၃၆)၊နေပြည်တော်
၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ငါးလုပ်ငန်းဦးစီးဌာန၊ ဖုန်း-၀၆၇-၃-၄၁၈၅၃၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ငါးလုပ်ငန်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ မုခ်ဦး ဒါယိကာမကြီး**

## ဒေါ်တင်ကြည် (မြစ်ကျိုး၊ ပဲခူး)

**အသက် (၉၄) နှစ်**

လေးစားခင်မင်ရပါသော ပါမောက္ခဒေါက်တာဦးတိုးဝင်း(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ခေတ်မှန်အထူးကုဆရာဝန်ကြီး)၊ ပါမောက္ခဒေါက်တာဦးဝင်းနိုင်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ အသည်းအထူးကုဆရာဝန်ကြီး)တို့၏ ချစ်လှစွာသောမိခင် ဒေါ်တင်ကြည်သည် ၂၁-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**B.O.D နှင့် ဝန်ထမ်းမိသားစုများ**
**ရွှေဂုံတိုင်ဆေးရုံ**

## ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဦးဝင်းနိုင် (ဌာနမှူး-ငြိမ်း၊ အသည်းရောဂါပညာဌာန၊ ရန်ကုန်အထူးကုဆေးရုံကြီး)နှင့် ဒေါ်နီလာခင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်တင်ကြည် အသက် (၉၄) နှစ်သည် ၂၁-၁၀-၂၀၂၀ ရက် ညတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေဟု ဆုတောင်းမေတ္တာပို့အပ်ပါသည်။

**အသည်းရောဂါပညာဌာနမိသားစု**
**မန္တလေးပြည်သူ့ဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း**
**မြန်မာနိုင်ငံစာရေးဆရာအသင်း ကန်တော့ခံသက်ကြီးပညာရှင်**
**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ**
**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကွန်ရက် ဒုတိယဥက္ကဋ္ဌ**
**ဓမ္မဝီရဂျာနယ်၊ ဓမ္မဝီရစာပေတိုက်နှင့်**
**ဒီဂျစ်တယ်စာကြည့်တိုက်၏နာယကကြီး**

## ဦးအုန်းကြိုင် (ဟံသာဝတီ ဦးအုန်းကြိုင်)

**အသက် (၉၃) နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ပင်းယလမ်း ၆/၉၊ အမှတ်(၂၃၄-က)နေ (ဒေါ်မြတုတ်)၏ချစ်လှစွာသောခင်ပွန်း၊ ကျွန်တော်တို့၏ပစ္စက္ခဘဝနှင့် သံသရာခရီးဖော် အစ်ကိုကြီး ဦးအုန်းကြိုင်သည် ၂၃-၁၀-၂၀၂၀ ရက် (သောကြာနေ့)တွင် ကွယ်လွန်ခဲ့ရခြင်းအတွက် ကျန်ရစ်သောမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အငြိမ်းစားရဲမှူးချုပ်တင်စိုး(ငြိမ်းချမ်းဦး)၊**
**ဓမ္မဝီရစာပေတိုက်နှင့် ဒီဂျစ်တယ်စာကြည့်တိုက်မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးလှဆွေ

**အသက် (၈၅) နှစ်**

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမြင့်စိန်၏ဖခင်ဖြစ်သူ ဦးလှဆွေ အသက် (၈၅)နှစ် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာသိန်းသိန်းရီ**

**အသက် (၇၁) နှစ်**

မော်လမြိုင်ကောလိပ်ကျောင်းသားဟောင်း ဦးတင်အေး၏ဇနီးသည် ၂၂-၁၀-၂၀၂၀ ရက်တွင် ကွယ်လွန်ကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မော်လမြိုင်ကောလိပ်**
**(၁၉၅၉-၁၉၆၅) ကျောင်းသားဟောင်းများ**

## သစ်
## တော
## နဲ့
## သစ်ပင်
## ချစ်
## ခင်
## တဲ့
## လူမျိုး
## သစ်
## ပင်
## ကို
## နှစ်စဉ်
## စိုက်

## ရွှေတိုက်
## ကိုစိုး

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## Mr.JOSEPH RAJAN

**သံလွင်တောင်ပုံနှိပ်တိုက်**

**အသက် (၆၆) နှစ်**

ရန်ကုန်မြို့နေ (Mr.Silva Rajan-ဒေါ် Betcy Rajan)တို့၏သားကြီး၊ (ဦးစိန်ခန်းလျှန်)-ဒေါ်မာလာတို့၏သားသမက်၊ အမှတ်(၁၄၀)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်MOLLY LEN LAM NIANG၏ခင်ပွန်း၊ U Peter Rajan-ဒေါ်တင်လေးရီ၊ (U Sylvester Rajan)၊ ဒေါ် Rani Rajan Phillips-Mr.Nish Phillips၊ U Paul Rajan-ဒေါ်သင်းသင်းမာသိန်း၊ U David Rajan-နော်ဆဲထီမူးတို့၏ အစ်ကိုကြီး၊ တူ/တူမ ၁၃ ယောက်တို့၏ဘကြီးသည် ၂၅-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၁၀-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းမည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)**

## ဦးလှရီ (၉၄)နှစ်

**ရာသက်ပန်အသင်းဝင်အမှတ်(ရာ/၂၆၇)**

ရန်ကုန်မြို့၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ အမှတ်(၉)၊ ဗိုလ်စောနောင်လမ်းနေ ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးကန်တော့ခံ၊ ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်) ဘဏ္ဍာရေးမှူး ဒေါ်ရင်ကြည်၏ဖခင် ဦးလှရီသည် ၂၄-၁၀-၂၀၂၀ ရက် နံနက် ၁:၄၇ နာရီတွင် လူကြီးရောဂါဖြင့် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား သိစေအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ဦးတင်အေး

**(B.A, B.L)**
**ယခင် ရေကျော်ကုန်ပဒေသာတိုက်**
**ကုန်သွယ်ရေး-၅၊ ငြိမ်း**

**အသက် (၉၁) နှစ်**

ရန်ကုန်မြို့နေ (ဦးကြင်ပို့-ဒေါ်ရွှေမှန်)တို့၏သားကြီး၊ (ဦးစိန်-ဒေါ်စိန်ညွန့်)တို့၏သားသမက်၊ ပုဇွန်တောင်မြို့နယ်၊ လမ်း(၅၀)၊ အမှတ်(၇၇)နေ (ဒေါ်စိန်စိန်)၏ခင်ပွန်း၊ Dr.မျိုးသန့်-ဒေါ်သန္တာမောင်၊ ဦးသန်းဌေး-ဒေါ်ခင်မျိုးသက်၊ ဦးစိုးသန့်၊ Dr.အောင်စိုး-ဒေါ်ဆန်းဆန်းကျော်၊ ဦးအောင်မိုး-ဒေါ်လှလှအောင်တို့၏ဖခင်၊ Dr.ရန်နိုင်မျိုး၊ မောင်မျိုးမင်း-မစုစန္ဒီမျိုး၊ စန္ဒီမြတ်နိုးဦး၊ သီဟအောင်သူ၊ ကျော်ထင်ဇေယျ၊ စုလဲ့ဖြူစင်စိုး၊ သွန်းဖြူစင်မိုး၊ အုပ်စိုးခန့်၊ အိန္ဒြေဖြူစင်ကျော်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီး ဦးတင်အေးသည် ၂၃-၁၀-၂၀၂၀ (သောကြာနေ့) ညနေ ၄:၀၇ နာရီတွင် အမှတ်(၁၃၈)၊ အနော်ရထာလမ်းနေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၂၅-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းကျော်

**အသက် (၉၀)**

ရန်ကုန်မြို့နေ (ဦးမောင်မောင်ကြီး-ဒေါ်ခင်အိ)တို့၏သား၊ (ဦးနီလုံး-ဒေါ်စောရှင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၆) ရပ်ကွက်၊ (၃၈)လမ်း(အောက်)၊ အမှတ်(၉၀)၊ မြေညီထပ်နေ ဒေါ်သန်းရီ၏ခင်ပွန်း၊ ဦးဦးသန်း၊ ဦးလှဝင်း-ဒေါ်ကြူကြူထွန်း၊ (ဦးရတနာဝင်း)-ဒေါ်အေးအေးမွန်၊ ဒေါ်ဌေးဌေးမွန်၊ ဦးမျိုးမြင့်ကျော်-ဒေါ်အေးအေးခိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မအိရတနာအောင်၊ မောင်ဇော်ဝင်းထွန်း၊မရွှန်းအိဖြူစင်တို့၏အဘိုးသည် ၂၂-၁၀-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁:၃၅နာရီတွင် နေအိမ်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြင့်မြင့်ဝင်း

**မိဘမေတ္တာကုန်စုံဆိုင်**

**အသက် (၇၂) နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကြိတ်တန်းလမ်း၊ အမှတ်(၁၉/ဘီ)နေ (ဦးသံပြား-ဒေါ်ကျင်ရွှေ)တို့၏သမီး၊ (ဦးကျော်စိန်)၏ ချစ်လှစွာသောဇနီး၊ (ဦးအစ်ကာ)၊ (ဦးစိန်ဟုတ်)-ဒေါ်ကျင်ဝင်းတို့၏ ညီမ၊ ဦးမြင့်အေး-ဒေါ်ခင်ခင်ဝင်း၊ ဦးကျော်မြင့်-ဒေါ်နီလေးတို့၏ အစ်မ၊ ကိုသန့်ဇော်ဦး-မဇင်ဇင်အောင်၊ မရင်ရင်ဝင်း၊ မောင်စိန်အောင်(ခ)ရှိုးတီ-မဇာခြည်ထက်ခိုင်၊ ကိုဇော်ဇော်အောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးနှစ်ယောက်တို့၏ အဘွား ဒေါ်မြင့်မြင့်ဝင်းသည် ၂၅-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၄:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ရဟန်းဒါယကာကြီး**

## ဦးသန်းအောင် (ရေကျော်)

**အသက် (၆၈) နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်မြောင်းကြီးလမ်း၊ (၉) ရပ်ကွက်၊ တိုက်(၈၄)၊ ငါးလွှာနေ (ဦးသောင်းစိန်)-ဒေါ်မြင့်မြင့်သင်တို့၏သားကြီး၊ ဒေါ်ခင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးလှမျိုး)၊ (ဦးအောင်စိုးလွင်)တို့၏ အစ်ကိုကြီး၊ ကိုမျိုးမြင့်နိုင်-မဖြိုးမမကေခိုင်၊ ကိုသန်းဇော်ဇော်အောင်(3rd Engineer MTM Shipping)-မနွယ်နွယ်ဝိုင်း၊ ကိုညီညီဇော်(2nd Officer Uniteam Marine)-မခိုင်ချမ်းငြိမ်းသူတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၂၃-၁၀-၂၀၂၀ (သောကြာနေ့) ည ၁၁:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကိုမင်းထွဋ်ဦး (ခ) မင်းသန့်ကျော်

**အသက် (၃၇) နှစ်**

**MPA,B.Sc (Hons:) in Computing and Information System, B.A (BM), DBL**
**အ.လ.က(၂) ဒဂုံ၊ အ.ထ.က(၃) ဒဂုံကျောင်းသားဟောင်း**
**Head of Project Management**
**Myanmar Ease Net Co.,Ltd**
**Former COO, MCC Group of Companies**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးလွန်းဖေ-ဒေါ်အေးကြည်)၊ (ဝဏ္ဏကျော်ထင် ဦးထွန်းလှိုင်-ဒေါ်ခင်စန်း)၊ (ဒေါ်ခင်သန်း)၊ (ဒေါ်မမလေး)တို့၏ မြေး၊ ဦးသိန်းထွဋ်(ငါးလုပ်ငန်းဦးစီးဌာန-ငြိမ်း)-ဒေါ်စန္ဒာလှိုင်(မြန်မာ့အသံ-ငြိမ်း)တို့၏ သားကြီး၊ ဒေါ်သီတာလှိုင်(ဌာနမှူး-ငြိမ်း၊ မအူပင်နည်းပညာတက္ကသိုလ်)တို့၏တူ၊ ကိုပြည်စိုးသိမ်း၊ မဖြူသီရိမွန်၊ ကိုမျိုးဇော်ထွန်းတို့၏ အစ်ကိုကြီးသည် ၂၄-၁၀-၂၀၂၀ (စနေနေ့) ညနေ ၄:၁၅ နာရီတွင် နေပြည်တော်ခုတင်-၁၀၀၀ ဆေးရုံကြီး၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်တော်၊ ကျေးကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ကြည် (မှော်ဘီ)

**အသက် (၁၀၁) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇) ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာ၊ ပင်လုံ(၁)လမ်း၊ တိုက်(၂၃)၊ အခန်း(၀၀၁)နေ (ဦးဘသိန်း-ဒေါ်သေးသေး)တို့၏သမီး၊ (ဦးအင်ဆိုင်)၏ဇနီး၊ ဦးဘိုကြီး-ဒေါ်ခင်ဆွေမြ၊ ဦးသိန်းလွင်-ဒေါ်ကြင်စော၊ ဦးဝင်းကိုကို-ဒေါ်ဝင်းဝင်းရွှေ၊ (ဦးသန်းထွဋ်)-ဒေါ်ခင်မြတ်မော်၊ ဦးခင်မောင်လွင်-ဒေါ်တင်တင်ဝင်းတို့၏မိခင်၊ မြေး ၁၄ ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၂၅-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၂၀ (တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ သိမ်၊ ကျောင်း၊ ရေသိမ်၊ ကထိန်၊ နတ်လမ်း အလှူရှင်ဒါယကာကြီး**

## ဦးကြင်အေး (တွံတေး၊ တံခွန်တိုင်)

**(၁၉၆၅-၁၉၇၁) ကြည့်မြင်တိုင် လူငယ်ရေးရာညကျောင်းဆရာ**
**(၁၉၇၁-၁၉၈၀) အထက(၁) လှိုင် လူငယ်ရေးရာညကျောင်းဆရာ**
**မြန်မာ့ကုန်တိုက် (ကုန်သွယ်ရေးဝန်ကြီးဌာန)**
**အရာရှိ (ငြိမ်း)**

**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိ(၇)လမ်း၊ ခြံအမှတ်(၂၀)နေ ဒေါ်စိန်(ခ)ဒေါ်စိန်အေး(အထက-၄၊ မ/ဥက္ကလာပ၊ အထက-၃ လှိုင်၊ အလက-၁ လှိုင်၊ အထက်တန်းပြဆရာမ -ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ တွံတေး တံခွန်တိုင်နေ (ဦးရွှေမျှင်-ဒေါ်တုတ်)တို့၏တတိယသား၊ (ဦးအေး-ဒေါ်ကျင်)တို့၏သားသမက်၊ ဦးထင်ကျော်(ခေတ္တ-စင်ကာပူ)-ဒေါ်မြတ်မင်းမာလာထွန်း(ခေတ္တ-စင်ကာပူ)၊ ဦးအောင်ကျော်ညွှန့်-ဒေါ်အယ်(လ်)စောမ့်ရာ၊ ဦးဇော်ဇော်လင်း-ဒေါ်နော်ရီဒါထွန်း၊ ဒေါ်နှင်းယုခိုင်-ဦးရဲမင်းသူ၊ ဦးလှိုင်မျိုးအေး (မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရေကြောင်းဌာန)-ဒေါ်ဖြိုးအိအိဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၅-၁၀-၂၀၂၀ ရက် နံနက် ၁၀:၃၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမြင့်သိန်း (ခ) ဦးမိုးဟိန်း

**အသက် (၇၀)**

ပြင်ဦးလွင်မြို့နေ (ဦးလှဘော်-ဒေါ်ကြည်ကြည်)တို့၏ သားလတ်၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြံခင်းစုရပ်ကွက်၊ မြတောင်ညို(၁)လမ်း၊ ခြံအမှတ်(၉)နေ ဒေါ်လေးခိုင်၏ခင်ပွန်း၊ ဦးဇော်ဝင်းနောင်-ဒေါ်တင်မာလာ၊ ဦးကျော်မင်းနောင်-ဒေါ်ခင်မမော်၊ ဦးမော်လင်းနောင်၊ ဦးမင်းထွေးနောင်-ဒေါ်သီတာဝင်းလွင်၊ မနှင်းမိုးမိုးခိုင်-ကိုစိုးဝေမောင်တို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၂၄-၁၀-၂၀၂၀ (စနေနေ့) နံနက် ၇:၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဇော်လွင်

**အလယ်တန်းပြ (ငြိမ်း)**

**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆) ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၇၉)၊ (A3)နေ ဒေါ်မေရီရဲမြင့်(အထက်တန်းပြ-ငြိမ်း)၏ခင်ပွန်း၊ မောင်ကျော်ထက်ဇော်၊ မထက်ထက်ခိုင်တို့၏ ဖခင်၊ ဦးကျော်ဝင်း-(ဒေါ်မေသန်းဦး)၊ (ဦးလွင်ထူး)-ဒေါက်တာခင်သန်းမူတို့၏ ညီ/မောင်၊ ဒေါ်ဝင်းဝင်းသန်း၏အစ်ကိုသည် ၂၄-၁၀-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁၂:၂၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှသန်း (၆၆)နှစ်

**တပ်ကြပ်ကြီး (ငြိမ်း)**

ရန်ကုန်မြို့၊ မှော်ဘီမြို့နယ်၊ အင်ကြင်းကုန်းကျေးရွာနေ (ဦးမောင်ငယ်-ဒေါ်ပန်းရင်)တို့၏သား၊ တောင်ဒဂုံမြို့နယ်၊ (၅၅) ရပ်ကွက်၊ အမှတ်(၄၅၇/က)နေ ဒေါ်တင်တင်လှ၏ခင်ပွန်း၊ မအေးသန္တာဦး၊ မခင်မေသန်း၊ မောင်ထင်လင်းကျော်၊ မောင်လှမင်းထက်တို့၏ဖခင် ဦးလှသန်းသည် ၂၄-၁၀-၂၀၂၀ ရက် ည ၇:၂၅ နာရီတွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ကိုမင်းထွဋ်ဦး (ခ) မင်းသန့်ကျော်

**အသက် (၃၇) နှစ်**

**MPA,B.Sc (Hons:) in Computing and Information System, B.A (BM), DBL**
**အ.လ.က(၂) ဒဂုံ၊ အ.ထ.က(၃) ဒဂုံကျောင်းသားဟောင်း**
**Head of Project Management**
**Myanmar Ease Net Co.,Ltd**
**Former COO, MCC Group of Companies**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဦးမင်းထွဋ်ဦးသည် ၂၄-၁၀-၂၀၂၀ (စနေနေ့) ညနေ ၄:၁၅ နာရီတွင် နေပြည်တော် ခုတင်-၁၀၀၀ ဆေးရုံကြီး၌ ရုတ်တရက်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Management team နှင့် ဝန်ထမ်းများ**
**Myanmar Ease Net Company Limited**

# ရွေးကောက်ပွဲနေ့တွင် မဲရုံများသို့ ဆန္ဒမဲပေးရန် သွားရောက်ခြင်းများအတွက် ခြွင်းချက်ဖြင့် သွားလာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
အမိန့်အမှတ် ၁၃၅/၂၀၂၀
၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်
(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၅ ရက်)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 – COVID-19)ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ခါတ်ခွဲအတည်ပြုလူနာများ ထပ်မံတွေ့ရှိရမှု၊ ခရီးသွားရာဇဝင်မရှိသည့်အပြင် ခါတ်ခွဲအတည်ပြုလူနာများနှင့်လည်း ထိတွေ့ခြင်းမရှိသည့် လူနာများတွေ့ရှိရမှု အချိန်တိုကာလအတွင်း များပြားလာသဖြင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမို ထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး(ကိုကိုးကျွန်းမြို့နယ်မပါ)၊ မွန်ပြည်နယ်အတွင်းရှိ မော်လမြိုင်မြို့နယ်၊ ဘီးလင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ကဝမြို့နယ်၊ ပဲခူးမြို့နယ်၊ သနပ်ပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပုသိမ်မြို့နယ်၊ ဖျာပုံမြို့နယ်၊ မအူပင်မြို့နယ်၊ ကချင်ပြည်နယ်အတွင်းရှိ ဖားကန့်မြို့နယ်၊ မိုးညှင်းမြို့နယ်တို့တွင် နေထိုင်သည့်ပြည်သူများအနေဖြင့် နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း ၂၆-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၉၇/၂၀၂၀၊ ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/၂၀၂၀၊ ၂၅-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၁၀/၂၀၂၀ နှင့် ၁၉-၁၀-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၂၉/၂၀၂၀ တို့ဖြင့် ကြေညာခဲ့ပါသည်။

၂။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထက်ပါမြို့နယ်များတွင် နေထိုင်သည့်ပြည်သူများအား သတ်မှတ်ထားသည့် မဲဆန္ဒနယ်မြေအတွင်းရှိ ကြိုတင်ဆန္ဒမဲပေးရမည့်နေရာများသို့ ဆန္ဒမဲပေးရန် သွားရောက်ခြင်း၊ ရွေးကောက်ပွဲနေ့တွင် မဲရုံများသို့ ဆန္ဒမဲပေးရန် သွားရောက်ခြင်းများအတွက် ခြွင်းချက်ဖြင့် သွားလာခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး

## ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၅**

**ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို အောက်တိုဘာ ၂၆ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော် ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည် ဖြစ်သည်။

သတင်းစဉ်

## အထူးကဏ္ဍအချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့၏ ၂၀၁၆-၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြုမှတ်တိုင်များ အထူးကဏ္ဍ အချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

## ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၂၅**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် အမေရိကန်ပြည်ထောင်စု၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးနှင့် ဆိုးလ်မြို့ရှိ မြန်မာသံရုံးတို့က ပူးပေါင်းစီစဉ်သည့် (၇)ကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်း(MAI) ကယ်ဆယ်ရေး လေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၇ နာရီခွဲတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည် ရောက်ရှိခဲ့ကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ○



## လာမည့်နှစ်၌ ကျင်းပမည့် အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာအပါအဝင် ၃၄ သင်းစီ ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၅**

လာမည့်နှစ်တွင် ကျင်းပမည့် ၂၀၂၂ အာရှဖလား ယူ-၂၀ နှင့် ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲတွင် အသင်းပေါင်း ၃၄ သင်းစီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယင်းပြိုင်ပွဲနှစ်ခုစလုံး၏ ပထမအဆင့်ခြေစစ်ပွဲများကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိထားပြီး ကျင်းပမည့်နေရာကို ထပ်မံအတည်ပြုမည်ဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် ယင်းပြိုင်ပွဲနှစ်ခုစလုံး၏ ခြေစစ်ပွဲများကို ၂၀၂၁ ခုနှစ်တွင် ကျင်းပမည်ဖြစ်ပြီး အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ ပထမအဆင့်ပွဲစဉ်များကို မတ် ၁၃ ရက်မှ ၂၁ ရက်၊ ဒုတိယအဆင့်ပွဲစဉ်များကို ဩဂုတ် ၁၈ ရက်မှ ၂၂ ရက်အထိ၊ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ ပထမအဆင့်ပွဲစဉ်များကို ဧပြီ ၃ ရက်မှ

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖



၂၀၁၉ အာရှ ယူ-၁၉ ဒုတိယအဆင့်ခြေစစ်ပွဲတွင် မြန်မာနှင့် ဩစတြေးလျအသင်းတို့ ယှဉ်ပြိုင်ခဲ့စဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


မွန်ပြည်နယ်တစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်း လျှပ်စစ်ဓာတ်အား ရရှိပြီဖြစ်
စာမျက်နှာ » ၉

နိုင်ငံရေးကြော်ငြာများနှင့် ပတ်သက်ပြီး သုတေသနပြုမှုများကို တားဆီးရန် ဖေ့စ်ဘွတ်ကြိုးပမ်းလာ
စာမျက်နှာ » ၁၁

အက်စထရာဇန်နီကာကုမ္ပဏီနှင့် Johnson & Johnson ကုမ္ပဏီတို့က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လက်တွေ့စမ်းသပ်မှုများ ပြန်လည်စတင်မည်
စာမျက်နှာ » ၁၂

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၁၆-၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြုမှတ်တိုင်များ

**အလုပ်သမားရေးရာဆိုင်ရာ**

ပြည်တွင်းအလုပ်အကိုင်အတွက် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများက ၅၄၃၀၂၈၄ ဦးကို အလုပ်သမားမှတ်ပုံတင်ပြုလုပ်ပေးခဲ့ပြီး ၁၀၆၉၅၄၅ ဦးကို ပြည်တွင်းအလုပ်အကိုင်ရရှိအောင် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့သလို ပြည်ပအလုပ်အကိုင်အတွက် အလုပ်သမား ၉၄၄၃၆၄ ဦးကို ပြည်ပ ကိုးနိုင်ငံသို့ စေလွှတ်နိုင်ခဲ့ပါသည်။

အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန်ရည်ရွယ်လျက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ပြည်တွင်း ပြည်ပကုမ္ပဏီများ ပူးပေါင်း၍ အလုပ်ရှာဖွေသူနှင့် အလုပ်ရှင်တို့တွေ့ဆုံပြီး တစ်နေရာတည်းတွင် One Stop Service ဖြင့် ရွေးချယ်ခန့်ထားပေးနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair)များ ကျင်းပခဲ့ပါသည်။

၁-၄-၂၀၁၆ ရက်နေ့မှ ၃၁-၈-၂၀၂၀ပြည့်နှစ်အထိ ရန်ကုန်တိုင်းဒေသကြီးတွင် အကြိမ်(၂၀)၊ မန္တလေးတိုင်းဒေသကြီးတွင် (၁၂)ကြိမ်၊ ကရင်ပြည်နယ်တွင် (၃)ကြိမ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် (၂)ကြိမ်စီ၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် (၁)ကြိမ်စီဖြင့် စုစုပေါင်း (၄၄)ကြိမ် ကျင်းပခဲ့ရာ ၁၁၇၄၈ ဦး အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးခဲ့ပါသည်။

**မိသားစုလွှဲပို့ငွေ**

ပြည်ပရောက် မြန်မာနိုင်ငံသားများမှ မြန်မာနိုင်ငံသို့ ပြန်လည်ပေးပို့သော မိသားစု လွှဲပို့ငွေစာရင်းများမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှရရှိသည့် စာရင်းအရ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ အမေရိကန်ဒေါ်လာ သန်းပေါင်း ၄၀၈၀.၅၇၈ လွှဲပို့ပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

**ကျွမ်းကျင်လုပ်သားများ စစ်ဆေးအကဲဖြတ်ခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု**

အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံသည်ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခြင်းကို လက်ခံထားရာ မြန်မာလုပ်သားထုအတွက် အလုပ်အကိုင်အခွင့်အလမ်းတည်မြဲရေး၊ ဘဝတစ်သက်တာလေ့လာသင်ယူကာ ကျွမ်းကျင်မှုများ အဆင့်မြှင့်တင်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန Focal Ministry အဖြစ် ဆောင်ရွက်သော မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု“စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့မှ ဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံသားများကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)မှ အတည်ပြုထားသည့် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနများမှ ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လထိ အလုပ်အကိုင်အမျိုးအစား ၃၀ အတွက် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုလက်မှတ် ဖြေဆိုသူ ကျား ၁၂၂၇၆ ဦး၊ မ ၅၃၀၂ ဦး စုစုပေါင်း ၁၇၅၇၈ ဦးနှင့် အောင်မြင်သူစာရင်းများမှာ ကျား ၁၀၉၇၉ ဦး၊ မ ၄၉၂၁ ဦး စုစုပေါင်း ၁၅၉၀၀ အားကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များထုတ်ပေးနိုင်ခဲ့ပြီး လတ်တလောဖြစ်ပေါ်နေသည့် COVID -19 ကပ်ရောဂါကာလအတွင်း Video Conference အသုံးပြု၍ သင်တန်းများအား ပို့ချပေးလျက်ရှိပါသည်။

**အနည်းဆုံးအခကြေးငွေသတ်မှတ်ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု**

အနည်းဆုံးအခကြေးငွေဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၇)ဖြင့် ၂၂-၃-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများကို ၁၂-၇-၂၀၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းစဉ် ၅ ရပ်ချမှတ်၍ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းစဉ် ၅ ရပ်မှာ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီများဖွဲ့စည်းခြင်း၊ အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရန် အစည်းအဝေးနှင့် ဆွေးနွေးပွဲကျင်းပခြင်း၊ မေးခွန်းလွှာများဖြန့်ဝေ၍ စစ်တမ်းကောက်ယူခြင်း၊ အဆိုပြုအနည်းဆုံး အခကြေးငွေထုတ်ပြန်ခြင်း၊ အတည်ပြု အနည်းဆုံးအခကြေးငွေထုတ်ပြန်ခြင်းတို့ ဖြစ်ပါသည်။

လုပ်ငန်းစဉ်များနှင့်အညီ အဆင့်ဆင့်ဆောင်ရွက်ပြီး အမျိုးသားကော်မတီမှ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ **တစ်နိုင်ငံလုံးတစ်ပြေးညီ တစ်နာရီလျှင် ကျပ် ၄၅၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ(တစ်ရက်)အတွက် ကျပ် ၃၆၀၀ ဖြစ်ကြောင်းနှင့် ၎င်းသတ်မှတ်ချက်သည် အလုပ်သမား ၁၅ ဦးအောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း** ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်နှင့် ပထမအကြိမ်သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

အမျိုးသားကော်မတီမှ မြန်မာနိုင်ငံရှိအလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ **တစ်နိုင်ငံလုံးတစ်ပြေးညီ တစ်နာရီလျှင် ကျပ် ၆၀၀ နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ(တစ်ရက်)အတွက် ကျပ် ၄၈၀၀ ဖြစ်ကြောင်းနှင့်** ၎င်းသတ်မှတ်ချက်သည် **အလုပ်သမား ၁၀ ဦးအောက်ရှိ လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း** ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်နှင့် ၁၄-၅-၂၀၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၁၈ ဖြင့် ဒုတိယအကြိမ်ပြင်ဆင်သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

စက်ရုံ၊ အလုပ်ရုံများကို ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ၊ အမိန့်ကြော်ငြာစာ ၂/၂၀၁၈ တို့နှင့်အညီ ဆောင်ရွက်နိုင်စေရန် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ၏ **၁၄-၅-၂၀၁၈** ရက်နေ့တွင် ပြင်ဆင်သတ်မှတ်ထားသည့် **အနည်းဆုံးအခကြေးငွေသည် ၁၃-၅-၂၀၂၀ ရက်နေ့တွင် ၂ နှစ် ပြည့်မြောက်**ခဲ့ပြီးဖြစ်ပါသည်။ ၁၁-၃-၂၀၂၀ ရက်နေ့တွင် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ ညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ပြီး ညှိနှိုင်းအစည်းအဝေးမှ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်-

(က) အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေး လုပ်ငန်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြရန်၊
(ခ) အဆိုပြုနှုန်းထားတစ်ခုရရှိရေး စာရင်းစစ်တမ်းများ ကောက်ယူရန်နှင့် နောက်တစ်ကြိမ် အစည်းအဝေး၌ တင်ပြပေးရန်၊
(ဂ) တိုင်းဒေသကြီး/ပြည်နယ်ကော်မတီများသို့ သတ်မှတ်သင့်သည့် အနည်းဆုံးအခကြေးငွေ အဆိုပြုနှုန်းထားကို အမျိုးသားကော်မတီသို့တင်ပြရန်၊

**လုပ်သားအင်အားစာရင်းကောက်ယူမှုအခြေအနေ**

လုပ်သားဈေးကွက်သတင်းအချက်အလက်များ၊ လုပ်သားဆိုင်ရာစာရင်းအင်းများရရှိရန် လုပ်သားအင်အားစစ်တမ်းများကို ကောက်ယူလျက်ရှိပြီး ယခင်ကစာရင်းအင်းအချက်အလက်များအတွက် ခန့်မှန်းစာရင်းများကိုသာ အသုံးပြုခဲ့ရာမှ ယခုအခါ နှစ်စဉ်လုပ်သားအင်အားစစ်တမ်းမှ ကောက်ယူရရှိလာသည့် အချက်အလက်များကို အသုံးပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံ လုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်းကို ILO ၏ နည်းပညာနှင့်ငွေကြေးအကူအညီတို့ဖြင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လထိ ကောက်ယူခဲ့ပြီး စစ်တမ်းအချက်အလက်များမှတွက်ချက်ထားသည့် အစီရင်ခံစာတို့ကိုဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ၍ ခွင့်ပြုချက်ရရှိပြီးလျှင် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ ဖြန့်ဝေထုတ်ပြန်ခြင်းဖြစ်ပါသည်။ အဆိုပါစစ်တမ်းမှ အောက်ပါအစီရင်ခံစာတို့ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည် -

(က) ၂၀၁၅ ခုနှစ်၊ လုပ်သားအင်အား၊ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင် ဝင်ရောက်မှုအကူးအပြောင်း ဆန်းစစ်ခြင်းစစ်တမ်း အနှစ်ချုပ်အစီရင်ခံစာ၊
Myanmar Labour Force, Child Labour and School–to–Work Transition Survey, 2015 Executive Summary Report






ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ၂၀၂၀ ပြည့်နှစ် မေ ၁၄ ရက်က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ပြုလုပ်သည့် “အလုပ်သမားနှင့် အလုပ်အကိုင်အပေါ် Coronavirus Disease 2019(COVID–19)ရောဂါ သက်ရောက်မှုများကို တုံ့ပြန်ရန် အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေး”တွင် ပါဝင်ဆွေးနွေးစဉ်။

(ခ) မြန်မာနိုင်ငံ လုပ်သားအင်အားစစ်တမ်း အစီရင်ခံစာ၊
Myanmar Report on Labour Force Survey
(ဂ) မြန်မာနိုင်ငံ ကလေးလုပ်သားစစ်တမ်း အစီရင်ခံစာ၊
Myanmar Report on Child Labour Force Survey
(ဃ) မြန်မာနိုင်ငံ ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်း ဆန်းစစ်ခြင်း စစ်တမ်းအစီရင်ခံစာ။
Myanmar Report on School–to–Work Transition Survey

၂၀၁၇ ခုနှစ်မှစ၍ နှစ်စဉ် လုပ်သားအင်အားစစ်တမ်းကို တစ်နှစ်လျှင်နှစ်ကြိမ် ကောက်ယူလျက်ရှိပြီး စစ်တမ်းအချက်အလက်များမှတွက်ချက်ထားသည့် အစီရင်ခံစာများကို အောက်ပါအတိုင်း ပြုစုထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်-

(က) ၂၀၁၇ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)၊ (ဒုတိယအကြိမ်)နှင့် နှစ်ပတ်လည် အစီရင်ခံစာ၊
(ခ) ၂၀၁၈ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း(ပထမအကြိမ်)၊ (ဒုတိယအကြိမ်)နှင့် နှစ်ပတ်လည် အစီရင်ခံစာ၊
(ဂ) ၂၀၁၉ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)နှင့် (ဒုတိယအကြိမ်) အစီရင်ခံစာ။
(ဃ) စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်သမားဦးရေစာရင်းနှင့် ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်ဌာနနှင့်အလုပ်သမားဦးရေစာရင်းတို့ကို တစ်နှစ်လျှင် တစ်ကြိမ် ကောက်ယူပြုစုလျက်ရှိရာ **၂၀၁၉ ခုနှစ်၊ အစီရင်ခံစာ**ကို ဝန်ကြီးဌာနသို့ တင်ပြထားပြီးဖြစ်ပါသည်။
(င) လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်ကို တစ်နှစ်လျှင်တစ်ကြိမ် ပြုစုလျက်ရှိရာ၊ **၂၀၁၈-၂၀၁၉ လူ့စွမ်းအားဖွံ့ဖြိုးမှုအညွှန်းကိန်းများ လက်စွဲစာအုပ်(အင်္ဂလိပ်+မြန်မာ)**ကို ဝန်ကြီးဌာနသို့ တင်ပြထားပြီးဖြစ်ပါသည်။

**၂၀၁၈ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်းတွင် အခန်း ၇ ခန်း၊ မေးခွန်း ၉၂ ခု**တို့ဖြင့် မေးမြန်းကောက်ယူခဲ့ပြီး **၂၀၁၉ ခုနှစ်၊ နှစ်စဉ် လုပ်သားအင်အားစစ်တမ်း (ပထမအကြိမ်)**တွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနနှင့် ILO ၏ အကြံပြုချက်အရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ထိခိုက်ဒဏ်ရာရရှိမှု အခန်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် IMF တို့၏ အကြံပြုချက်အရ နိုင်ငံရပ်ခြားတွင်နေထိုင်သည့် အိမ်ထောင်စုဝင်များ အခန်းတို့ကို ထပ်တိုး၍ **အခန်း ၉ ခန်း၊ မေးခွန်း ၁၁၉ ခု**ဖြင့် မေးမြန်းခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း (ဒုတိယအကြိမ်) မှစ၍ World Bank ၏ နည်းပညာအကူအညီဖြင့် Tablet များအသုံးပြု၍ CAPI စနစ်ဖြင့် ကောက်ယူခဲ့ပြီး စစ်တမ်းမေးခွန်းလွှာတွင် CESD ၏ အကြံပြုချက်အရ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရာတွင် အထောက်အကူဖြစ်စေရန် အိမ်ထောင်စုများ၏ နေထိုင်စားသုံးစရိတ် အခြေအနေ အခန်းထပ်တိုး၍ အခန်း ၁၀ ခန်း၊ မေးခွန်း ၁၂၇ ခုဖြင့် မေးမြန်းခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း(ပထမအကြိမ်)မှရရှိလာသည့် အချက်အလက်များကို အစီရင်ခံစာပြုစုနိုင်ရေးဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ်၊ နှစ်စဉ်လုပ်သား အင်အားစစ်တမ်း(ဒုတိယအကြိမ်)တွင် CAPI စနစ်ဖြင့် စာရင်းကောက်ယူနိုင်ရေး ကမ္ဘာ့ဘဏ်မှ Consultant Mr. Juste Nitiema က ၂ ပတ်ကြာ သင်တန်းဖွင့်လှစ်ပို့ချပေးခဲ့ပြီး၊ အရည်အသွေးပြည့်ဝစေရန် နိုင်ငံတကာစံနှုန်းများကို အသုံးပြုခဲ့ပါသည်။

လုပ်သားအင်အားစစ်တမ်းများကို CAPI စနစ်အသုံးပြု၍ ပုံမှန်ကောက်ယူခြင်းဖြင့် **e-Government** စနစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အလုပ်ရှင်/အလုပ်သမား စာရင်းများကို အချိန်မီရရှိနိုင်မည်ဖြစ်ပါသည်။

CAPI စနစ်အသုံးပြု၍ စစ်တမ်းကောက်ယူခြင်းဖြင့် အချက်အလက်များ၏ အရည်အသွေးကို ပိုမိုကောင်းမွန်လာစေခြင်း၊ အချိန်နှင့်ငွေကြေးကုန်ကျစရိတ်များ သက်သာခြင်းနှင့် စာရင်းအင်းအချက်အလက်များကို Data Entry သွင်းရန်မလိုအပ်ဘဲ တိုက်ရိုက်ကြည့်ရှုစစ်ဆေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ပါသည်။

စက်မှုဇုန်များရှိ အလုပ်ဌာနနှင့် အလုပ်သမားဦးရေစာရင်းနှင့် ပိုင်ဆိုင်မှုကဏ္ဍအလိုက် အလုပ်ဌာနနှင့်အလုပ်သမားဦးရေစာရင်းများကောက်ယူရာတွင်လည်း CAPI စနစ်ဖြင့် ကောက်ယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လူဦးရေဆိုင်ရာ စာရင်းအင်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စိုက်ပျိုးရေး စာရင်းအင်းများစွာရှိသည့်အနက် လူဦးရေစာရင်းအင်းရရှိပြီးပါက လုပ်သားဆိုင်ရာ စာရင်းအင်းများကို သိရှိလိုကြ၍ လုပ်သားအင်အားစစ်တမ်းကို ကောက်ယူလျက်ရှိပါသည်။

လုပ်သားအင်အားစစ်တမ်းများမှ အချက်အလက်များကို MSDP၊ SDGs၊ DWCP၊ SNA၊ IMF၊ ကမ္ဘာ့ဘဏ်၊ ILO Statistics Database၊ အာဆီယံနှင့် နိုင်ငံတကာစာရင်းအင်းစာဆောင်များ၊ ပြည်တွင်း/ပြည်ပမှ စာတမ်းပြုစုမည့်သူများမှ တောင်းခံလာသည့် အချက်အလက်များကို ပံ့ပိုးပေးလျက်ရှိပြီး ၂၀၂၁ ခုနှစ်တွင် ကောက်ယူမည့် လုပ်သားအင်အားစစ်တမ်းကို ၂၀၁၅ ခုနှစ်တွင် ကောက်ယူခဲ့သည့် ပြီးပြည့်စုံသည့် စစ်တမ်းကဲ့သို့ ကောက်ယူနိုင်ရန် ဆောင်ရွက်လျက်ရှိသော်လည်း နည်းပညာနှင့် ငွေကြေးအကူအညီများ လိုအပ်လျက်ရှိပါသည်။

**အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းမှုအနေဖြင့် –**

၂၀၁၂ ခုနှစ်မှစတင်၍ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်း ဖွဲ့စည်းမှုကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ အလုပ်သမားအဖွဲ့အစည်း ၁၃၁၂ ဖွဲ့၊ အလုပ်ရှင်အဖွဲ့အစည်း ၁ ဖွဲ့၊ စုစုပေါင်း ၁၃၁၃ ဖွဲ့ ဖွဲ့စည်းထားရှိခဲ့ပြီး ၂၀၁၂ ခုနှစ်မှစတင်၍ ယနေ့အထိ ဖွဲ့စည်းပြီးသည့် အလုပ်ရှင်၊အလုပ်သမားအဖွဲ့အစည်းများမှာ အလုပ်ရှင်အဖွဲ့ ၂၉ ဖွဲ့၊ အလုပ်သမားအဖွဲ့ ၃၀၄၅ ဖွဲ့ စုစုပေါင်း ၃၀၇၄ ဖွဲ့ရှိပြီဖြစ်ပြီး အဆိုပါအဖွဲ့အစည်းများတွင်

**အချပ်ပို (ခ) သို့ »»**

»»» အချပ်ပို (က) မှ

အလုပ်သမားအဖွဲ့အစည်းများဖြစ်ကြသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(Confederation of Trade Unions Myanmar –CTUM)၊ မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(Agriculture & Farmer Federation of Myanmar (Food Allied of Workers)–AFFM–IUF)နှင့် မြန်မာနိုင်ငံစက်မှုလက်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (Myanmar Industries Craft and Services Trade Unions Federation–MICS–TUsF)တို့သည် အမျိုးသားအဆင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများတွင် အလုပ်သမားကိုယ်စားလှယ်အဖြစ်ပါဝင်၍ အလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

**၂၀၁၉ ခုနှစ်အတွင်း ILO ရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များအနေဖြင့် –**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ နှစ်စဉ်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံကို ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် သုံးပွင့်ဆိုင်မြန်မာကိုယ်စားလှယ်အဖွဲ့က ပုံမှန်တက်ရောက်လျက်ရှိပါသည်။

(၁၀၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံ(ရာပြည့်)ကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့မှ ၂၁ ရက်နေ့ထိ ကျင်းပခဲ့ရာမှာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။

ညီလာခံတွင် အနာဂတ်အလုပ်အကိုင်ဆိုင်ရာ ILO ရာပြည့် ကြေညာချက်၊ ၂၀၁၉ (ILO Centenary Declaration for the Future of Work, 2019)ကို ထုတ်ပြန်နိုင်ခဲ့သည့်အပြင် အလုပ်ခွင်တွင် အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၉၀ နှင့် တိုက်တွန်းချက်အမှတ်၂၀၆ {Violence and Harassment Convention 190, 2019 & Recommendation No.206, 2019} အတည်ပြုချမှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံက ILO ရာပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသည့်အနေဖြင့် အဓိကပြဋ္ဌာန်းချက် (၈)ခုအနက် တစ်ခုဖြစ်သည့် အငယ်ဆုံးအသက်ပြဋ္ဌာန်းချက်အမှတ်–၁၃၈ (၁၉၇၃) (Minimum Age Convention No.138, 1973)လက်ခံကျင့်သုံးရန် ဒုတိယအကြိမ်မြောက် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် သဘောတူအတည်ပြုခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၏ ၉–၆–၂၀၂၀ ရက်စွဲပါစာအမှတ် ၆၄၀–၁၂၁၈/၃–၂၃/၃၉ အရ ILO ၏ အငယ်ဆုံးအသက်ပြဋ္ဌာန်းချက်အမှတ်–၁၃၈ (Minimun Age Convention 1973, No.138)အား လက်ခံကျင့်သုံးရေးနှင့်ပတ်သက်၍ တရားဝင်မှတ်ပုံတင်ထားရှိပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့မှစတင်၍ ကျင့်သုံးဆောင်ရွက်နေပါသည်။

မြန်မာနိုင်ငံတွင် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်ဌာနေအစီအစဉ် **{Decent Work Country Programme – DWCP (2018–2021)}**ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ၂၁–၉–၂၀၁၈ ရက်နေ့တွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနဲ့ ILO တို့ MoU လက်မှတ်ရေးထိုးပြီး အောက်ပါဦးစားပေးလုပ်ငန်းစဉ်(၃)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်–

(က) ဦးစားပေး ၁ – ၂၀၂၁ ခုနှစ်တွင် လူတိုင်းသင့်လျော်ကောင်းမွန်သော အလုပ်နှင့် စဉ်ဆက်မပြတ် စွန့်ဦးတီထွင် စီးပွားလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းတို့ကို ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်သင့်ခဲ့သော ခုခံကာကွယ်မှုအားနည်းကာ ဘေးအန္တရာယ်တွင်းသို့ အလွယ်တကူကျရောက်နိုင်သော ပြည်သူတို့အပါအဝင် အားလုံး လုပ်ကိုင်နိုင်စေရန်၊

(ခ) ဦးစားပေး ၂ – ၂၀၂၁ ခုနှစ်တွင် ပိုမိုကောင်းမွန်လာသည့် လုပ်သားဈေးကွက် စီမံအုပ်ချုပ်မှုဖြင့် လုပ်ငန်းခွင် အခြေခံစည်းမျဉ်းများနှင့် အခွင့်အရေးများအား လိုက်နာကျင့်သုံးခြင်းကို အားကောင်းလာစေရန်၊

(ဂ) ဦးစားပေး ၃ – ၂၀၂၁ ခုနှစ်တွင် အားလုံးအတွက် အထူးသဖြင့် ထိခိုက်လွယ်သော အလုပ်သမားများနှင့် ပြည်သူများအတွက် လူမှုအကာအကွယ်စောင့်ရှောက်ရေး လွှမ်းခြုံမှုတိုးချဲ့နိုင်စေရန်။

ဦးစားပေးလုပ်ငန်းစဉ်များပါ အညွှန်းကိန်းများအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မှုများကို နှစ်ပတ်တစ်ကြိမ် ပြုစုပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး စီးပွားရေးရာ ကော်မတီသို့ ပုံမှန်တင်ပြလျက်ရှိပါသည်။

၂၀၁၉ ခုနှစ်မှစကာ Decent Work Country Programme (2018–2021) (DWCP)အရ အဓမ္မခိုင်းစေမှု ပပျောက်ရေးကို မိမိနိုင်ငံအစီအစဉ်နှင့် ဆောင်ရွက်လျက်ရှိပြီး ဦးစားပေးလုပ်ငန်းစဉ် (၄)ခု ပါဝင်သည့် အဓမ္မခိုင်းစေမှုပပျောက်ရေး လုပ်ငန်းစီမံချက်(၂၀၁၉–၂၀၂၁) မူကြမ်းကို အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီဝင် ဝန်ကြီးဌာနများနှင့် ILO တို့ ညှိနှိုင်း၍ အောက်ပါအတိုင်းရေးဆွဲခဲ့ပါသည်–

❖ အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှု ယန္တရားပေါ်ပေါက်လာစေရန် ဆောင်ရွက်ခြင်း၊

❖ အဓမ္မခိုင်းစေမှုနှင့်ပတ်သက်၍ အသိပညာမြှင့်တင်ရေးနှင့် သင်တန်းများပေးခြင်း၊

❖ အဓမ္မခိုင်းစေမှု အဆုံးသတ်ရေးအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊

ပုဂ္ဂလိကကဏ္ဍများတွင် အဓမ္မခိုင်းစေမှု တားဆီးရေးအတွက် သုံးပွင့်ဆိုင်မိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

Action Plan ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒချမှတ်ရန်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီကို ဝန်ကြီးဌာန(၁၆)ခုနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အပါအဝင် ကိုယ်စားလှယ်(၂၆)ဦးတို့ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂–၁၂–၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၂/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

ယခုလက်ရှိတွင် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ပါဝင်သည့် ကော်မတီဖြစ်စေရေး ပြင်ဆင်ဖွဲ့စည်းသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နေပါသည်။

အဆိုပါလုပ်ငန်းစီမံချက်အပါအဝင် NCM ထူထောင်ဆဲကာလမှာ တိုင်ကြားမှုများကို ဖြေရှင်းပေးမည့်ကြားကာလ လုပ်ငန်းစီမံချက်၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး လုပ်ငန်းစီမံချက်များကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြအတည်ပြုချက်ရယူခဲ့ပါသည်။

အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုတိုင်ကြားမှုယန္တရား (National Complaint Mechanism–NCM) ထူထောင်ဆဲကာလတွင် ကြားကာလယန္တရားနှင့် ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း“အဓမ္မခိုင်းစေမှုများကို ILO အပါအဝင် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်မဆို တိုင်ကြားနိုင်စေရန် ၂၅–၆–၂၀၁၉ ရက်နေ့မှစ၍ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နေ့စဉ်ထုတ် သတင်းစာအသီးသီးတို့တွင် ထုတ်ပြန်ကြေညာပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်းညှိနှိုင်း၍ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို လက်ခံကာ အမြန်ဆုံးဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။

ယခုလက်ရှိတွင် အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုတိုင်ကြားမှုယန္တရား(National Complaint Mechanism– NCM) ကို ၃–၂–၂၀၂၀ ရက်နေ့မှ စတင်လည်ပတ်ဆောင်ရွက်နေပြီဖြစ်ပြီး အဓမ္မခိုင်းစေမှုတိုင်ကြားမှုများကို မည်သူမဆို တိုင်ကြားနိုင်ကြောင်း အများပြည်သူသို့လည်း အသိပေးထုတ်လွှင့်ထားပြီးဖြစ်ပါသည်။

**အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံအလုပ်သမားရေးရာကိစ္စရပ်များအနေဖြင့် –**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံအလုပ်သမားရေးရာကိစ္စများကို ဆွေးနွေးရန် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးကို နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပပြီး ၂၀၁၈ ခုနှစ်တွင် (၂၅)ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးကို မလေးရှားနိုင်ငံ၌ ကျင်းပခဲ့ပါသည်။




လူမှုဖူလုံရေးအဖွဲ့က နေပြည်တော် MRTV ၌ Mobile Medical Unit(MMU)ဖြင့် ဆေးကုသမှုပေးနေစဉ်။

အနာဂတ်အလုပ်အကိုင်နှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကြိုတင်ပြင်ဆင်နိုင်ရန်ရည်ရွယ်၍ ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် အာဆီယံအလုပ်သမားဝန်ကြီးများ၏ Special Session ကို စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့ပြီး “ASEAN Labour Ministers’ Statement On The Future Of Work: Embracing Technology For Inclusive And Sustainable Growth”ကို အာဆီယံအလုပ်သမားဝန်ကြီးများမှ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ခဲ့ပါသည်။

အဆိုပါအစည်းအဝေးတွင် “ASEAN Labour Minister’s Joint Statement on Green Initiative” ကို (၁၀၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံသို့ တင်ပြနိုင်ရေး အာဆီယံအလုပ်သမားဝန်ကြီးများမှ အတည်ပြုနိုင်ခဲ့ပါသည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သော (၁၅)ကြိမ်မြောက် အာဆီယံအဆင့်မြင့် အလုပ်သမားအရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပြီး အာဆီယံအလုပ်သမားဝန်ကြီးများ လုပ်ငန်းအစီအစဉ် (၂၀၁၆–၂၀၂၀)အရ အာဆီယံအလုပ်သမားရေးရာကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် အလွန်တွင် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အာဆီယံအလုပ်သမားဝန်ကြီးများ လုပ်ငန်းအစီအစဉ်အသစ် (၂၀၂၁–၂၀၂၅)တစ်ရပ်ရေးဆွဲနိုင်ရေး ဆွေးနွေးခဲ့ပါသည်။

၁၄–၅–၂၀၂၀ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးသည် မလေးရှားနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနမှ Video Conference စနစ်ဖြင့် ကျင်းပပြုလုပ်သည့် “အလုပ်သမားနှင့်အလုပ်အကိုင်အပေါ် Coronavirus Disease 2019 (COVID–19)ရောဂါ သက်ရောက်မှုများကိုတုံ့ပြန်ရန် အာဆီယံအလုပ်သမားဝန်ကြီးများအဆင့် အထူးအစည်းအဝေး”ကို ပါဝင်တက်ရောက်ခဲ့ပါသည်။ ၄၇။ အဆိုပါအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံဖြစ်သော ဘရူနိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ အလုပ်သမားဝန်ကြီးများ၊ အဆင့်မြင့်အလုပ်သမားအရာရှိကြီးများနှင့်အတူ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အတွင်းရေးမှူးချုပ် **H.E. Dato Lim Jock Hoi** နှင့် ILO ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder ပါဝင်တက်ရောက်ခဲ့ကြပါသည်။

**လက်ရှိဥပဒေပြင်ဆင်ခြင်းနှင့် အသစ်ရေးဆွဲခြင်းလုပ်ငန်းများအနေဖြင့် –**

**၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေပြင်ဆင်ရေးတွင် အလုပ်သမားများ၏ တောင်းဆိုချက်၊ အလုပ်ရှင်များ၏ လိုလားချက်များကို အလေးထားစဉ်းစားပြီး နိုင်ငံ၏ ပကတိအခြေအနေနှင့် လျော်ညီစေရန်အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သော အလုပ်သမားရေးရာဥပဒေများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့တွင် ညှိနှိုင်းရေးဆွဲလျက်ရှိ**

အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနအနေဖြင့် လက်ရှိအလုပ်သမားရေးရာ ဥပဒေ(၇)ခု ကျင့်သုံးလျက်ရှိပြီး ယင်းဥပဒေများကို ခေတ်ကာလနှင့်လျော်ညီစေရန် ပြင်ဆင်ခြင်း၊ ဖျက်သိမ်းပြီး အသစ်ပြန်လည်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဥပဒေအသစ်ပြဋ္ဌာန်းနိုင်ရေး နိုင်ငံခြားသားအလုပ်သမားဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးသို့ အကြံပြုချက်များ တောင်းခံခြင်း၊ ရရှိလာသော အကြံပြုသဘောထားမှတ်ချက်များနှင့်အညီ စုစည်း၍ ဝန်ကြီးဌာနဥပဒေပညာရှင်များအဖွဲ့နှင့် ဌာနမှ တာဝန်ရှိသူများနှင့် အကြိမ်ကြိမ်ဆွေးနွေးခြင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ဝန်ကြီးဌာနအတွင်း ဆွေးနွေးခြင်းများပြုလုပ်ပြီး ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီ သို့ ၁–၁၀–၂၀၁၉ ရက်နေ့တွင် တင်ပြထားပါသည်။

၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေပြင်ဆင်ရေးတွင် အလုပ်သမားများ၏ တောင်းဆိုချက်၊ အလုပ်ရှင်များ၏ လိုလားချက်များကို အလေးထားစဉ်းစားပြီး နိုင်ငံ၏ ပကတိအခြေအနေနှင့် လျော်ညီစေရန်အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များပါဝင်သော အလုပ်သမားရေးရာဥပဒေများ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့(TWG–LLR)တွင် ညှိနှိုင်းရေးဆွဲလျက်ရှိပါသည်။

**လူမှုဖူလုံရေးအဖွဲ့**

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ အလုပ်ဌာန ၁၅၈၅၇၂ ဌာနရှိပြီး အကျုံးဝင်အာမခံအလုပ်သမား ၆၂၁၅၃၇၂ ဦး မှတ်ပုံတင်နိုင်ခဲ့ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းအနေဖြင့် လက်ရှိအလုပ်သမားဆေးရုံကြီး သုံးရုံ၊ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၉ ခန်း၊ တိုင်းရင်းဆေးကုခန်း တစ်ခန်း၊ PPS(Free for Service) ဆေးခန်း ခုနစ်ခန်း၊ PPS (Capitation) ဆေးခန်း ခုနစ်ခန်းနှင့် ရွေ့လျားဆေးကုသယာဉ် နှစ်စီးတို့ဖြင့် မြို့နယ်ပေါင်း ၁၁၆ မြို့နယ်ရှိ အာမခံ အလုပ်သမားများအား ဆေးကုသမှုပေးလျက်ရှိပါသည်။

လူမှုဖူလုံရေးစီမံကိန်းအကြောင်း ပိုမိုသိရှိရေး၊ အသိပညာပေးခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ SSB Mobile Application၊ SSB Website၊ SMS တို့ဖြင့် ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

အာမခံအလုပ်သမားများ၏ မှီခိုသူမိသားစုများ တစ်ဦး သို့မဟုတ် နှစ်ဦးအား အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ဘဏ္ဍာငွေ ရေရှည်တည်တံ့ခိုင်မြဲမှုအပေါ်မူတည်၍ အကောင်အထည်ဖော်နိုင်ရေးနှင့် အကျိုးခံစားခွင့် တောင်းခံသည့်ပုံစံများတွင် မလိုအပ်သောစာရွက်စာတမ်းများတောင်းခံခြင်းမှ ဖြေလျှော့နိုင်ရေးတို့အတွက် ILO နည်းပညာ အကူအညီဖြင့်ဆောင်ရွက်လျက်ရှိရာ အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့် တောင်းခံသည့်လုပ်ငန်းစဉ် ကြာချိန်အား–

(က) ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့် ယခင် (၁၀၄) ရက်မှ ယခု (၂၄) ရက်

(ခ) အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ယခင် (၉၈) ရက်မှ ယခု (၂၆) ရက်

(ဂ) ကျန်ရစ်သူအကျိုးခံစားခွင့် ယခင် (၇၁) ရက်မှ ယခု (၄၈) ရက်

(ဃ) နာရေးစရိတ်အကျိုးခံစားခွင့် ယခင် (၃) ရက်မှ ယခု (၁) ရက်

ဖြေလျှော့နိုင်ခဲ့ပါသည်။

အချပ်ပို (ဂ) သို့ »»»

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာအား အစိုးရအဖွဲ့သို့တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကလေးများအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းအမျိုးအစားများနှင့် လုပ်ငန်းခွင်များစာရင်း(မူကြမ်း) ရေးဆွဲကာ လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ

»»» အချပ်ပို (ခ) မှ

ဆေးဖိုးစိုက်ထုတ်ငွေများ ပြန်လည်ထုတ်ပေးရာတွင်လည်း Online Payment ဖြင့် ခွင့်ပြုထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး Wave Money ငွေကြေးဝန်ဆောင်မှုစနစ်ဖြင့် လွယ်ကူစွာထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်ဌာနများ အကျုံးဝင်မှတ်ပုံတင်ခြင်း၊ အလုပ်သမားများ မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးပေးသွင်းခြင်း၊ ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန် e-Service လုပ်ငန်းများကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လူမှုဖူလုံရေးအဖွဲ့မှ COVID-19 စီးပွားရေးကုစားမှုအစီအစဉ်အရ မတည်ထည့်ဝင်ငွေ ကျပ် ၅၀ ဘီလီယံ ထည့်ဝင်ခဲ့ပြီး COVID-19 ဂယက်ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ယာယီပိတ်သိမ်းခြင်း၊ အမြဲတမ်းပိတ်သိမ်းခြင်း၊ အလုပ်သမားလျှော့ချခြင်းများနှင့်စပ်လျဉ်း၍ ထည့်ဝင်ကြေးပေးသွင်းသည့်ကာလကို ဖြေလျှော့ပေးသွင်းခွင့်ပြုခြင်း၊ COVID-19 ကာလအတွင်း လုပ်ငန်းခွင်မှ အလုပ်လက်မဲ့ဖြစ်သွားသည့် အာမခံအလုပ်သမားများအတွက် မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့်ကို ၂၆ ပတ်အထိ ခွင့်ပြုပေးခြင်း၊ ဆေးဖိုးနှင့် ခရီးစရိတ်ပြန်အမ်းငွေကို တစ်နှစ်အထိ ခွင့်ပြုပေးခြင်း၊ ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများကို မကျန်းမာမှုငွေကြေး အကျိုးခံစားခွင့် ၆၀% အဖြစ် ၂၆ ပတ်ထိ ခွင့်ပြုပေးခြင်း၊ Quarantine ဝင်ရသည့် အာမခံအလုပ်သမားများအတွက် Quarantine ဝင်ရသည့်ကာလ ၂၈ ရက်အား မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ % ကို ငွေကြေးအကျိုးခံစားခွင့်ပြုခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက်နှင့်အညီ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးနိုင်ရန်အတွက် ဧပြီလ ၂၀ ရက်နေ့မှ မေလ ၁၅ ရက်နေ့အထိ ခေတ္တပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အာမခံအလုပ်သမားများအား လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ % အား ခွင့်ပြုထုတ်ပေးခြင်းများကို ထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ % ခွင့်ပြုထုတ်ပေးခြင်း၊ ကိုယ်ဝန်ဆောင်အာမခံအလုပ်သမားများနှင့် Quarantine ဝင်ရသည့် အာမခံအလုပ်သမားများအတွက် မကျန်းမာမှုအကျိုးခံစားခွင့် ၆၀% ခွင့်ပြုထုတ်ပေးခြင်းများနှင့် စပ်လျဉ်း၍ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များထုတ်ပြန်၍ ငွေကြေးအကျိုးခံစားခွင့်များကို အောက်ပါအတိုင်း ခွင့်ပြုထုတ်ပေးခဲ့ပါသည်-

| စဉ် | ငွေကြေးအကျိုးခံစားခွင့်အမျိုးအစားများ | ခွင့်ပြုသည့် | | ခွင့်ပြုခဲ့သည့် ကာလ |
|---|---|---|---|---|
| | | အမှုတွဲ | ငွေ(ကျပ်သန်း) | |
| ၁ | လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် (၄၀%) | ၈၀၀,၂၆၀ | ၁၉,၆၄၀.၆၃၆ | ၅/၂၀၂၀ မှ ၉/၂၀၂၀ ထိ |
| ၂ | Quarantine ဝင်ရောက်သည့် အာမခံ အလုပ်သမားများ မကျန်းမာမှုအကျိုးခံစားခွင့် (၆၀ %) | ၄၉၇ | ၄၅.၂၂၉ | ၃/၂၀၂၀ မှ ၉/၂၀၂၀ ထိ |
| ၃ | ကိုယ်ဝန်ဆောင် အာမခံအလုပ်သမားများ မကျန်းမာမှု အကျိုးခံစားခွင့် (၆၀%) | ၃,၂၉၄ | ၄၈၈.၀၃၁ | ၄/၂၀၂၀ မှ ၉/၂၀၂၀ ထိ |
| စုစုပေါင်း | | ၈၀၄,၀၅၁ | ၂၀,၁၇၃.၈၉၆ | |

လက်ရှိကျင့်သုံးအကောင်အထည်ဖော်နေသော အာမခံစနစ် နှစ်မျိုးအတွက် အကျိုးခံစားခွင့် ၁၂ မျိုးရှိပြီး လေးနှစ်ကျော်ကာလအတွင်း အကျုံးဝင်အာမခံအလုပ်သမားများအတွက် ဆေးကုသမှု ကုန်ကျစရိတ်များနှင့်ငွေကြေး အကျိုးခံစားခွင့်အဖြစ် ကျပ်သန်း ၁၀၅၇၇၉.၆၇၃ အား ဥပဒေနှင့်အညီ ခွင့်ပြုထုတ်ပေးနိုင်ခဲ့ပါသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်ဌာနများ အကျုံးဝင်မှတ်ပုံတင်ခြင်း၊ အလုပ်သမားများ မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးပေးသွင်းခြင်း၊ ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန် e-Service လုပ်ငန်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ရှင်းလင်းခဲ့ပြီးဖြစ်ပါသည်။

**အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ ဆောင်ရွက်မှုများ**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်သော မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားကာ အစည်းအဝေး သုံးကြိမ် ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှစ၍ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို မူအားဖြင့်အတည်ပြုခဲ့ပြီး တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဦးစားပေးစီမံချက်နယ်မြေအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာအား အစိုးရအဖွဲ့သို့တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကလေးများအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော လုပ်ငန်းအမျိုးအစားများနှင့် လုပ်ငန်းခွင်များစာရင်း(မူကြမ်း)ရေးဆွဲကာ လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံများအား ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေနှင့် စစ်ဆေးစည်းကြပ်လျက်ရှိရာ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီကို ဥပဒေအရ မဖြစ်မနေဖွဲ့စည်းရခြင်းမဟုတ်ဘဲ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်ကို အလုပ်ရှင်/အလုပ်သမားများကိုယ်တိုင် ဆောင်ရွက်နိုင်ရေး ဖွဲ့စည်းဆောင်ရွက်ရန် စည်းရုံးတိုက်တွန်းဖွဲ့စည်းခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လထိ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီ ၉၀၈ ခု ဖွဲ့စည်းနိုင်ခဲ့ပါသည်။

**အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန**

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနသည် (က)အလုပ်သမားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ (ခ) အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာမှုရှိစေရန်၊ (ဂ) အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာဖြင့် ရရှိခံစားနိုင်စေရန်ဆိုသည့် ရည်မှန်းချက်သုံးရပ်တို့ဖြင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဖြစ်ပွားသော အငြင်းပွားမှုများကို တည်ဆဲဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်ရှင်၊အလုပ်သမားများအကြားဖြစ်ပွားသောအငြင်းပွားမှုများကို လုပ်ငန်းညှိနှိုင်းရေးကော်မတီ၊ အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမားကိုယ်စားလှယ်များ သုံးပွင့်ဆိုင်ပါဝင်သော ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ၃၂၅ ဖွဲ့ဖြင့် ညှိနှိုင်းဖျန်ဖြေခြင်း၊ ခုံသမာဓိအဖွဲ့ ၁၅ ဖွဲ့နှင့် ခုံသမာဓိကောင်စီ တစ်ဖွဲ့တို့ဖြင့် ဆုံးဖြတ်ခြင်းတို့ကို အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ လုပ်သား ၃၀ နှင့်အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC)ကို ဖွဲ့စည်းရမည်ဖြစ်ရာ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ လုပ်သား ၃၀ နှင့်အထက် စက်ရုံ၊ အလုပ်ရုံ ၄၂၀၆ ရုံရှိပြီး ယင်းစက်ရုံများအနက် ၃၂၉၁ ရုံ၌ WCC ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များအနေဖြင့် အငြင်းပွားမှု ၄၉၀၈ မှု လက်ခံရရှိခဲ့ပြီး ၄၁၀၆ မှုအား ဖျန်ဖြေပြီးစီးခဲ့သဖြင့် အလုပ်သမားဦးရေ ၄၉၉၅၅ ဦးအတွက် အကျိုးခံစားခွင့် ငွေကျပ်သန်း ၆၁၉၇.၃၀၂၊ US$ ၇၂၆၁၇ ရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ခုံသမာဓိအဖွဲ့များအနေဖြင့် အငြင်းပွားမှု ၉၁၆ မှု လက်ခံရရှိခဲ့ပြီး ဆုံးဖြတ်ပြီးစီးခဲ့သည့် ၇၁၀ မှုရှိရာ အလုပ်သမားဦးရေ ၂၁၈၀ အတွက် အကျိုးခံစားခွင့်ငွေကျပ်သန်း ၃၅၈.၁၉၅၊ US$ ၂၈၇၅ နှင့် ခုံသမာဓိကောင်စီအနေဖြင့် အငြင်းပွားမှု ၄၂၂ မှုလက်ခံရရှိခဲ့ပြီး ဆုံးဖြတ်ချက်ချမှတ် ဆောင်ရွက်ပေးနိုင်ခဲ့သည့် အငြင်းပွားမှု ၄၁၃ မှုရှိရာ အလုပ်သမားဦးရေ ၅၂၆၉ ဦးအတွက် အကျိုးခံစားခွင့် ငွေကျပ်သန်း ၇၈၈.၈၂၂၊ US$ ၆၄၇၃၁ ခံစားရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေအား ခေတ်ကာလနှင့်လျော်ညီစေရန် ၂၀၁၉ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် ဒုတိယအကြိမ်ပြင်ဆင်ပြဋ္ဌာန်းခဲ့ရာ အဆိုပါဥပဒေနှင့်ကိုက်ညီသည့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ရေးဆွဲပြုစုထားသည့် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေများ(မူကြမ်း)နှင့်စပ်လျဉ်း၍ ၃၀-၈-၂၀၁၉ ရက်နေ့၊ ၇-၉-၂၀၁၉ ရက်နေ့၊ ၂၃-၁၁-၂၀၁၉ ရက်နေ့နှင့် ၂၂-၂-၂၀၂၀ ရက်နေ့များတွင် သုံးပွင့်ဆိုင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

အငြင်းပွားမှုဖြေရှင်းအဖွဲ့များတွင်ပါဝင်မည့် အဖွဲ့ဝင်ကိုယ်စားလှယ်များ ရွေးချယ်ခန့်အပ်ရာတွင် နည်းစနစ်ကျစေရေးအတွက် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့၏ အဖွဲ့ဝင်များ၊ ခုံသမာဓိကောင်စီ၏ကောင်စီဝင်များ ရွေးချယ်ခြင်းဆိုင်ရာ နည်းဥပဒေများ(မူကြမ်း)ကို သုံးပွင့်ဆိုင်ဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့ကြပြီး အတည်ပြုထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင်၊ အလုပ်သမားများအား အလုပ်သမားရေးရာဥပဒေများ သိရှိနားလည်နိုင်စေရေးအတွက် အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ရာ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနပေါင်း ၂၂၄၈ ခုတွင် အလုပ်သမား ၆၆၀၇၀ အား အသိပညာပေးဆွေးနွေးမှု ပြုလုပ်နိုင်ခဲ့ပါသည်။

(အလုပ်သမားရေးရာဆိုင်ရာ) ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ နောက်ဆုံးအခြေအနေများနှင့် အသေးစိတ် အချက်အလက်များကို https://www.mol.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ**

**လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း**

လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနအနေဖြင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါသည်။

အချပ်ပို (ဃ) သို့ »»»




ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနက ဆုစ်စထားအထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား၏ မမာမကျန်းမှုအကျိုးခံစားခွင့်နှင့် နာရေးစရိတ်ငွေအား ကျန်ရစ်သူမိသားစုသို့ ပေးအပ်စဉ်။




ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ယာယီပိတ်ထားသည့် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများမှ အာမခံအလုပ်သမားတစ်ဦးအား လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ပေးအပ်စဉ်။

»»» အချပ်ပို (ဂ) မှ

**ပြည်ဝင်ဗီဇာ**

ပြည်ဝင်ဗီဇာနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို Focal Ministry အဖြစ် သတ်မှတ်တာဝန်ပေးအပ်ထားပြီး အောက်ဖော်ပြပါ ပြည်ဝင်ဗီဇာ (၁၄)မျိုးအား ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် ခွင့်ပြုပေးလျက်ရှိပါသည်-

(က) သံတမန်/သံအဖွဲ့ဝင်ဗီဇာ
(ခ) ကမ္ဘာလှည့်ဗီဇာ
(ဂ) လုပ်ငန်းဗီဇာ
(ဃ) လူမှုရေးဗီဇာ
(င) သာသနာရေးဗီဇာ
(စ) ဖြတ်သန်းဗီဇာ
(ဆ) နိုင်ငံတကာအဖွဲ့အစည်းများဗီဇာ
(ဇ) အလုပ်သမားဗီဇာ
(ဈ) ပညာရေးဗီဇာ
(ည) စာနယ်ဇင်း/မီဒီယာဗီဇာ
(ဋ) ယာဉ်အမှုထမ်းဗီဇာ
(ဌ) အလုပ်ရုံ/ဆွေးနွေးပွဲ/အစည်းအဝေး/သုတေသနဗီဇာ
(ဍ) သံတမန်၏ဧည့်သည်များပြည်ဝင်ဗီဇာ
(ဎ) သံတမန်မဟုတ်သည့် သံရုံးဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များအတွက် ပြည်ဝင်ဗီဇာ

**ဆိုက်ရောက်ဗီဇာစနစ်**

ဆိုက်ရောက်ဗီဇာ (Visa On Arrival)စနစ်ကို ၁-၆-၂၀၁၂ ရက်နေ့တွင် စတင်ခဲ့ပြီး ရန်ကုန်၊ မန္တလေး၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုတို့တွင် နိုင်ငံပေါင်း ၅၅ နိုင်ငံမှ နိုင်ငံသားများကို လုပ်ငန်းဗီဇာ၊ အလုပ်ရုံ/ဆွေးနွေးပွဲ/အစည်းအဝေး/သုတေသနဗီဇာ၊ ယာဉ်အမှုထမ်းဗီဇာနှင့် ဖြတ်သန်းဗီဇာ စသည့်ဗီဇာအမျိုးအစားများအား ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

**ကမ္ဘာလှည့်(ဆိုက်ရောက်ဗီဇာ) Visa On Arrival စနစ်ဖြင့် ဝင်ရောက်ခွင့်ပြုမှု**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာလှည့်ဗီဇာအား ဆိုက်ရောက်ဗီဇာစနစ်ဖြင့် နိုင်ငံ ၁၃ နိုင်ငံအား ၁-၁၀-၂၀၁၈ ရက်မှစတင်၍ ခွင့်ပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ နိုင်ငံအလိုက်ဝင်ရောက်ခွင့်ပြုမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | တရုတ် | ၂၁၂၆၈၆၀၀ ဦး |
| (ခ) | ဂျာမနီ | ၁၂၇၁၅၀ ဦး |
| (ဂ) | အိန္ဒိယ | ၄၆၇၀၀ ဦး |
| (ဃ) | အီတလီ | ၁၃၅၅၅၀ ဦး |
| (င) | ဩစတြေးလျ | ၁၀၁၁၀၀ ဦး |
| (စ) | ရုရှား | ၂၇၇၀၀ ဦး |
| (ဆ) | စပိန် | ၁၉၈၅၀ ဦး |
| (ဇ) | ဆွစ်ဇာလန် | ၄၄၅၅၀ ဦး |
| (ဈ) | ချက် | ၃၉၀၀ ဦး |
| (ည) | ဩစတြီးယား | ၆၅၅၀ ဦး |
| (ဋ) | ဟန်ဂေရီ | ၁၇၀၀ ဦး |
| (ဌ) | နယူးဇီလန် | ၅၀၀ ဦး |
| (ဍ) | လူဇင်ဗတ် | ၁၁၅၀ ဦး |
| | **စုစုပေါင်း** | **၂၁၇၈၅၀၀၀ ဦး** |

**ဆိုက်ရောက်ဗီဇာ လျှောက်ထားမှုနှင့်ဝင်ငွေရရှိမှု**

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ဆိုက်ရောက်ဗီဇာ လျှောက်ထားမှုနှင့် ဝင်ငွေရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၆ ခုနှစ် | ၁၂၄၉၄၂ ဦး | ၆.၀၂ သန်း (ဒေါ်လာ) |
| (ခ) | ၂၀၁၇ ခုနှစ် | ၁၁၈၆၉၅ ဦး | ၅.၆၂ သန်း (ဒေါ်လာ) |
| (ဂ) | ၂၀၁၈ ခုနှစ် | ၁၄၅၀၃၈ ဦး | ၆.၁၇ သန်း (ဒေါ်လာ) |
| (ဃ) | ၂၀၁၉ ခုနှစ် | ၅၀၅၂၀၆ ဦး | ၂၄.၈၉ သန်း (ဒေါ်လာ) |
| (င) | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ | ၅၈၇၁၅ ဦး | ၂၈.၈၂ သန်း (ဒေါ်လာ) |

**eVisa စနစ်**

ကမ္ဘာတစ်ဝန်းမှ မြန်မာနိုင်ငံသို့ လာရောက်လိုသူများ အင်တာနက်(Online)မှ အဆင်ပြေချောမွေ့စွာ ဗီဇာ လျှောက်ထားနိုင်ရေးအတွက် ၂၀၁၄ ခုနှစ်မှစတင်၍ Online eVisa စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ eVisa စနစ်ဖြင့် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၀၀ မှ နိုင်ငံသားများအား ကမ္ဘာလှည့်ဗီဇာကိုလည်းကောင်း၊ နိုင်ငံပေါင်း ၅၅ နိုင်ငံမှ နိုင်ငံသားများအား လုပ်ငန်းဗီဇာကိုလည်းကောင်း ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုနှင့် မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်၊ မြဝတီနှင့် ကော့သောင်း အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက် သုံးခု၊ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးနှင့်ရိဒ်ခေါဒါရ်အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ ထွက်ပေါက် နှစ်ခုတို့မှ ဝင်ခွင့်ပြုပါသည်။ eVisa စနစ်ဖြင့်ခွင့်ပြုသည့် ဗီဇာအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း မန္တလေး၌ အခြေခံလျှပ်စစ်သင်တန်း ဖွင့်လှစ်သင်ကြားပေးမှုကို တွေ့ရစဉ်။

(က) ကမ္ဘာလှည့်ဗီဇာ
(ခ) ကမ္ဘာလှည့်ဗီဇာ (Express Service)
(ဂ) လုပ်ငန်းဗီဇာ

**e-Visa လျှောက်ထားမှုနှင့် ဝင်ငွေရရှိမှု**

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ e-Visa လျှောက်ထားမှုနှင့် ဝင်ငွေရရှိမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ၂၀၁၆ ခုနှစ် | ၂၈၉၂၀၅ ဦး | ၁၀.၈ သန်း (ဒေါ်လာ) |
| (ခ) | ၂၀၁၇ ခုနှစ် | ၃၇၇၃၁၀ ဦး | ၁၄.၃ သန်း (ဒေါ်လာ) |
| (ဂ) | ၂၀၁၈ ခုနှစ် | ၄၁၇၅၂၃ ဦး | ၁၆.၃ သန်း (ဒေါ်လာ) |
| (ဃ) | ၂၀၁၉ ခုနှစ် | ၅၃၁၉၉၈ ဦး | ၂၁.၅ သန်း (ဒေါ်လာ) |
| (င) | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ | ၁၃၈၂၇၇ ဦး | ၆.၃ သန်း (ဒေါ်လာ) |

**ကမ္ဘာလှည့်ခရီးသည်များအား ဗီဇာကင်းလွတ်ခွင့်ပြုမှု**

ဂျပန်၊ တောင်ကိုရီးယား၊ မကာအိုနှင့် ဟောင်ကောင်တို့မှ ကမ္ဘာလှည့်ခရီးသည်များအား (၁-၁၀-၂၀၁၈) ရက်နေ့မှစတင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ဗီဇာကင်းလွတ်ခွင့်ဖြင့် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်များမှတစ်ဆင့် ဝင်/ထွက်ခွင့်ပြုမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဂျပန် | ၁၁၆၁၁၄ ဦး၊ |
| (ခ) | တောင်ကိုရီးယား | ၁၃၀၄၆၀ ဦး၊ |
| (ဂ) | မကာအို | ၄၂၉၂၆ ဦး၊ |
| (ဃ) | ဟောင်ကောင် | ၆၀၇၈ ဦး၊ |

**လေဆိပ်များနှင့်ဆိပ်ကမ်းတို့မှ ဝင်ရောက်မှု**

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့မှ နိုင်ငံခြားသားဝင်ရောက်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ၂၀၁၆ ခုနှစ် | ၈၄၅၃၁၆ ဦး၊ |
| (ခ) | ၂၀၁၇ ခုနှစ် | ၁၃၁၉၇၇၆ ဦး၊ |
| (ဂ) | ၂၀၁၈ ခုနှစ် | ၂၃၀၅၂၂၄ ဦး၊ |
| (ဃ) | ၂၀၁၉ ခုနှစ် | ၁၈၀၁၀၁၃ ဦး၊ |
| (င) | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ | ၃၂၇၀၃၁ ဦး၊ |

**နယ်စပ်ဝင်/ထွက်ပေါက်များမှဝင်ရောက်မှု**

၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသား ဝင်ရောက်မှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ခုနှစ် | Passport Visa ဖြင့် ဝင်ရောက်မှု | နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်ဖြင့်ဝင်ရောက်မှု | စုစုပေါင်း ဝင်ရောက်မှု |
|---|---|---|---|---|
| (က) | ၂၀၁၆ ခုနှစ် | ၆၀၆၆၇ ဦး | ၁၆၃၄၆၁၁ ဦး | ၁၆၉၅၂၇၈ ဦး |
| (ခ) | ၂၀၁၇ ခုနှစ် | ၄၁၈၆၅ ဦး | ၂၀၈၀၁၈၅ ဦး | ၂၁၂၂၀၅၀ ဦး |
| (ဂ) | ၂၀၁၈ ခုနှစ် | ၅၃၀၁၄ ဦး | ၂၁၅၈၀၁၃ ဦး | ၂၂၁၁၀၂၇ ဦး |
| (ဃ) | ၂၀၁၉ ခုနှစ် | ၁၂၉၃၇၁ ဦး | ၂၄၃၄၂၅၅ ဦး | ၂၅၆၃၆၂၆ ဦး |
| (င) | ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ | ၄၀၄၀၁ ဦး | ၄၉၅၂၄၄ ဦး | ၅၃၅၆၄၅ ဦး |

**မြန်မာ-အိန္ဒိယ အပြည်ပြည်ဆိုင်ရာနယ်စပ်ဝင်/ထွက်ပေါက်ဖွင့်လှစ်ခြင်း**

၂၀၁၈ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့၏ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်အား ချုပ်ဆိုနိုင်ခဲ့ပါသည်။ အဆိုပါနယ်စပ်ဖြတ်သန်းသွားလာရေးသဘောတူစာချုပ်အရ (၈-၈-၂၀၁၈)ရက်နေ့တွင် တမူး-မိုရဲရေး၊ ရိခေါဒါရ်-ဇိုခေါသာရ်တို့နှစ်ခုအား အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်/ထွက်ပေါက်များအဖြစ် သတ်မှတ်ဖွင့်လှစ်ခဲ့သဖြင့် နှစ်နိုင်ငံသားများ၊ တတိယနိုင်ငံသားများကို နယ်စပ်ဖြတ်သန်းခွင့်လက်မှတ်၊ နိုင်ငံကူးလက်မှတ်များဖြင့် ဝင်ရောက်ထွက်ခွာခွင့်ပြုနိုင်ခဲ့ပြီးဖြစ်ပါသည်။

**မြန်မာနိုင်ငံသားဟောင်းများ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားမှုများ**

နိုင်ငံတော်အစိုးရ၏ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြန်လည်သင့်မြတ်ရေးအတွက် အခြားနိုင်ငံသားအဖြစ် ခံယူထားသည့် မြန်မာနိုင်ငံသားဟောင်းများအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းမှ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်လျှောက်ထားသူ ၃၂၆ ဦးရှိပြီး ၂၇၆ ဦးအား ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါသည်။

**နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ ဆောင်ရွက်ပေးမှု**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုအတွက် မြန်မာနိုင်ငံ၌ ကာလရှည်ကြာစွာလာရောက်နေထိုင် ရင်းနှီးမြှုပ်နှံလိုသူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများ၊ မြန်မာနိုင်ငံသားနှင့် သွေးချင်းဆက်စပ်သူ နိုင်ငံခြားသားများအတွက် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ နည်းဥပဒေကို(၁၈-၁၁-၂၀၁၄) ရက်နေ့တွင် အတည်ပြုထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာ လျှောက်ထားခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် ၂၀၁၆ မှ ၂၀၂၀ ဩဂုတ်လအထိ လျှောက်ထားသူ ၄၂၇ ဦး ရှိသည့်အနက် ၂၀၁၅ ခုနှစ်တွင် ခွင့်ပြုထားသူ ၉၅ ဦးအပါအဝင် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ ခွင့်ပြုသူ ၄၄၄ ဦးရှိပြီး ဖြစ်ပါသည်။



ပဲခူးတိုင်းဒေသကြီး၌ နှစ်စဉ်လုပ်သားအင်အားစစ်တမ်း(ပထမအကြိမ်)အား CAPI စနစ်ဖြင့် ကွင်းဆင်းကောက်ယူစဉ်။

အချပ်ပို (င) သို့ »»»

» » စာမျက်နှာ (ဃ)မှ

**အမျိုးသားမှတ်ပုံတင်ရေးနှင့်နိုင်ငံသားမှတ်ပုံတင်လုပ်ငန်း**

အမျိုးသားမှတ်ပုံတင်နှင့်နိုင်ငံသားဦးစီးဌာနအနေဖြင့် အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်လုပ်ငန်းများကို ပြဋ္ဌာန်းထားသည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါသည်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း**

အစိုးရသစ်ကာလအတွင်း ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအထိ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည့်အရေအတွက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

| စဉ် | ခုနှစ် | ထုတ်ပေးမှုအရေအတွက် |
|---|---|---|
| ၁။ | ၂၀၁၆ | ၁၂၇၅၅၈၇ |
| ၂။ | ၂၀၁၇ | ၁၂၆၃၅၂၁ |
| ၃။ | ၂၀၁၈ | ၁၃၆၆၀၁၂ |
| ၄။ | ၂၀၁၉ | ၁၄၅၂၀၇၅ |
| ၅။ | ၂၀၂၀ | ၆၇၄၂၄၆ |
| | စုစုပေါင်း | ၆၀၃၁၄၄၁ |

**နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် စိစစ်ထုတ်ပေးရေးဆောင်ရွက်ခြင်း**

မြန်မာနိုင်ငံအတွင်း နေထိုင်သူများအနက် တိုင်းရင်းသား ဟုတ်/မဟုတ် ဆုံးဖြတ်နိုင်ခြင်းမရှိသူများနှင့် နိုင်ငံသားသံသယရှိသူများ၊ NV ကတ်ကိုင်ဆောင်ထားသူများအား မြန်မာနိုင်ငံသားဥပဒေပုဒ်မ–၆၅ ပါ ပြဋ္ဌာန်းချက်များအတိုင်း ဗဟိုအဖွဲ့မှ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ ဟုတ်/မဟုတ် ဆုံးဖြတ်ပေးနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စိစစ်ပြီး လျှောက်ထားသူများအား ဗဟိုအဖွဲ့မှ ဥပဒေနှင့်အညီ သတ်မှတ်ဆုံးဖြတ်သည့်အတိုင်း ကိုင်ဆောင်ရမည့်လက်မှတ်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

**ပြည်သူ့အင်အားစာရင်း ကောက်ယူထိန်းသိမ်းရေးလုပ်ငန်း**

ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် ပြည်သူ့အင်အားစာရင်းကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၌ ၁၉၈၃ ခုနှစ် နောက်ပိုင်း နှစ်ပေါင်း ၃၀ ကျော်ကြာ ကောက်ယူနိုင်ခဲ့ခြင်းမရှိသည့် လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ခရိုင်အဆင့်အချက်အလက်များ ရရှိရေးအတွက် ကောက်ယူနိုင်ခဲ့ပါသည်။

**၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်း၏ရလဒ်များမှ စာတမ်းနှင့် အစီရင်ခံစာများထုတ်ပြန်ခြင်း**

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ရလဒ်များအပေါ် အခြေခံ၍ အသေးစိတ်ဆန်းစစ်လေ့လာမှုများပြုလုပ်ခဲ့ပြီး အောက်ပါသုတေသနစာတမ်းများ၊ အစီရင်ခံစာများကို ထုတ်ပြန်နိုင်ခဲ့ပါသည်–

| | ထုတ်ပြန်သည့်စာတမ်းအမည် | ထုတ်ပြန်သည့်ခုနှစ် |
|---|---|---|
| (က) | မွေးဖွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်း | ၂၀၁၆ |
| ( ခ) | သေဆုံးခြင်း | ၂၀၁၆ |
| ( ဂ) | ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်း | ၂၀၁၆ |
| (ဃ) | လူဦးရေပြောင်းလဲခြင်း | ၂၀၁၆ |
| ( င) | ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း | ၂၀၁၇ |
| ( စ) | ပညာရေးအကြောင်းအရာ | ၂၀၁၇ |
| (ဆ) | လုပ်သားအင်အားအကြောင်းအရာ | ၂၀၁၇ |
| ( ဇ) | အိမ်အကြောင်းအရာနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ | ၂၀၁၇ |
| ( ဈ) | ကျား/ မ အလိုက် ခွဲခြားလေ့လာခြင်း | ၂၀၁၇ |
| (ည) | မသန်စွမ်းမှုအကြောင်းအရာ | ၂၀၁၇ |
| ( ဋ) | သက်ကြီးရွယ်အိုအကြောင်းအရာ | ၂၀၁၇ |
| ( ဌ) | ကလေးသူငယ်နှင့်လူငယ်လူရွယ်အကြောင်းအရာ | ၂၀၁၇ |
| ( ဍ) | လူဦးရေခန့်မှန်းခြင်း | ၂၀၁၇ |
| ( ဎ) | သန်းခေါင်စာရင်းရလဒ်မြေပုံများ | ၂၀၁၇ |
| (ဏ) | သန်းခေါင်စာရင်းအနှစ်ချုပ် | ၂၀၁၇ |
| (တ) | Multidimensional Welfare in Myanmar Report | ၂၀၁၈ |
| (ထ) | ခရိုင်နှင့် မြို့နယ်အလိုက် ခန့်မှန်းလူဦးရေစာရင်း (၂၀၁၄–၂၀၃၁) | ၂၀၁၈ |
| ( ဒ) | Population Estimates (၁၉၈၃–၂၀၁၄) | ၂၀၁၉ |
| (ဓ) | ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ၏ အာဟာရအခြေအနေလေ့လာမှုစစ်တမ်း | ၂၀၂၀ |



၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေး ဆောင်ရွက်ပေးစဉ်။

**လေးနှစ်ကျော်ကာလအတွင်း လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတကာနှင့်အညီ ရင်ပေါင်တန်းဆောင်ရွက်နိုင်ရေးအတွက် နည်းပညာဆိုင်ရာများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများအား ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးခြင်းလုပ်ငန်းအား ထိထိရောက်ရောက်ဆောင်ရွက်ပေးခြင်း၊ ကောက်ယူထားသည့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်၍ အချက်အလက်အသုံးပြုသူများထံ အလွယ်တကူ ရယူအသုံးပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိ**

ပြည်တွင်း/ပြည်ပမှ သန်းခေါင်စာရင်း အချက်အလက်အသုံးပြုလိုသူများ လွယ်ကူစွာ အသုံးပြုနိုင်ရန်အတွက် သန်းခေါင်စာရင်းအစီရင်ခံစာများကို PDF Format ဖြင့်လည်းကောင်း၊ ဇယားများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ လူဦးရေစာရင်းများအား Excel Format ဖြင့်လည်းကောင်း၊ www.dop.gov.mm Website တွင် ၂၃–၈–၂၀၁၈ ရက်နေ့မှ စတင်လွှင့်တင်ခဲ့ပါသည်။ ထို့အပြင် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်များအားလုံးနှင့် မြို့နယ် ၃၁၅ မြို့နယ်တွင် သန်းခေါင်စာရင်းအချက်အလက် အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှရရှိလာသော အချက်အလက်များကို ပွင့်လင်းမြင်သာစွာဖြင့် မီဒီယာမျိုးစုံမှ ထုတ်ပြန်ခဲ့သဖြင့် Open Data Inventory 2017 Annual Report တွင် မြန်မာနိုင်ငံသည် အဆင့် (၈၁) တွင် ရပ်တည်နေပြီး အရှေ့တောင်အာရှတွင် အဆင့် (၅) ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

**၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်း**

မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ လက်ရှိနှင့်အနာဂတ် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံးမှန်ကန်စွာ ခန့်မှန်းနိုင်ရန်လိုအပ်ခြင်းနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် လွှမ်းခြုံကိုယ်စားပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် လိုအပ်နေသည့် အညွှန်းကိန်းများရရှိနိုင်ရေးကို အထောက်အပံ့ဖြစ်စေရန်၊ နိုင်ငံတကာတွင်အသုံးပြုနေကြသည့် စာရင်းအင်းဆိုင်ရာ ခေတ်မီနည်းစနစ်များကို စမ်းသပ်အသုံးပြုခြင်းဖြင့် ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် သန်းခေါင်စာရင်းအတွက် ကြိုတင်လေ့လာပြင်ဆင်ထားနိုင်ရန်တို့အတွက် ၂၀၁၉ ခုနှစ်၊ ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူခဲ့ပါသည်။

အချပ်ပို (စ) သို့ » »

## လူမှုဖူလုံရေးအဖွဲ့မှ COVID -19 ကာလအတွင်းဖြေလျှော့ပေးမှုများနှင့်ထောက်ပံ့ပေးနေမှုအခြေအနေများ

**ဖြေလျှော့ပေးမှုများ**

(က) ထည့်ဝင်ကြေးပေးသွင်းသည့်ကာလကို သက်ဆိုင်ရာလ ကုန်ဆုံးပြီးနောက် (၃) လ နောက်ဆုတ်ပေးသွင်းခွင့်ပြုခြင်း၊

(ခ) အလုပ်လက်မဲ့ကာလအတွင်း မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့်/ဆေးဖိုးနှင့် ခရီးစရိတ်များကို ၆ လမှ ၁ နှစ်အထိ ခံစားခွင့်ပြုခြင်း၊

(ဂ) ကိုယ်ဝန်ဆောင် အာမခံအလုပ်သမားများကို မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့် ၆၀ % ခွင့်ပြုခြင်း၊

(ဃ) Quarantine ဝင်ရသည့် အာမခံအလုပ်သမားများ မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့် ၆၀ % ခွင့်ပြုခြင်း၊

**ထောက်ပံ့မှုများ**

(က) COVID –19 1st Wave ကာလဧပြီလ ၂၀ ရက်နေ့မှမေလ ၁၅ ရက်အတွင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ အစစ်ဆေးခံရန်ခေတ္တပိတ်ထားသော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနပေါင်း ၆၄၂၉၊ အလုပ်သမားပေါင်း ၈၀၀၂၆၀ ဦးအတွက် ငွေကျပ်သန်း ၁၉၆၄၀.၆၃၆ ကိုခွင့်ပြုထုတ်ပေးခဲ့ပြီး ကျန်သောဌာနများကိုလည်း စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။

(ခ) COVID–19 2nd Wave ကာလရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁၉၆/၂၀၂၀ နှင့် ၁၉၈/၂၀၂၀ တို့အရ Stay at Home အစီအစဉ်တွင်အကျုံးဝင်သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများတွင်ရှိသော အလုပ်သမား ၈၆၃၉၀၀ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းအားခွင့်ပြုပေးရန် ငွေကျပ်သန်း ၆၀၁၄၆ ကျပ်သန်းလျာထားဆောင်ရွက်လျက်ရှိပါသည်။ လူမှုဖူလုံရေးထောက်ပံ့ငွေများ လျှောက်ထားရာတွင် Online Webportal နှင့် မြို့နယ်ရုံးခွဲမှတစ်ဆင့် လျှောက်ထားခြင်း၊ စုစုပေါင်း ၂၆၁၄ ဌာန လက်ခံရရှိခဲ့ပြီး ၁၅–၁၀–၂၀၂၀ နေ့အထိ လျှောက်ထားမှု အချက်အလက်ပြည့်စုံသည့်ဌာန ၁၁၂၃ ဌာနမှ အာမခံအလုပ်သမား ၁၅၅၈၂၂ ဦးအတွက် ခွင့်ပြုငွေ ကျပ်သန်း ၁၀၅၅၀.၀၃၂ အားခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။ ကျန်အလုပ်ဌာနများကိုလည်း ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပါသည်။

(ဂ) Stay at Home အဖြစ်သတ်မှတ်ထားသော ကျန်သည့် မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးများရှိ မြို့နယ် ၁၁ မြို့နယ်ရှိ အလုပ်ဌာန ၄၇၂၇ ဌာနရှိ အာမခံအလုပ်သမား ၁၀၂၃၅၉ ဦးအတွက် လူမှုဖူလုံရေး ထောက်ပံ့ငွေ ၄၀ ရာခိုင်နှုန်းအား ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါသည်။

**ဆေးကုသမှုဆောင်ရွက်မှုများ**

(က) PUI လူနာများအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်ဆေးရုံ၊ မန္တလေးအလုပ်သမားဆေးရုံများတွင် ICU နှစ်ခုတင်၊ Isolation ၁၈ ခုတင် စုစုပေါင်း ၂၀ ခုတင်စီ ပြင်ဆင်၍ ကုသမှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

(ခ) 1st Wave ကာလ ၁–၃–၂၀၂၀ ရက်နေ့မှ ၃၁–၇–၂၀၂၀ ရက်နေ့အထိ အတွင်းလူနာ ၁၈၅၉ ဦး၊ ပြင်ပလူနာ ၄၀၃၉၇၂ ဦးအားဆေးကုသမှုပေးနိုင်ခဲ့ပြီး 2nd Wave ကာလ ၁–၈–၂၀၂၀ ရက်နေ့မှ ၁၄–၁၀–၂၀၂၀ ရက်နေ့အထိ အတွင်းလူနာ ၉၃၈ ဦး၊ ပြင်ပလူနာ ၁၇၂၅၂၂ ဦးအားဆေးကုသမှုပေးနိုင်ခဲ့ပါသည်။

(ဂ) COVID–19 ကာလအတွင်း အာမခံအလုပ်သမားများ ၇၇၂ ဦးမှာ Positive လူနာရှိပြီး သက်ဆိုင်ရာကျန်းမာရေးဌာန၊ တိုင်းဒေသကြီး COVID ကော်မတီမှ သတ်မှတ်ထားသော ဆေးရုံများတွင် ဆေးကုသမှုခံယူလျက်ရှိပါသည်။

(ဃ) COVID–19 ကာလအတွင်း Quarantine ပြုလုပ်ခံရသည့် အာမခံအလုပ်သမား ၈၀၅၇ ဦး၊ ဆေးသက်သေခံ လက်မှတ်ထုတ်ပြီးသူ ၁၆၈၈ ဦး၊ မကျန်းမာမှုငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းထုတ်ပြီးသူ အာမခံအလုပ်သမား ၄၉၉ ဦးအတွက်ငွေကျပ် ၄၅ ဒသမ ၃၉၅ သန်းကို ခွင့်ပြုထုတ်ပေးပြီးဖြစ်ပါသည်။

(င) COVID–19 ကာလအတွင်း အာမခံအလုပ်သမား ကိုယ်ဝန်ဆောင်မိခင် ၉၈၈၂ ဦး၊ မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်း ထုတ်ပြီးသူ ၃၃၉၅ ဦးအတွက် ၅၀၁ ဒသမ ၀၈၅ သန်းကိုခွင့်ပြုထုတ်ပေးပြီးဖြစ်ပါသည်။

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀၁၆-၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြုမှတ်တိုင်များ

## ပင်စင်ဦးစီးဌာန

ပင်စင်ဦးစီးဌာန၏ ပင်စင်စနစ်ပြုပြင်ပြောင်းလဲမှုကို လက်ရှိမူဘောင်အတွင်း ပြောင်းလဲမှုများနှင့် စနစ်တစ်ခုလုံးပြောင်းလဲမှုဟူ၍ တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံ့ဝန်ထမ်းပင်စင်စနစ်သည် နိုင်ငံတော်ဘတ်ဂျက်မှ တာဝန်ယူကျခံသည့်စနစ်ဖြစ်၍ ပင်စင်စားအင်အား နှစ်စဉ်တိုးတက်လာသည့်အပြင် ပင်စင်စားများ၏ မျှော်မှန်းသက်တမ်းတိုးမြင့်လာခြင်းတို့ကြောင့် ပင်စင်အသုံးစရိတ် ပိုမိုသုံးစွဲနေရပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပင်စင်အသုံးစရိတ် စုစုပေါင်းကျပ်ဘီလီယံ ၁၁၁၆.၀၈၄ ဖြစ်ပြီး GDP ၏ ၁ ဒသမ ၀၅ ရာခိုင်နှုန်း၊ နိုင်ငံတော်ရငွေ၏ ၄ ဒသမ ၈၉ ရာခိုင်နှုန်း နှင့် နိုင်ငံတော်စုစုပေါင်းအသုံးစရိတ်၏ ၄ ဒသမ ၀၄ ရာခိုင်နှုန်းနီးပါးအထိ ရှိလာပြီဖြစ်၍ စုစုပေါင်း အခွန်ရငွေ၏ ၆ ပုံ ၁ ပုံ အား အသုံးပြုနေရပါသည်။

အဆိုပါ ပင်စင်အသုံးစရိတ် ပိုမိုသုံးစွဲနေရခြင်းကို လျော့ကျစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲနိုင်သည့် ရန်ပုံငွေစနစ် ဖြစ်ပေါ်လာစေရန် မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံ့ဝန်ထမ်းပင်စင်စနစ်အား အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ ရန်ပုံငွေကိုအခြေခံ၍ ခံစားခွင့်ပြုသည့်စနစ်သို့ ပြောင်းလဲနိုင်ရေးအတွက် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ (Central Provident Fund–CPF) အား ထူထောင်နိုင်ရန် ဥပဒေကြမ်းရေးဆွဲခဲ့ပြီး အဆိုပါ ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ၆-၈-၂၀၂၀ ရက်နေ့တွင် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးနိုင်ရန် ပေးပို့ထားပြီး ဖြစ်ပါသည်။

ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ အငြိမ်းစားအကျိုးခံစားခွင့်များကို အငြိမ်းစားယူသည့်လနှင့် တစ်ဆက်တည်းရရှိစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ပင်စင်ဦးစီးဌာနသည် ဦးစီးဌာနများမှ အငြိမ်းစားယူသောဝန်ထမ်းများ၏ ပင်စင်အကျိုးခံစားခွင့်များ ခံစားနိုင်ရေးအတွက် ပင်စင်ငွေပေးမိန့်များ ထုတ်ပြန်ပေးခြင်း၊ လုပ်ငန်းအဖွဲ့အစည်းများမှ အငြိမ်းစားယူသော ဝန်ထမ်းများအတွက် အစီရင်ခံစာများ ထုတ်ပြန်ခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိ ပင်စင်စနစ်အား Parametric Reform အဖြစ် စတင်အကောင်အထည်ဖော်ဆောင်နေပြီဖြစ်ရာ အကျိုးသက်ရောက်မှုများအဖြစ် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူကြသည့်အခါ အကျိုးခံစားခွင့်များ လျင်မြန်စွာရရှိရေးအတွက် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ် ပင်စင်ဦးစီးမှူးရုံးများကို ဖွင့်လှစ်ဆောင်ရွက်ပေးနေခြင်းကြောင့် အငြိမ်းစားယူသည့် ဝန်ထမ်းများအနေဖြင့် မိမိနေထိုင်ရာဒေသများတွင်ပင် အကျိုးခံစားခွင့်များ မြန်မြန်ဆန်ဆန်နှင့် ထုတ်ယူခွင့်ရရှိနေပြီ ဖြစ်ပါသည်။ ပြီးပြည့်စုံသည့် အမှုတွဲများကို လက်ခံရရှိသည့်နေ့မှ ငါးရက်အတွင်း အပြီးဆောင်ရွက်ပေးလျက်ရှိပါသည်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ၇-၃-၂၀၁၉ ရက်နေ့က ကျင်းပသည့် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေးကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ အငြိမ်းစားအကျိုးခံစားခွင့်များကို အငြိမ်းစားယူသည့်လနှင့် တစ်ဆက်တည်းရရှိစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဝန်ထမ်းနောင်ရေးဗဟိုရန်ပုံငွေ အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

လျော့ပေါ့ပင်စင်ခံစားခွင့်ပြုခြင်း၊ အထူးပင်စင်ခံစားခွင့်ပြုခြင်းတို့နှင့် ပတ်သက်၍ သက်ဆိုင်ရာ ဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းသည် ပင်စင်ဦးစီးဌာန၏ သဘောထားမှတ်ချက်ရယူပြီး ၎င်းသဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြ၍ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပင်စင်ခံစားခွင့်ပြုနိုင်ရေး ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါသည်။

ကွယ်လွန်သွားသည့် အငြိမ်းစားများအတွက် ထုတ်ပေးရန်ကျန်ရှိသော ပင်စင်လစာငွေနှင့်ပတ်သက်၍ ယခင်က မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ပင်စင်ဦးစီးဌာနသို့ လျှောက်ထားရာတွင် လစာကျန်ငွေပမာဏ ကျပ် ၂၅၀၀၀၀/- နှင့်အထက်အား ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ရာမှ ယခုအခါ ငွေပမာဏကျပ် ၁၀ သိန်းအထိအား ပင်စင်ဦးစီးဌာနမှ ခွင့်ပြုဆောင်ရွက်ပေးပြီး ကျပ် ၁၀ သိန်းအထက်ကျော်လွန်သည့် ကိစ္စရပ်များကိုသာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ခွင့်ပြုချက်ရယူရေးကို ဖြေလျှော့ဆောင်ရွက်ပေးခဲ့ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် အငြိမ်းစားလစာထုတ်ယူနေသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်လစာထုတ်ယူရာတွင် ပင်စင်စားများ အချိန်ကုန်လူပန်းသက်သာစေရန်နှင့် လွယ်ကူအဆင်ပြေစေရန် Mytel Pay, MPT Money, Wave Money, Myanmar Mobile Money (mmm), Easy Pay အစရှိသဖြင့် Mobile Money အသုံးပြုမှု တွင်ကျယ်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ အငြိမ်းစားမိဘပြည်သူများအား အသိပညာပေး ဆောင်ရွက်လျက်ရှိ**

မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် အငြိမ်းစားလစာ ထုတ်ယူနေသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ ပင်စင်လစာထုတ်ယူရာတွင် ပင်စင်စားများ အချိန်ကုန် လူပန်းသက်သာစေရန်နှင့် လွယ်ကူအဆင်ပြေစေရန် Mytel Pay, MPT Money, Wave Money, Myanmar Mobile Money (mmm), Easy Pay အစရှိသဖြင့် Mobile Money အသုံးပြုမှု တွင်ကျယ်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ အငြိမ်းစားမိဘပြည်သူများအား အသိပညာပေး ဆောင်ရွက်လျက်ရှိပါသည်။

ပင်စင်ဦးစီးဌာနသည် ၁-၄-၂၀၁၈ မတိုင်မီ အငြိမ်းစားလစာ ခံစားလျက်ရှိသည့် ပင်စင်စား ၄၂၂၅၆၃ ဦးအား တိုးမြှင့်ပင်စင်ခံစားခွင့်ရရှိရေးအတွက် ငွေပေးမိန့်ထုတ်ပြန်၍ မြန်မာ့စီးပွားရေးဘဏ်အသီးသီးသို့ ပေးပို့ဆောင်ရွက်လျက်ရှိရာ ရာခိုင်နှုန်းပြည့် ပေးပို့ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်များတွင် ပင်စင်လစာထုတ်ယူနေသော ပင်စင်စားများ၏ တိုးမြှင့်ပင်စင်လစာများအား မြန်မြန်ဆန်ဆန်ထုတ်ယူနိုင်ရေးနှင့် ပင်စင်စားများအားလုံး ထုတ်ယူခွင့်ရရှိရေးတို့အတွက် ပင်စင်ဦးစီးဌာနသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း (One Stop Service) ကို မြန်မာ့စီးပွားရေးဘဏ်များသို့ သွားရောက်၍ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပါသည်။ ပင်စင်ဦးစီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများနှင့် နီးစပ်သောဘဏ်များတွင် တိုးမြှင့်ပင်စင်လစာငွေထုတ်ယူနိုင်ရန် အခက်အခဲရှိနေသော ပင်စင်စားများကို အရာထမ်း တစ်ဦး၊ အမှုထမ်း နှစ်ဦးပါဝင်သောအဖွဲ့များမှ One Stop Service ဆောင်ရွက်နည်းဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။

အချပ်ပို (၉) သို့ »»

# မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ IBFT (Inter Bank Fund Transfer ) ဝန်ဆောင်မှု

» » အချပ်ပို (ဆ) မှ

နိုင်ငံတော်ပိုင် ဘဏ်များထဲတွင် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သည် MPU NEW IST Switch နှင့် ၂၂-၁-၂၀၁၉ ရက်နေ့တွင် ပထမဆုံးချိတ်ဆက်နိုင်ခဲ့ပြီး IBFT (Inter Bank Fund Transfer ) ဝန်ဆောင်မှုကို ၄-၉-၂၀၂၀ ရက်နေ့မှ စတင်၍ နိုင်ငံတော်ပိုင်ဘဏ်များထဲတွင် ပထမဆုံး အသုံးပြုနိုင်ပြီးဖြစ်၍ MFTB ရှိ ATM များမှ IBFT ဝန်ဆောင်မှုရရှိသည့် အခြားဘဏ်၏ MPU Card များသို့ ငွေလွှဲပြောင်းခြင်းနှင့် IBFT ဝန်ဆောင်မှုရရှိသည့် ဘဏ်များ၏ ATM များမှ MFTB ၏ MPU Card များသို့ ငွေလွှဲပြောင်းခြင်း ဝန်ဆောင်မှုကို ရယူနိုင်ပြီဖြစ်ပါသည်။ COVID–19ကူးစက်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း MPU Card အသုံးပြုသည့် ပြည်သူများအနေဖြင့် ဘဏ်သို့ သွားရောက်ရန်မလိုဘဲ MPU Car d များဖြင့် ငွေလွှဲဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

မြန်မာ့နိုင်ငံခြား
ကုန်သွယ်မှုဘဏ်ကို တွေ့ရစဉ်။

